
www.burmeseclassic.com

ကိုငြိမ်းဦး



# နှလုံးအိမ်ကိုဖွင့်တဲ့
# အချစ်သော့ကလေး

www.burmeseclassic.com

www.burmeseclassic.com

# ဆိုင်းငြိမ်းမိုး

# နှလုံးအိမ်ကိုဖွင့်တဲ့ အချစ်သော့ကလေး

တော်ဝင်မြို့မစာအုပ်တိုက်

အမှတ်(၈၈)၊ ဒုထပ်(ယာ)၊ ၃၈-လမ်း၊

ဖုန်း - ၂၄၅၂၈၄၊ ၃၇၉၄၈၇

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

ကိုငြိမ်းဦး၏ စာအုပ်အမှတ်စဉ် ( ၂၁ )

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၆၆၀၆၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၉၁၀၉၀၇၀၉

| | | |
|---|---|---|
| အုပ်ချုပ်နိုင် | - | ဟိန်းမင်းဇော် |
| ထုတ်ဝေသူ | - | ဦးလှိုင်ဝင်းနိုး (မြဲ - ၀၃၉၀၀) |
| | | ၈၈၊ ၃ထပ်(ယာ)၊ ၃၇လမ်း၊ ကျောက်တံတား။ |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - | ဦးဝင်းကျော်ထွန်း (မုံရွာပုံနှိပ်တိုက်) |
| | | (၁၀-ခ)၊ သံလွင်လမ်း၊ ဗဟန်း။ |
| အတွင်းဖလင် | - | ကိုဦးနှင့် ညီများ |
| စာအုပ်ချုပ် | - | ဝင်းယ |
| ပုံနှိပ်ခြင်း | - | ပထမအကြိမ် |
| | | ၂၀၀၉ ခုနှစ် စက်တင်ဘာလ။ |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |

၈၉၅.၈၃

ငြိမ်းဦး ၊ ကို

နှလုံးအိမ်ကိုဖွင့်တဲ့အချစ်သော့ကလေး / ကိုငြိမ်းဦး ။ - ရန်ကုန်၊ တော်ဝင်မြို့မစာအုပ်တိုက် ၊ ၂၀၀၉ ။

၁၇၀ - စာ၊ ၁၃ စင်တီမီတာ × ၂၀.၅ စင်တီမီတာ။

(၁) နှလုံးအိမ်ကိုဖွင့်တဲ့အချစ်သော့ကလေး



## (၁)

အချိန်ကတော့ ညဆယ့်နှစ်နာရီ ရှိနေပါပြီ။ ကျွန်တော်နဲ့ မင်းခေါင်ဟာ လမ်းမအတိုင်း မယောင်မလည်နဲ့ လျှောက်လာပြီး တိုက်ခန်းတွေရှေ့မှာ ရပ်ထားတဲ့ ကားတွေရှေ့ကျ ပြိုင်တူ ရပ်လိုက်ကြပါတယ်။ မင်းခေါင်က စီးကရက်တစ်လိပ်ထုတ်ပြီး ကျွန်တော့်ကို လှမ်းပေးတယ်။ ကျွန်တော် ခေါင်းခါပြလိုက်တော့ သူက . . .

"ကဲ . . အချိန်ရှိတုန်း တို့နှစ်ယောက် ပြိုင်လိုက်ရအောင်"

ခပ်ဝါးဝါးအလင်းရောင်အောက်မှာ ကျွန်တော် မခိုးမခန့် ပြုံးလိုက်မိပါတယ်။ ဒီကောင်မို့ ကျွန်တော့်လို သော့ဝိဇ္ဇာ တစ်ယောက်ကို စိန်လာခေါ်တယ်။ ကျွန်တော်ဆိုတဲ့ကောင်က သော့နဲ့ ပတ်သက်လာရင် ဘယ်သော့ကိုမှ ကြောက်တဲ့ကောင် မဟုတ်ဘူး။ အဘိုးက သော့ဝိဇ္ဇာ ဦးတင်မောင်၊ အဖေက သော့ဝိဇ္ဇာ ဦးမြင့်ထွန်း။ ကျွန်တော်က သော့ဝိဇ္ဇာ ရာဇာ၊ မျိုးနဲ့ရိုးနဲ့ကို သော့တွေ ပြင်လာတဲ့ကောင်။ ဒါကိုများ ဒီကောင်က သူမို့ မကြောက်မရွံ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လိုကောင်နဲ့ လာပြိုင်ချင်တယ်။

တကယ်ကတော့ ဒီကောင် မင်းခေါင်က ကျွန်တော့်ခွင်နဲ့ မတူဘူး။ ဒီကောင်က ဆင်ခြေဖုံးက သော့ပြင်သမား။ ကျွန်တော်က မြို့လယ်က သော့ဝိဇ္ဇာ။ ပြီးတော့ ကျွန်တော်က စည်းကမ်းရှိတယ်။ တရားဥပဒေနဲ့ မလွတ်ကင်းတဲ့ကိစ္စမှန်သမျှ ငွေဘယ်လောက်ရရ စိတ်မဝင်စားဘူး။ ဒီကောင်ကျတော့ ငွေရဖို့ဆို သူ့အဖေရဲ့ သေတ္တာ သူ ပြန်ဖွင့်တဲ့ကောင်။ ဘဏ္ဍာတိုက်ကိုတောင် စိတ်ကူးနေတဲ့ကောင်။

အမှန်က ဒီကောင်နဲ့ ကျွန်တော်က သူငယ်ချင်းလည်း မဟုတ်သလို တစ်ယောက်နဲ့တစ်ယောက်လည်း မသိကြဘူး။ အဲဒါ ကျွန်တော့် သူငယ်ချင်း ကြွက်နီက ဒီကောင်နဲ့ ဘယ်လိုက ဘယ်လို သိသွားကြတယ် မဆိုနိုင်ဘူး။ တစ်နေ့မှာ ကျွန်တော့်ဆိုင်ကို မင်းခေါင်ကိုခေါ်ပြီး ရောက်လာတယ်။

"ဟောကောင် ရာဇာ . . . ဒီကောင့်နာမည် မင်းခေါင်တဲ့ကွ . . . မင်းလိုပဲ ဒီကောင်လည်း သော့ကျွမ်းတယ်"

"သော့ကျွမ်းတော့ ဘာလုပ်ရမှာလဲ . . . ငါ့လုပ်ငန်းကို သူ့ တစ်ဝက်ခွဲပေးရမှာလား"

"ဟာ မဟုတ်ဘူးလေကွာ . . . တို့ကောင်တွေက ဘဝတူတွေ မဟုတ်လား . . . ဒီတော့ အပေါင်းအသင်းများတော့ ကောင်းတာပေါ့"

"အပေါင်းအသင်းများတိုင်း ကောင်းတာမဟုတ်ဘူး ကြွက်နီ . . . တို့လုပ်ငန်းက သမ္မာအာဇီဝပေမယ့် လူတွေက အမြင်သိပ်ကြည်လင်တာ မဟုတ်ဘူး . . . နောက်ပြီး ရဲတွေကလည်း ဖောက်ထွင်းမှု တစ်ခုဖြစ်တိုင်း ငါတို့ကို မျက်စိဒေါက်ထောက် ကြည့်နေတာ မဟုတ်လား . . . ပြီးတော့ ခဏ ခဏလည်း ခေါ်မေးသေးတယ်





မဟုတ်လား"

မင်းခေါင်ဆိုတဲ့ကောင်က ကျွန်တော် သူ့ကို သိပ်မကြည်လင်မှန်း သိသွားလို့ ပြုံးပါတယ်။

"အင်း . . . ရာဇာ . . . ရာဇာနဲ့ နာမည်တော့ အတော်ကြီးတဲ့ကောင်ပဲ. . . နာမည်ကြီးသလောက်လဲ စကားပြောအတော်ကြီးကျယ်တာပဲ . . . မှတ်ထား ရာဇာ . . . တောင်ဆိုတာမျိုးဟာ တစ်တောင်ထက် တစ်တောင်မြင့်ကြတာချည်းပဲ . . မင်းသိပ်တော့ ဘဝင်မြင့်မနေနဲ့"

"အေး . . . မှန်တယ် . . တောင်တွေဟာ တစ်တောင်ထက်တစ်တောင် မြင့်တာမှန်ပေမယ့် . . ဧဝရက်တောင်ထက် မြင့်တဲ့တောင် ဒီကမ္ဘာမှာ မရှိသေးဘူးကွ . . . မှတ်ထား"

"ဪ . . . ကြီးကျယ်လှချည်လား . . . ဒါဆို မင်းက ဧဝရက်တောင်ပေါ့ . . . ဟုတ်လား"

"အေး . . ."

သိတယ် မဟုတ်လား။ ကျွန်တော်ဆိုတဲ့ကောင်ကလည်း ပညာမာနနဲ့ မြောက်နေတဲ့ကောင်။ ကျွန်တော့်ဆီက အေးလို့ ဖြေလိုက်သံ ကြားတဲ့အခါ မင်းခေါင်က ရယ်ပါတယ်။

"မင်းကိုယ်မင်း သိပ်ဘဝင်မြင့်နေတယ် ထင်တယ် . . . ကောင်းပြီလေ ရာဇာ . . . မင်းနဲ့ငါ ဘယ်သူက ဧဝရက်တောင်ဆိုတာ သိရအောင် ပြိုင်မလား"

ကျွန်တော့်ဘဝမှာ ယှဉ်ပြိုင်ဘက်ရယ်လို့ အရင်က တစ်ယောက်မှ မရှိခဲ့ဖူးဘူး။ လာပြိုင်ဖို့ နေနေသာသာ ပညာချင်းတောင် ဆွေးနွေးဖို့ ရှိနေတဲ့ကောင်တွေ အများကြီး။ အခုတော့ ကြည့်စမ်း။ သော့ဝိဇ္ဇာမိုရ်တစ်ယောက်ကိုမှ လာစိမ်ခေါ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . ဒီနေ့ ဘာနေ့ပါလိမ့် ကွက်နီရေ . . . ပြက္ခဒိန်မှာ သေသေချာချာ မှတ်ထားလိုက်ကွာ . . ငါ့အတွက်တော့ ရယ်စရာ ပြက်လုံးကောင်းတစ်ခုကို ကြားလိုက်ရသလိုပဲ . . . အင်းလေ . . ပြိုင်ချင်တယ်ဆိုရင်တော့လည်း ပြိုင်ပေါ့ . . ဒါပေမယ့် ဒီအတိုင်းကြီး အလွတ်သဘောကြီးတော့ ငါ မပြိုင်နိုင်ဘူး . . ကြေးကလေးနဲ့ ပြိုင်ကြရအောင်"

"သိပ်ကောင်းတာပေါ့ကွာ . . . တို့ကောင်တွေ တစ်သိန်းကြေးလောက်နဲ့ ပြိုင်ကြရအောင် . . . ဘယ့်နှယ်လဲ ရာဇာ"

ကျွန်တော် အံ့ဩသွားပါတယ်။ ကျွန်တော်နဲ့ စ, သိခါစကောင် တစ်ကောင်က ကျွန်တော့်ကို ဒီလောက်ကြေးများများနဲ့ စိန်ခေါ်နေပါပြီ။ ဒါပေမယ့် ကျွန်တော်ဆိုတဲ့ကောင်က စိန်ခေါ်ရင် ဘွာမခတ်ဘူး။ ပဝါမကူ ရေမရှူဘူး။ တုံးဆိုတိုက် ကျားဆို ကိုက်။

"တစ်သိန်း နည်းတယ်ကွာ . . . နှစ်သိန်းကြေးလောက် ချရအောင်"

"နှစ်သိန်း ဟုတ်လား . . . အင်းလေ . . . ချကြတာပေါ့"

ဒုတိယအကြိမ်မြောက် ထပ်ပြီးတော့ ကျွန်တော် အံ့ဩသွားမိပါတယ်။ သည်ကောင် ဘယ်လိုကောင်ပါလိမ့်။ နှစ်သိန်းလောက် ပြောလိုက်ရင် မပြိုင်ဝံ့တော့ဘဲ လန့်သွားမယ် ထင်ထားခဲ့တာ။ ခုတော့ မလန့်တဲ့အပြင် ကျွန်တော့်စိန်ခေါ်ချက်ကိုတောင် လက်ခံလိုက်ပြီ။ ကျွန်တော် သွေးတွေဆူလာပါတယ်။ သော့ဝိဇ္ဇာ တစ်ယောက်ရဲ့မာနကို လှုပ်နှိုးလိုက်တဲ့ သွေးတွေပါ။

အဲဒီနောက်မှာတော့ ကျွန်တော်တို့နှစ်ယောက် ပြိုင်ကြဖို့ အသေးစိတ် တိုင်ပင်ကြပါတယ်။ ကွက်နီကတော့ ဒိုင်လူကြီး လုပ်မယ်ပေါ့။ မင်းခေါင်ရဲ့ဘက်မှာလည်း သူ့သူငယ်ချင်းတစ်ချို့





ပါလိမ့်မယ်။ ကျွန်တော့်ဘက်မှာလည်း ကျွန်တော့်သူငယ်ချင်း တစ်ချို့ ပါလိမ့်မယ်။

"သုံးခါ ပြိုင်မယ် သူငယ်ချင်း . . . ပထမတစ်ခါက ရိုးရိုးသော့ခလောက်တွေထဲက အသစ်စက်စက် အမျိုးအစားတူ သော့နှစ်လုံးကို တို့နှစ်ယောက်ပြိုင်တူ ဖွင့်ကြမယ် . . . အရင်ဖွင့်နိုင်တဲ့ကောင်က အနိုင် . . . ဒုတိယတစ်ခါကတော့ ကားတံခါးသော့ကို ပြိုင်မယ် . . . မင်း ကြိုက်တဲ့ကားရဲ့တံခါးကို ငါ့ကို ဖွင့်ခိုင်း . . ငါကလည်း ငါကြိုက်တဲ့ တံခါးရဲ့သော့ကို မင်းကို ဖွင့်ခိုင်းမယ်"

"ဟုတ်ပြီ . . . တတိယမြောက်ကရော"

"တတိယမြောက်ကတော့ မီးခံသေတ္တာ တစ်လုံးစီကို ပြိုင်ကြတာပေါ့"

"ဟော့ကောင် . . မင်းဥစ္စာ ရိုးမှရိုးရဲ့လား . . ရာဇဝတ်မှု"

"ဘာရာဇဝတ်မှုမှ မဟုတ်ဘူး . . အဲဒီအတွက် ငါ တာဝန်ယူတယ်"

ပြဿနာပါပဲ။ ကျွန်တော်က သော့ဝိဇ္ဇာတစ်ယောက်မို့ သော့မှန်သမျှကို ဖွင့်နိုင်၊ ပြင်နိုင်ဖို့ အတော်ကလေးကို လေ့လာထားပေမယ့် လူသိရှင်ကြား ဖြစ်သွားမယ့် ကိစ္စတွေကိုတော့ အတော်ကလေး ရှောင်ပါတယ်။ ဒီကိစ္စမျိုးမှာ အော်ကြက်ဖြစ်သွားရင် ကျွန်တော့်အတွက် မလွယ်ဘူး ဖြစ်သွားမယ်။ ရဲတွေကလည်း လုံခြုံရေးကိစ္စဆိုပြီး ငြိမ်နေမှာ မဟုတ်ဘူး။

သူဌေးအိမ် တစ်အိမ်က မီးခံသေတ္တာ တစ်လုံးဖွင့်ပြီး ငွေသို့မဟုတ် အဖိုးတန် ပစ္စည်းတစ်ခုခု ပျောက်တာ၊ ကုမ္ပဏီတစ်ခုက မီးခံသေတ္တာထဲက ငွေတွေ လျော့နည်းပျောက်ဆုံးနေတာတွေ အတွက် ကျွန်တော့်ကို မသင်္ကာလာနိုင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မီးခံသေတ္တာ ကိစ္စကိုတော့ ငါသိပ်ဘဝင်မကျဘူး . . . တော်ကြာ အော်ကြက်ဖြစ်သွားရင် မကောင်းဘူး"

"ဘာမှမဖြစ်ဘူး. . . ဘယ်သူမှ မသိစေရဘူး . . တို့နှစ်ကောင် ငါဦးလေးရဲ့ မီးခံသေတ္တာအရောင်းဆိုင်မှာ သွားပြိုင်ကြမယ်"

နောက်ဆုံးမှာတော့ သူ့အကြံပြုချက်ကို ကျွန်တော် လက်ခံလိုက်ရပါတော့တယ်။ အဲဒီအခါ ပထမဆုံးအနေနဲ့ ရိုးရိုးသော့ခလောက် အမျိုးအစားတွေထဲက အရည်အသွေးကောင်းကောင်း ဈေးကြီးကြီး သော့ခလောက် နှစ်လုံးကို ကျွန်တော်တို့ နှစ်ယောက် တစ်ယောက်တစ်လုံးစီယူပြီး ကျွန်တော့်ဆိုင်က တံခါးရွက်မှာ အရင် ခတ်ကြတယ်။ ပြီးမှ အချိန်မှတ် နာရီကို ရှေ့ထားပြီး ကျွန်တော့်တို့ နှစ်ယောက် ပြိုင်တူဖွင့်ကြတယ်။

သော့တွေက တစ်ရောင်တည်း၊ တစ်မျိုးတည်း။ ဖွင့်မယ့် ပစ္စည်းကိရိယာတန်ဆာပလာကျတော့ တစ်ယောက်နဲ့ တစ်ယောက် မတူဘူး။ မင်းခေါင်က အများအသုံးပြုလေ့ရှိတဲ့ သံကြိုးတစ်ချောင်းကိုသာ အသုံးပြုပြီး ကျွန်တော်ကတော့ ကြေးနန်းကြိုး တစ်ချောင်းကိုသာ အသုံးပြုပါတယ်။ ကျွန်တော်ကတော့ သည်လိုသော့မျိုးကို သိပ်အရေးလုပ်သူမဟုတ်တော့ ဖွင့်ချိန်တစ်မိနစ်ပဲ ကြာတယ်။ မင်းခေါင်ကတော့ ကျွန်တော့်ထက် ဆယ်စက္ကန့် ပိုကြာတယ်။ ဒါပေမယ့် အံ့သြစရာကောင်းတာက ဒီကောင်လည်း သော့ကို မပျက်မစီးစေဘဲ ကောင်းကောင်းဖွင့်နိုင်တယ်။

ဘာပဲဖြစ်ဖြစ် ကျွန်တော်နိုင်သွားလို့ ကျွန်တော့်အဖွဲ့သားတွေက လက်ခုပ်လက်ဝါးတီးပြီး အားပေးကြပါတယ်။

"ကောင်းပြီလေ . . . ပထမပြိုင်ပွဲမှာ မင်းနိုင်သွားတယ်





ဆိုတာ ငါဝန်ခံပါတယ် . . . ဒီတော့ တို့ကောင်တွေ ဒုတိယပြိုင်ပွဲ ပြိုင်ကြရအောင် . . ဒါပေမယ့် အခုလို နေ့လယ်နေ့ခင်းကြီး ကား တံခါးသော့တွေကို လိုက်ဖွင့်လို့ကတော့ ဘယ်လိုမှ မဖြစ်နိုင်လို့ ညကျမှ ပြိုင်ကြရအောင်"

"ကောင်းတယ် . . . အဲဒါ ကောင်းတယ်"

ကြွက်နီက ခေါင်းတညိတ်ညိတ်နဲ့ ဝင်ပြီး ထောက်ခံပါတယ်။ မင်းခေါင်က သူ့အစီအစဉ်ကို ဆက်ပြောပါတယ်။

"ည သန်းခေါင်လောက်ဆို လမ်းတွေပေါ်မှာ . . . လူအတော် ရှင်းနေလိမ့်မယ် . . . ပတ္တာရောင်လှည့်တဲ့ရဲနဲ့ လမ်းကင်း တစ်ချက်ပဲ တို့ဂရုစိုက်ရမယ် . . . ပြီးတော့ ငါဖွင့်ရမယ့် ကားကို မင်းက ရွေးပေးရမယ် . . . မင်းဖွင့်ရမယ့် ကားကိုလဲ ငါရွေးပေးမယ်"

"အိုကေ . . . စိန်လိုက်"

ဒီလိုနဲ့ပဲ ညရောက်တော့ ကျွန်တော်တို့နှစ်ယောက်လည်း အဖွဲ့သားတွေ စုံစုံညီညီနဲ့ အပြင်ထွက်ခဲ့တယ်။ ဖွင့်ရမယ့် ကားတွေ ရှေ့မှာ ဒီကောင်တွေ တရုံးရုံးလုပ်နေလို့မဖြစ်လို့ ကျွန်တော်တို့ နှစ်ယောက်ပဲ လမ်းတစ်လမ်းထဲ ချိုးဝင်ခဲ့တယ်။ ညဟာ တိတ်ဆိတ် နေပါပြီ။

"မင်းဖွင့်ရမယ့်ကားက ဟောဟိုက ကားအဖြူရောင်လေး ပဲ ဟေ့ကောင်"

မင်းခေါင်ညွှန်ပြရာကို ကျွန်တော်ကြည့်လိုက်တဲ့အခါ ခပ်လတ်လတ်ကား တစ်စီးကိုတွေ့ရတယ်။ ကားကလတ်ရင် သော့ကလည်း လတ်မှာပါပဲ။ ဒါပေမယ့် ကျွန်တော်ဆိုတဲ့ကောင်ကလည်း သိတယ် မဟုတ်လား။ သော့ဝိဇ္ဇာတစ်ယောက်ပဲဗျာ။ ဒီလို သော့မျိုး



www.burmeseclassic.com

www.burmeseclassic.com



လောက်တော့ အပျော့ပေါ့။

"ငါ ဖွင့်ရမယ့် ကားကိုလဲ မင်းပြပေးဦးလေ"

ဒီနားတဝိုက်မှာ ကားတွေ လေးငါးစီးယှဉ်ပြီး ရပ်ထားလို့ ကျွန်တော်လည်း မင်းခေါင်ဖွင့်ရမယ့်ကားကို ရှာပေးလိုက်တယ်။

"ဟိုကားကို မင်းဖွင့် . . . ပေ့ကောင်"

"အနီရောင်လား"

"အေး"

"အိုကေ . . . တို့တွေ စကြစို့ . . . အင်း . . . ခဏနေဦးကွ . . . ဒီကိစ္စမှာ အငြင်းပွားစရာ ဖြစ်နိုင်သေးတယ် . . ဒိုင်ကလည်း ပါ မလာဘူး . . . ဒီတော့ တို့တွေ တစ်ဆင့် မြှင့်လိုက်ရအောင် . . . ကားတံခါး ဖွင့်နိုင်ရုံနဲ့ မပြီးသေးဘူး . . ကားစက်ပါ ဆက်နှိုးရမယ် . . . ပြီးရင် ကားကို လမ်းမထိရောက်အောင် အရင်ဆုံး မောင်းနိုင်တဲ့ကောင် အနိုင်ပဲ"

"ဒုက္ခပဲ . . . အဲဒီလိုလုပ်ရင် ကားခိုးမှုနော် . . အပြစ်ကြီးသွားလိမ့်မယ်"

"အခုလို ကားတံခါးဖွင့်မှာကရော အပြစ်မကြီးလို့လား . . . အင်းလေ . . . မင်း ဘွာခတ်မယ်ဆိုရင်လဲ ခတ်နိုင်ပါတယ်"

ကျွန်တော် စိတ်ပျက်လက်ပျက်နဲ့ ခေါင်းကို ခါယမ်းလိုက်မိတယ်။ ဒီကိစ္စကို စ,ကတည်းက ကျွန်တော် သေသေချာချာ စဉ်းစားခဲ့ဖို့ ကောင်းတယ်။ အခုတော့ ကြည့်စမ်း။ ပြဿနာတက်မယ့် ကိစ္စကြီးဖြစ်နေပြီ။ ကျွန်တော် စဉ်းစားနေတာကို မင်းခေါင်က သရော်သလို လှမ်းကြည့်နေတော့ ကျွန်တော် ဒေါပွသွားတယ်။ အဲဒီအခါမှာ ကျွန်တော့်မှာ ဆင်ခြင်တုံတရား ဆိုတာ မရှိတော့ဘူး။

"ကိစ္စမရှိဘူး ပေ့ကောင် . . . စိန်လိုက် . . . ကဲ တို့တွေ





စကြရအောင်"

ကျွန်တော်တို့နှစ်ယောက်လည်း ဘေးပတ်ဝန်းကျင်ကို တစ်ချက် အကဲခတ်လိုက်ပြီး ကိုယ့်အတွက် သတ်မှတ်ပေးလိုက်တဲ့ ကားတွေအနား အသာကပ်သွားလိုက်ကြတယ်။ ပတ်ဝန်းကျင်တစ်ခုလုံး ပကတိ တိတ်ဆိတ်နေပါတယ်။ ကျွန်တော်လည်း အိတ်ကပ်ထဲက ဝက်အူလှည့်အသေးလေးနဲ့ ကြေးနန်းကြိုးကလေးကို ထုတ်လိုက်ပြီး ကားတံခါးသော့ကို ဖွင့်ဖို့ စတင် ကြိုးစားလိုက်မိပါတယ်။

စက္ကန့်တွေ ဘယ်လောက်တောင် ကြာသွားသလဲ မသိဘူး။ ကျွန်တော် ဖွင့်နေတဲ့ သော့ဟာ ထောက်ခနဲ အသံမြည်ပြီး ပွင့်သွားပါတော့တယ်။ မင်းခေါင်ကလည်း မဆိုးပါဘူး။ သူလည်း ကားတံခါးကို ဆွဲဖွင့်လိုက်တာတွေ့ရတယ်။ ဒါကြောင့်မို့ ကျွန်တော်လည်း အချိန် မဆွဲတော့ဘဲ ကားထဲဝင်ထိုင်ပြီး ကားသော့ကိုပါ ထပ်ဖွင့်ဖို့ ကြိုးစားရ ပြန်ပါတယ်။

ဒီအခါမှာလည်း ကျွန်တော်ပဲဗျာ။ ဟိုကောင့်ထက် ပိုပြီး မြန်သွားလို့ ကားကို စက်နှိုးပြီးတာနဲ့ လမ်းမဘက်ကို မောင်းထွက်လာနိုင်ခဲ့ပါတယ်။ လမ်းမရောက်တော့ ကျွန်တော့် သူငယ်ချင်းတွေက ဝမ်းသာအားရနဲ့ ကားနားကပ်လာပြီး ကျွန်တော့်ကို ချီးကျူးထောပနာ ပြုကြပါတယ်။

"ဘယ်ရမလဲကွာ . . . ရာဇာပဲ . . . မယှဉ်နိုင်ဘဲနဲ့ လာမယှဉ်နဲ့ . . ကဲ ပေ့ကောင် ရာဇာ . . မင်းနိုင်တဲ့အနေနဲ့ တို့ကောင်တွေ မြို့တစ်ပတ် ကားလျှောက်စီးရအောင် . . . ကားတံခါး ဖွင့်ပေးစမ်း"

အဲဒီနောက်မှာတော့ မထင်မှတ်တာ တစ်ခုက ဖြစ်လာပါတော့တယ်။ နောက်တံခါးကို ကျွန်တော် လှမ်းဖွင့်ပေးလိုက်တဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



ကြွက်နီ အပါအဝင် ကျွန်တော့် သူငယ်ချင်းသုံးယောက်ဟာ အလု အယက်ပဲ နောက်ခန်းကို တက်ထိုင်ကြပါတယ်။ အဲဒီအခါ မှာ နောက်က ထိုင်ခုံမှာ လူတစ်ယောက် အိပ်နေတာကို မသိကြလို့ အဲဒီလူပေါ် ထိုင်မိလိုက်ကြတယ်။

"ဟင် . . . ဘာလဲဟ . . . ဘာကြီးလဲ"

"ဟာ . . . လူကွ လူ"

ထိုင်ခုံပေါ်မှာ အိပ်ပျော်နေတဲ့ လူကလည်း နိုးလာပြီး ကျွန်တော့်ကို အူကြောင်ကြောင်နဲ့ လှမ်းမေးတယ်။

"ဆရာ့သူငယ်ချင်းတွေလား ဟင် . . . ဆောရီး ဆရာ ကျွန်တော် အိပ်ပျော်သွားတယ် . . . ဖယ် ဖယ် . . ကျွန်တော် မောင်းမယ် . . . ဟင်းဟင်း ဆရာ့ကောင်မလေးရော ပြန်သွားပြီ လား"

ဒီလို ဖြစ်ပါလိမ့်မယ်။ ဒီကားသမားရဲ့ဆရာက ကောင်မ လေး တစ်ယောက်နဲ့ တိုက်ပေါ်တက်သွားတာကို ဒီလူက ကားပေါ် မှာ အိပ်ပြီး စောင့်နေရတာနဲ့တူတယ်။ ကျွန်တော့်ကို သူ့ဆရာပဲ ထင်နေပုံရတယ်။

"ဟာ . . . ဟုတ်တယ် . . ဒါ ကျွန်တော့်သူငယ်ချင်းတွေပဲ . . . ခင်ဗျား အိပ်ချင်ဆက်အိပ်လေ . . . ရတယ် ရတယ် . . . ကျွန်တော်လည်း ဆင်းတော့မှာပါ . . . ဟဲ ဟဲ"

ကျွန်တော်လည်း ပြောပြောဆိုဆိုနဲ့ ကားပေါ်က ကမန်းက တမ်း ဆင်းပြေးရတာပေါ့။ အဲဒီနောက်မှာတော့ ကျွန်တော်တို့တစ် သိုက်ဟာ လမ်းကြိုလမ်းကြားထဲကို ဝင်ပြေးကြရတော့တာပေါ့။ ကားဆရာကလည်း အဖြစ်အပျက်ကို နားလည်သွားပုံရပြီး အသံ နက်ကြီးနဲ့ ကုန်းအော်ပါတော့တယ်။





"သူခိုးတို့ သူခိုး . . . ကားသူခိုး ကားသူခိုး"

မင်းခေါင်ကတော့ ဘယ်ရောက်လို့ ဘယ်ပေါက်နေပြီလဲ မသိဘူး။ ကျွန်တော်တို့အုပ်စု ပြေးသလို ဒီကောင့်သူငယ်ချင်းတွေ လည်း ပြေးကုန်ကြပြီ။ နောက်တစ်နေ့ကျတော့ ကျွန်တော်တို့တွေ ညက အဖြစ်အပျက်ကို ပြန်ပြောကြပြီး ရယ်ကြပါတယ်။

"နောက်ခန်းမှာ လူတစ်ယောက် အိပ်နေတာကိုတောင် မမြင်ဘူးလား ရာဇာရာ . . . တော်သေးတာပေါ့ . . အိပ်နေတဲ့ သူက ရိုးရိုးကားသမားတစ်ယောက် ဖြစ်နေလို့ . . . ရဲတစ်ယောက် သာဆို မင်း မလွယ်ဘူး . . ."

"ငါလည်း ကားသော့ကိုပဲ စိတ်ရောက်နေတာကွ . . . နောက်ခန်းကိုလည်း မကြည့်မိဘူး . . . နောက်ပြီး အဲဒီလို သူတစ် ယောက် ရှိနေမယ်လို့လည်း မထင်ဘူး"

"ဘာပဲဖြစ်ဖြစ် မင်းနိုင်လိုက်တာကိုတော့ ငါတို့ကျေနပ် တယ် . . . ဟိုကောင် မင်းခေါင် လုံးဝကျွတ်သွားမှာ သေချာတယ်"

"ဟော . . . ပြောရင်းဆိုရင်းက ဟိုကောင် ရောက်လာပြီ"

မင်းခေါင်က စပ်ဖြဲဖြဲနဲ့ ကျွန်တော့်ရှေ့မှာ ဝင်ထိုင်တယ်။

"မင်း မဆိုးပါဘူး . . . နိုင်တာ နှစ်ခါရှိပြီ . . ဒါပေမယ့် မီးခံသေတ္တာကို ဖွင့်ဖို့ဆိုတာ ပိုအရေးကြီးတယ်ကွနော် . . . မီးခံ သေတ္တာသော့ဆိုတာမျိုးက ရိုးရိုးသော့တစ်လုံး ဖွဲ့စည်း တည် ဆောက်ထားတာနဲ့ ဘာမှမဆိုင်ဘူး . . . လုံခြုံမှုအရှိဆုံး . . . စိတ် အချရဆုံး . . . တကယ်လို့ မင်းသာ မီးခံသေတ္တာသော့ကို ဖွင့်နိုင် မယ်ဆိုရင် မင်းကိုငါ အရှုံးပေးမယ် . . . ဆရာ တင်မယ် . . . ကဲ အချိန်ရှိခိုက် . . . နောက်ဆုံး ပြိုင်ပွဲအတွက် သွားကြရအောင်"

စ,မိမှတော့ အဆုံးထိ လျှောက်ရတော့မှာပေါ့။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လည်း မင်းခေါင်ရဲ့ဦးလေး မီးခံသေတ္တာအရောင်းဆိုင်ကို လိုက်သွားဖို့ ပြင်ဆင်ရပါတော့တယ်။ မီးခံသေတ္တာသော့ဆိုတာက မင်းခေါင်ပြောသလိုပဲ လုံခြုံမှု အရှိဆုံးဖြစ်အောင်၊ စိတ်အချရဆုံးဖြစ်အောင် စီမံထုတ်လုပ်ထားတာမို့ သာမန်သော့တစ်လုံးကိုဖွင့်တဲ့ ကိရိယာတွေနဲ့ အလုပ်မဖြစ်ပါဘူး။

ဒါကြောင့်မို့ ကျွန်တော့်ကိုယ်ပိုင် အထူးကိရိယာတွေ ယူလာခဲ့ရပါတယ်။ မင်းခေါင်ရဲ့ ဦးလေးဆိုင်ရောက်တော့ ကျွန်တော့်ကို သူ့ဦးလေးနဲ့ မိတ်ဆက်ပေးပါတယ်။

"ဒါ . . . ငါ့ဦးလေး ဦးသောင်းဒန်တဲ့ . . . မီးခံသေတ္တာနဲ့ ပတ်သက်ရင် အတော်ကလေးကို နှံ့နှံ့စပ်စပ်ရှိတယ် . . . ဦးလေး . . . ဒါ ကျွန်တော် ပြောပြောနေတဲ့ ရာဇာဆိုတဲ့ ကောင်ပဲ"

"သြော် . . . ရာဇာဆိုတာ မင်းကိုး . . . ငါ့တူကတော့ မင်း အကြောင်း ခဏ ခဏပြောလို့ နာမည်နဲ့တော့ ရင်းနှီးနေပြီ . . လုပ်ကွာ . . . မင်းအစွမ်းကို ကြည့်ရအောင် . . . မင်း မီးခံသေတ္တာကို ဖွင့်နိုင်ပြီဆိုရင်တော့ . . . တို့တွေ လက်တွဲလို့ရပြီကွ . . . ဟဲ ဟဲ . . ."

ကျွန်တော့်စိတ်ထဲမှာ မသင်္ကာသလို ဖြစ်လာတယ်။ သူနဲ့ ကျွန်တော် လက်တွဲရအောင် သူက ဘာမို့လဲ။ ဒီလူကြီးမှာ မဟုတ်တရုတ် စိတ်ကူးတစ်ခုခုများရှိနေသလား။ ကျွန်တော် သူ့ကို တစ်ချက် အကဲခတ်လိုက်မိပါတယ်။ အသားညိုညို ဂင်တိုတို၊ မျက်နှာမှာ အမာရွတ်ကြီးတစ်ခုလည်း ရှိတယ်။

"လာ . . . ရာဇာ . . . မင်းဖွင့်ရမှာက ဟောဒီ သေတ္တာမျိုးပဲ . . . အဲ . . . ဟောဒီသေတ္တာပဲ . . . ဒီသေတ္တာက သော့နဲ့လည်း ဖွင့်ရတယ် . . . နံပါတ်တွေနဲ့လည်း ဖွင့်ရတယ် . . .





လျှို့ဝှက်သင်္ကေတဂဏန်းကို အရင်စီရတယ် . . . ပြီးမှ သော့နဲ့ဖွင့်ရတယ် . . . ကဲ . . အချိန်ရှိခိုက် ကြိုးစားကြည့်စမ်းကွာ"

"မင်းခေါင်ကရော ဘယ်မီးခံသေတ္တာ ဖွင့်မှာလဲ"

ဦးသောင်းဒန်က ရယ်ပါတယ်။

"ဒီကောင်က ဘယ်မီးခံသေတ္တာမှ မဖွင့်တတ်ဘူးကွ . . . ဒါကြောင့် စကတည်းက ဒီကောင် ရှုံးနေပြီ . . . ဟား ဟား . . ကဲ . . လုပ် လုပ် . . . ရော့ မင်းတို့လောင်းထားတဲ့ ပိုက်ဆံ နှစ်သိန်း . . . မင်းခေါင် ရှုံးသွားလို့ သူ့ကိုယ်စား ဦးလေးက စိုက်ပေးတာ"

"ကျွန်တော် မယူဘူး . . . ဒီလိုမှန်းသိရင် အစကတည်းက ကျွန်တော် မပြိုင်ဘူး . . . ကျွန်တော် ပြန်တော့မယ်"

"ဟာ . . . ရာဇာကလဲကွာ . . . ဒီမီးခံသေတ္တာ ဖွင့်ပြီးမှ ပြန်ပါကွာ . . . မင်းအရည်အချင်းနဲ့ဆို ခဏကလေးနဲ့ ပွင့်သွားမှာပဲ . . . တကယ်လို့ မင်းသာ အဲဒီမီးခံသေတ္တာကို ဖွင့်နိုင်မယ်ဆိုရင် ငါ့ဦးလေးက မင်းကို ဘောက်ဆူးပါ ထပ်ဆုချဦးမယ်"

ကျွန်တော် မတ်တတ်ထ, ရပ်လိုက်ပါတယ်။

"ဒီမီးခံသေတ္တာထဲမှာ တရားဥပဒေနဲ့ မလွတ်ကင်းတဲ့ ဥစ္စာတစ်ခုခုများ ရှိနေသလား"

မင်းခေါင်နဲ့ သူ့ဦးလေး ဦးသောင်းဒန်ဟာ ကျွန်တော့်စကားကြောင့် ခွက်ထိုးခွက်လန် ရယ်ကြပါတယ်။ ဦးသောင်းဒန်ကတော့ ချက်ချင်းမျက်နှာပိုးသပ်ပြီး ပြန်ဖြေပါတယ်။

"အထင်မလွဲပါနဲ့ကွာ . . . မီးခံသေတ္တာက အသစ်စက်စက်ပါ . . . အထဲမှာ ဘာပစ္စည်းမှ ရှိမနေပါဘူး . . . ကဲ မင်းခေါင်ရေ . . . သူ စိတ်ကျေနပ်သွားအောင် မီးခံသေတ္တာကို ဖွင့်ပြလိုက်ပါ . . . အင်း . . . သူဖွင့်နေတဲ့အချိန်တော့ မင်း မျက်စိမှိတ်ထားဖို့



www.burmeseclassic.com

www.burmeseclassic.com



လိုလိမ့်မယ် . . . ရော . . . မင်းခေါင် . . . ဒီမှာသော့ . . . ဖွင့်တဲ့ သင်္ကေတ မင်းမှတ်မိတယ် မဟုတ်လား”

မင်းခေါင်က သူ့ဦးလေးထံမှ သော့ကိုယူပြီး မီးခံသေတ္တာကို ဖွင့်မလို့ လုပ်တဲ့အခါမှာတော့ ကျွန်တော်ကလည်း သူ့ကို ကျောပေးထားလိုက်မိပါတယ်။ ခဏကြာမှ ကျွန်တော်လည်း မီးခံသေတ္တာဘက်ကို ပြန်လှည့်လိုက်တယ်။ အဲဒီအခါမှာ မီးခံသေတ္တာက ပွင့်နေပါပြီ။ သူတို့ ပြောသလိုပဲ မီးခံသေတ္တာက အသစ်စက်စက်ဖြစ်ပြီးတော့ အထဲမှာလည်း ဘာမှရှိမနေပါဘူး။ ကျွန်တော်လည်း သူတို့ကို ခေါင်းတစ်ချက်ညိတ်ပြပြီး မီးခံသေတ္တာကို ပြန်ပြီး ကျောပေးလိုက်ပါတယ်။

သော့သမားတွေ ခေါင်းအစားရဆုံးသော့ဟာ မီးခံသေတ္တာသော့ပါ။ ရုပ်ရှင်တွေ၊ ဗီဒီယိုတွေထဲမှာ ကြည့်ဖူးကြတယ် မဟုတ်လား။ မီးခံသေတ္တာကို နည်းမျိုးစုံနဲ့ ဖွင့်ကြတာလေ။ တချို့က လွှန်နဲ့ဖောက်ကြတယ်။ တချို့က ကွန်ပျူတာဆော့ဖ်ဝဲ အကူအညီနဲ့ လျှို့ဝှက်သင်္ကေတဂဏန်းကို ဖော်ကြတယ်။ တချို့ကလည်း မီးခံသေတ္တာတံခါးမှာ ချိန်ကိုက်ဗုံးကိုကပ်ပြီး ဖောက်ခွဲ ဖွင့်ကြတယ်။

“ရပြီ ရာဇာ . . . လာဖွင့်တော့”

ကျွန်တော် မီးခံသေတ္တာဘက်ကို ပြန်လှည့်လိုက်တယ်။ မီးခံသေတ္တာက အသစ်စက်စက်၊ သံမဏိစပ် သတ္တုတစ်မျိုးနဲ့ လုပ်ထားတာ။ ပြီးတော့ ခေတ်မီတယ်၊ ဒီဇိုင်းလှတယ်၊ ဒီတော့ ဖွင့်ရခက်မှာတော့ သေချာတယ်။ လွှန်နဲ့ဖောက်ပြီး မီးခံသေတ္တာရဲ့ တံခါးရွက်ကို ဖြုတ်တဲ့နည်းကတော့ အလွယ်ဆုံးပါ။ ဒါပေမယ့် အဲဒါဆိုရင် မီးခံသေတ္တာ ပျက်စီးသွားလိမ့်မယ်။ ဖွင့်ထားမှန်းလည်း ချက်ချင်း သိနိုင်တယ်။ ကျွန်တော်လည်း ပါလာတဲ့ ပစ္စည်းတွေကို ကြမ်းပေါ်





ကို ညင်ညင်သာသာ သွန်ချလိုက်တယ်။ အဲဒီပစ္စည်းတွေထဲမှာ သော့ပုံစံအမျိုးမျိုး အချောင်းငါးဆယ်လောက်နဲ့ ဘယ်သော့ကိုမဆို ဖွင့်လို့ရတဲ့ မာစတာကီးတွေ၊ ပြီးတော့ ဝက်အူလှည့်၊ ပလာယာနဲ့ လွှန်အမျိုးမျိုး။ နောက်ဆုံး တစ်ခုကတော့ မင်းခေါင်တို့တူဝရီး အလွန်ပဲ စိတ်ဝင်စားလောက်တဲ့ ကိရိယာတစ်ခုပါ။

ဒါဟာ လျှို့ဝှက်သင်္ကေတတွေကို ဖော်နိုင်တဲ့ ကွန်ပျူတာဆော့ဖ်ဝဲသုံးကိရိယာပါ။ ကိုယ်သိချင်တဲ့ လျှို့ဝှက်နံပါတ်ကို ရဖို့ ဒီကိရိယာကို သုံးနိုင်ပါတယ်။ တကယ်က ကိန်းဂဏန်းတွေရဲ့ အကြောင်းကို သိရင် လျှို့ဝှက်နံပါတ်ကို ဖော်ထုတ်နိုင်ပါတယ်။ ဥပမာ လျှို့ဝှက်ဂဏန်းက သုံးလုံးတည်းဖြစ်ပြီး ဥပမာအားဖြင့် နှစ်သုံးခြောက်ဆိုတဲ့ သင်္ကေတကို သုံးထားတယ် ဆိုပါတော့ လုပ်ရမယ့်အလုပ်က သုညသုံးလုံးကနေ တစ်ခုချင်း ထားသွားကြည့် သုည သုည ကိုး။ ပြီးရင် သုညတစ် သုညကနေ တစ်ခုချင်း ထားသွားကြည့်၊ သုညတစ်ကိုးမှာမှ မပွင့်သေးရင် တစ်သုည သုညကနေ တက်သွားကြည့်။

ဒီလိုနည်းနဲ့ တစ်ထိပ်မှာ မရရင် နှစ်ထိပ်၊ နှစ်ထိပ်မှာမှ မရရင် သုံး။ ဒီလိုပဲ ဂဏန်းတွေကို တစ်ခုချင်း စိတ်ရှည်ရှည်နဲ့ ထားသွားနိုင်ပါတယ်။ ဒါပေမယ့် အဲဒီလို လုပ်နေတာဟာ အချိန်သိပ်ကြာလိမ့်မယ်။ ဒါကြောင့် အဲဒီပြဿနာကို ဖြေရှင်းဖို့ ကွန်ပျူတာဆော့ဖ်ဝဲကို အသုံးချလိုက်တာ။

ကျွန်တော့်ကိရိယာက ဂဏန်းတွေကို အလိုအလျောက် တက်သွားစေတဲ့နည်း ဖြစ်ပြီးတော့ ကျွန်တော်ကတော့ သင်္ကေတဂဏန်း အိမ်ကို ကိုင်ပြီး လှည့်ထားပေးရုံပဲ။ အဆင်ပြေတဲ့ နေရာရောက်ရင် အထဲက ဂျက်ပြုတ်သံ ကြားရလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . . မင်းက ကွန်ပျူတာလည်း ကျွမ်းတာကိုး"

"ဒီခေတ်မှာ ကွန်ပျူတာကိုမှ ကျွမ်းကျွမ်းကျင်ကျင် မသုံးနိုင်ရင် ဘာမှလုပ်စားလို့ မရဘူး"

"ကဲ . . . ဟုတ်ပါပြီကွာ . . လုပ် လုပ် . . . ဆက်လုပ်"

အဲဒီနောက်မှာတော့ မီးခံသေတ္တာကို ကျွန်တော် ဖွင့်ဖို့ ကြိုးစားတယ်။ ဒီမီးခံသေတ္တာဟာ ခေတ်ဗီမီးခံသေတ္တာဖြစ်တဲ့ အပြင် လုံခြုံမှုအဆင့် သတ်မှတ်ချက် ကြယ်ငါးလုံး ဖြစ်လို့ ကျွန်တော် အတော်ကလေးကို ကြိုးစားလိုက်ရပါတယ်။ ဒါကြောင့် တစ်နာရီ ကျော်ကျော်လောက်မှပဲ မီးခံသေတ္တာပွင့်သွားပါတယ်။

"မင်း သိပ်တော်တဲ့ကောင်ပဲ ရာဇာ . . . ငါတစ်သက်မှာ မင်းလိုကောင်မျိုး တစ်ခါမှ မတွေ့ဖူးဘူး"

"အေးကွာ. . . မင်းကတော့ သော့နဲ့ ပတ်သက်ရင် ပါရမီရှင်ပဲ"

ဦးသောင်းဒန်နဲ့ မင်းခေါင်က ကျွန်တော့်ကို ချီးကျူးတယ်။ ပြီးတော့ သူတို့ကတိအတိုင်းပဲ ကျွန်တော့်ကို လောင်းကြေးငွေ နှစ်သိန်းအပြင် ဘောက်ဆူးပါ ငါးသောင်းထပ်ပေးသေးတယ်။ ရယ်စရာတော့ ကောင်းတယ်ဗျ။ ဘာမှမဟုတ်တာလေးအတွက် ငွေ ဒီလောက်တောင်ရတာ။ ကျွန်တော့်သော့ဆိုင်က ဝင်ငွေက တစ်ရက် တစ်ရက် သိပ်ရတာ မဟုတ်ဘူး။

ဦးသောင်းဒန်ရဲ့ ဆိုင်ကပြန်မှပဲ ကျွန်တော့်စိတ်ထဲက သံသယကို ဆက်တွေးမိပြန်တယ်။ ဒီကိစ္စဟာ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား။



(၂)

ကျွန်တော့်မှာ မိဘတွေ မရှိတော့ပါဘူး။ ဒါပေမယ့် တစ်ဦးတည်းသော ညီမလေးရွှေစင်တော့ ရှိပါတယ်။ ရွှေစင်က ဆေးတက္ကသိုလ် ကျောင်းသူတစ်ယောက်ပါ။ မိဘတွေမရှိတော့တဲ့ အချိန်ကစပြီး ကျွန်တော်ကပဲ အဖေ၊ ကျွန်တော်ကပဲ အမေလုပ်ပြီး ညီမလေးရွှေစင်ကို စောင့်ရှောက်ခဲ့ပါတယ်။ သော့ပညာမှာ ကျွန်တော်ဟာ ထူးချွန်ပေမယ့် ကျောင်းပညာမှာတော့ ကျွန်တော်ဟာ အတော်ကလေးကို ညံ့ဖျင်းပါတယ်။ ဆယ်တန်းစာမေးပွဲကို လေးခါဖြေလို့ အောင်လာပြီး အဝေးသင်တက္ကသိုလ်မှာ စာမေးပွဲတွေ ကျပြန်ရော။ အဲဒီနောက် ပညာရေးကို လုံးဝစွန့်လွှတ်လိုက်ပါတော့တယ်။

ဒါပေမယ့် ညီမလေးရွှေစင်ကတော့ ပညာအတော်ကလေးကို ထူးချွန်တယ်။ အတန်းတိုင်းမှာလည်း ပထမရတယ်။ ဆုတွေလည်း ခဏ ခဏတက်ယူရတယ်။ ဆယ်တန်းမှာလည်း ဂုဏ်ထူး ငါးဘာသာထွက်ပြီး ဆေးတက္ကသိုလ်တက်ခွင့်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပထမတုန်းကတော့ ညီမလေးရွှေစင်ဟာ ကျွန်တော့်စီးပွားရေးနဲ့ ကျွန်တော်တတ်ထားတဲ့ပညာကို မဝေဖန်ပါဘူး။ သူ ဆေးတက္ကသိုလ်တက်ပြီး နှစ်နှစ်လောက်အကြာမှာတော့ ကျွန်တော့်ကို စ,ဝေဖန်ပါတော့တယ်။

"ကိုကို့ အလုပ်ကြီးက မမိုက်ပါဘူး ကိုကိုရာ . . . တခြားစီးပွားရေး ပြောင်းလုပ်ပါလားဟင်"

"ဟင် . . . ဘာဖြစ်လို့လဲ ညီမလေး . . . ကိုကို့ အလုပ်ကသမ္မာအာဇီဝ မဟုတ်လို့လား . . . ကမ္ဘာ့အရပ်ရပ်က ထုတ်လုပ်တဲ့အကောင်းဆုံးသော့တွေကို ရောင်းတယ် . . . သော့ပျက်သွားလို့ သော့ပျောက်သွားလို့ အခက်အခဲဖြစ်နေတဲ့သူတွေအတွက် သော့ပြင်ပေးတယ် . . . အဲဒီတော့ ပြင်ခရတယ် . . ကိုကိုတို့မှာ ကားမရှိပေမယ့် ကိုယ်ပိုင်အိမ်မရှိပေမယ့် စားဝတ်နေရေး ပြေလည်နေတာပဲ . . နောက်ပြီး ညီမလေးကိုလည်း ကျောင်းထားပေးနိုင်တယ်လေ"

"ဟင့်အင်း ကိုကို . . . လူတွေကတော့ ကိုကို့ ရိုးသားမှု . . . ကိုကို့ ကိုယ်ကျင့်တရားကို သိကြတာ မဟုတ်ဘူး . . . သော့ပြင်တဲ့လူဆို အထင်ကြီးတာ မဟုတ်ဘူး . . . ညီမလေး သူငယ်ချင်းတွေက ကိုကို့ စီးပွားရေးအကြောင်းမေးရင် ညီမလေး လျှောက်ဖြီးထားရတယ် . . . ကုန်သည်တစ်ယောက်ပါလို့"

ကျွန်တော် စိတ်မဆိုးရက်ဘဲ ပြုံးလိုက်မိပါတယ်။ ညီမလေးဘက်ကကြည့်ရင် မှန်ပါတယ်။ သူ့မရဲ့ ပတ်ဝန်းကျင်က ဂုဏ်သရေရှိ သူငယ်ချင်းတွေကြားမှာ ကျွန်တော့်ကြောင့် သိမ်ငယ်နေရတာမျိုး ကျွန်တော်မလိုချင်ပါဘူး။ ဒါကြောင့်မို့ ကျွန်တော်လည်း ညီမလေးပြောသလိုပဲ စီးပွားရေးတစ်ခုခု ပြောင်းလုပ်ဖို့ စဉ်းစားရပါတော့တယ်။ ဒါပေမယ့် ပညာကလဲ ကောင်းကောင်းမတတ်။ ရင်းနှီး





လုပ်ကိုင် စားသောက်ဖို့ကလည်း သိပ်မရှိဆိုတော့ နောက်ဆုံးမှာ ဒီအလုပ်သာ ဆက်လုပ်ရမယ့်ကိန်း ဆိုက်နေပါတယ်။

"ဘာ ကုန်သည်လဲလို့ ဆက်မေးရင် သော့ကုန်သည်လို့ ညီမလေး ဖြေလိုက်ပေါ့ . . . ဟဲ ဟဲ"

"သော့ကုန်သည် . . . ဟုတ်လား ကိုကို . . . ဟင်းဟင်း ရယ်ရတယ် . . . ဒါနဲ့ ကိုကို ဒီလကုန်လောက်ဆို ညီမလေး သူငယ်ချင်းတွေနဲ့ စုပြီး အဆောင်မှာ နေချင်တယ်"

"ကောင်းသားပဲ . . . ညီမလေးရ . . . သူငယ်ချင်းတွေနဲ့ဆို ညီမလေးလဲ ပျင်းမှာ မဟုတ်ဘူး . . . စာလဲ ပိုလုပ်ဖြစ်မှာ . . ကောင်းတယ် ကောင်းတယ် . . . နေ"

အဲဒီနောက်ပိုင်းမှာ ရွှေစင်ဟာ ပြင်ပဆောင်တစ်ခုမှာ သူ့သူငယ်ချင်းတွေနဲ့ အဆောင်သွားနေပါတယ်။ ကျွန်တော့်ဆီကိုတော့ အတော်ကလေးကို အရောက်အပေါက်နည်းသွားပြီး သူ့မှာ ပိုက်ဆံပြတ်တဲ့အခါမျိုးတွေမှာ ကျွန်တော့်ဆီ ဖုန်းလှမ်း လှမ်းဆက်လေ့ရှိပါတယ်။

ဒီနေ့လဲ ညီမလေးရွှေစင်က ကျွန်တော့်ဆီ ဖုန်းဆက်ပြီး ပိုက်ဆံတောင်းရင်းနဲ့ စာအုပ်တစ်အုပ်ကိုပါ ဝယ်ပေးဖို့ ပြောပါတယ်။ ဆေးကျောင်းသူတစ်ယောက်နဲ့ဆိုင်တဲ့ ဆေးစာအုပ်။ စာအုပ်က အတော်ကလေးရှားလို့ နောက်ဆုံးမှာတော့ သုံးဆယ့် ရှစ်လမ်းထဲက အေဝမ်းစာအုပ်ဆိုင်မှာပဲ သွားရှာရပါတယ်။ အဲဒီဆိုင်ကတော့ စာအုပ်အတော်စုံလို့ ညီမလေး လိုချင်တဲ့ စာအုပ်ကို အလွယ်တကူပဲ ရခဲ့ပါတယ်။ ပြီးတာနဲ့ မြို့ထဲမှာပဲ ထမင်းစားပြီး ကန်တော်ကလေးက ကျွန်တော့်တိုက်ခန်းကို ပြန်ဖို့ တက္ကစီနဲ့ ထွက်ခဲ့တယ်။

ကျွန်တော့်တိုက်ခန်းက ခြောက်လွှာမှာ။ ကျွန်တော်လည်း



www.burmeseclassic.com

www.burmeseclassic.com



တက္ကစီရပ်တာနဲ့ ဆေးပညာစာအုပ်ကြီး ကိုင်ပြီး အောက်ကိုဆင်းလိုက်တယ်။ အဲဒီအခါမှာ ကျွန်တော့်ရှေ့က ကားတစ်စီးရဲ့ ပြဿနာကို တွေ့လိုက်ရပါတယ်။ သိပ်ကိုလှတဲ့ ကောင်မလေး တစ်ယောက်ဟာ ကားတံခါးကို ဆောင့်ဆောင့်ဖွင့်နေတဲ့အပြင် ကားတံခါးက မပွင့်တဲ့အခါ စိတ်ပျက်လက်ပျက်နဲ့ ကားတံခါးကို ပုတ်ပုတ်ပစ်နေပါတယ်။ ချက်ချင်းပဲ ကျွန်တော် သူမဘေးကို ရောက်သွားပါတယ်။

"အဲဒီလောက် တံခါးကို ပုတ်နေရင် တံခါးပျက်သွားလိမ့်မယ် . . . ဒါနဲ့ ဒါ ခင်ဗျားကားမို့လား"

"အို . . . ကိုယ့်ကားမို့ ကိုယ်လုပ်နေတာပေါ့ . . . ဒီမှာအထဲမှာ သော့ကျန်ခဲ့လို့ စိတ်ညစ်နေရတဲ့အထဲ"

"သော့ကျန်ခဲ့တယ် ဟုတ်လား . . . အင်း . . . ကားတစ်ကားလုံးပိုင်ပြီး သော့ကလေးတစ်ချောင်းတောင် ကောင်းကောင်း မထိန်းသိမ်းနိုင်ရင်တော့ ဒီလိုပဲ ဖြစ်နေဦးမှာပဲ . . . ကဲ . . . ဟုတ်ပါပြီ . . . တို့ဘာကူညီရမလဲ"

"ဟိုလေ . . . ကားမှန်တွေကလည်း ချထားတော့ သော့ကိုမြင်နေရပေမယ့် ယူလို့ မရဘူးဖြစ်နေတယ် . . . အဲဒါ သူ ယူပေးနိုင်မလားဟင်"

ကျွန်တော် ပြုံးလိုက်မိပါတယ်။ သော့ဝိဇ္ဇာတစ်ယောက်ကို စိန်ခေါ်နေတဲ့ ပြဿနာပဲ။ ဒါပေမယ့် ကျွန်တော် ခေါင်းခါလိုက်မိပါတယ်။

"ဟင် . . . ဘာဖြစ်လို့လဲ . . . ရှင်မယူတတ်လို့လားဟင်"

"မဟုတ်ဘူး . . . သော့ကို ယူတတ်ပါတယ် . . . ဒါပေမယ့် ခင်ဗျားရဲ့ကားမှန်ကို အားနာလို့ ဗြော် . . . သော့ကို ယူဖို့လွယ်လွယ်လေးပါ . . . အုတ်ခဲတစ်လုံးယူပြီး ဟောဒီမှန်ချပ်ကို





ဟောဒီလို . . ဟောဒီလို"

"အို . . . မလုပ်နဲ့ မလုပ်နဲ့"

ပလက်ဖောင်းဘေးမှာ ကျနေတဲ့ အုတ်ခဲကျိုး တစ်ခုကို ကောက်ယူပြီး သူ့ကားမှန်ကို ထုမယ့် ပုံသဏ္ဌာန်မျိုးလုပ်လိုက်တဲ့အခါ ကောင်မလေးက မျက်လုံးပြူးပြီး ပျာပျာသလဲ တားပါတယ်။

"ရှင် ဘယ်လိုလူလဲ . . . ဒီကားမှန်က အော်ရီဂျင်နယ်ရှင့် . . . ဈေးလဲအရမ်းကြီးတယ် . . . ကိစ္စမရှိဘူး . . . ရှင် မလုပ်နိုင်ရင် ကျွန်မ သော့ပြင်တဲ့လူ ခေါ်လိုက်မယ်"

"အင်း . . . ခင်ဗျား ကံကောင်းပါတယ် . . . ကျွန်တော်က သော့ပြင်တဲ့လူပဲ"

"ရှင်"

ကောင်မလေးဟာ ကျွန်တော့်စကားကြောင့် အံ့ဩသွားပြီး ကျွန်တော့်လက်ထဲမှာ ကိုင်ထားတဲ့ ဆေးစာအုပ်ကြီးကို သေသေချာချာ ကြည့်တယ်။ ကျွန်တော်ကလည်း သပ်သပ်ရပ်ရပ် ဝတ်စားထားတော့ သူမ စိတ်ထဲမှာ ကျွန်တော့်အပေါ် မယုံဘူး ဖြစ်နေတယ်။

"ဟင် . . . ရှင် ဆေးကျောင်းသားပေါ့နော် . . . ဆေး(၁)ကလား . . . ဆေး(၂)ကလား . . . အဲဒီစာအုပ်က မေမီတို့ အိမ်မှာလဲရှိတယ် . . . ဟင်း ဟင်း . . . ဖေဖေက ဆေး(၁)ကကထိကလေ"

ကောင်မလေးရဲ့ မျက်နှာဟာ စောစောကထက် ပိုပြီး ဖော်ဖော်ရွေရွေ ရှိလာပါတယ်။ သူ့နာမည်က မေမီတဲ့။ ဘာပဲဖြစ်ဖြစ် နာမည်လေးနဲ့ လူနဲ့ သိပ်လိုက်ပါတယ်။ ဒီလို ကောင်မလေးနဲ့ ရည်းစားဖြစ်ခွင့် ရရင် သိပ်ကောင်းမှာပဲ။ ရုပ်ကလေးကလည်း



www.burmeseclassic.com

www.burmeseclassic.com



အရမ်းလှ၊ ပိုက်ဆံကလည်း အရမ်းချမ်းသာ။ ဒါပေမယ့် ကျွန်တော့်လို ဘာဘွဲ့ထူးဂုဏ်ထူးမှ မရှိ။ ဘာမှမပြည့်စုံတဲ့ကောင် တစ်ယောက်က သူမနဲ့ရည်းစားဖြစ်ဖို့ဆိုတာ အိပ်မက်လို ဖြစ်နေတယ်။ ကောင်မလေးကို ကျွန်တော့်ဘဝအမှန်ကိုပဲ ဖွင့်ပြောလိုက်ရမလား၊ ဒီအတိုင်းပဲ ဆက်မှိန်းနေလိုက်ရကောင်းမလား စဉ်းစားမိပါတယ်။

"ကဲ လုပ်ပါ အစ်ကို . . . မေမီ့ကားသော့ကိစ္စ လုပ်ပါဦး . . . တော်သေးတာပေါ့ အစ်ကိုနဲ့ တွေ့လို့ . . . မေမီ့ဖေဖေက ပါမောက္ခ ဒေါက်တာ ဦးကောင်းမြတ်လေ"

"ဪ . . . ညီမလေးက ဆရာ့သမီးကိုး"

ကျွန်တော့်နှုတ်က ရေလိုက်ငါးလိုက် စကားပြော ထွက်သွားပြီး ကျွန်တော့်ကိုယ်ကျွန်တော်လည်း ဆေးကျောင်းသားတစ်ယောက်အဖြစ် ခံယူလိုက်ပါတယ်။ ဟဲ ဟဲ အပျော်ပဲဗျာ။ ဒီကောင်မလေးကလဲ ခုမြင် ခုပျောက်၊ ကျွန်တော့်ကို မေ့သွားမှာပဲ။ ဒါကြောင့် ကျွန်တော်လည်း ကောင်မလေးကို ဆက်ဖြီးမိတယ်။

"အစ်ကို ဆေးတစ်ကပါ . . . ညီမလေးရဲ့ ဖေဖေနဲ့ ဆရာ၊ တပည့်ပါ . . . ညီမလေးကရော ဆေးကျောင်းကပဲလား"

"ဟင့်အင်း . . . မေမီက ကွန်ပျူတာ တက္ကသိုလ်တက်နေတာ"

"ကဲ ရော့ ရော့ . . . အစ်ကို့စာအုပ် ခဏယူထား . . . အစ်ကို ကားသော့ကို ကြည့်လိုက်ဦးမယ်"

ကျွန်တော်လည်း သူမရဲ့ ကားသော့ကို လေ့လာလိုက်တယ်ရပါတယ်။ ဒီလိုသော့မျိုးလောက်တော့ ရာဇာတို့က အပျော့ပါ။ သိတယ်မဟုတ်လား။ ကျွန်တော်လည်း ပိုက်ဆံအိတ်ထဲက သော့တံတစ်ချောင်းနဲ့ ကြေးနန်းကြိုးကလေးကို ဆွဲထုတ်ပြီး ကားသော့ကို





ဖွင့်ပါတော့တယ်။ ဆယ်မိနစ်လောက်ကြာတော့မှ ကားသော့က ပွင့်သွားတယ်။

"ဟယ် . . . တော်လိုက်တာ အစ်ကိုရယ် . . . အစ်ကိုက သော့ပြင်တဲ့ လူတွေထက်တောင် အများကြီး ပိုတော်တယ် . . . ကြည့်ပါဦး . . . သော့လဲ မပျက်စီးဘူး . . . တံခါးလဲ ဖွင့်လို့ရပြီ . . . ကျေးဇူးပဲနော် အစ်ကို"

ကောင်မလေးကား ထိုင်ခုံပေါ်မှာ ကျကျန်ခဲ့တဲ့ ကားသော့လေးကို ဆိုးဆိုးဆတ်ဆတ် ကောက်ယူပြီး ကားစက်နှိုးလိုက်တယ်။ ကျွန်တော်ကတော့ သူမကို စိတ်ဝင်တစားနဲ့ ကြည့်နေမိပါတယ်။ ကားစက်နှိုးသွားတဲ့အခါ လီဗာကို တစ်ချက်မှ ချောက်ပုတ်ပြီး ကျွန်တော့်ကို ပြုံးပြတယ်။

"သွားမယ်နော် အစ်ကို . . . ဪ . . . ကားသော့ဖွင့်တာ ကျွမ်းတယ်ဆိုပြီး ကားသော့တွေလဲ လျှောက်ဖွင့်မနေနဲ့ဦးနော် . . ဟင့် . . . ဟင့် . . . အလကား နောက်တာ"

ကားကိုလမ်းဘက် ခေါင်းချိုးရင်း ကျွန်တော့်ကို လက်ကလေး ပြတယ်။

"ဖေ့ဖေ့ကို အစ်ကို့အကြောင်းပြန်ပြောဖို့ အစ်ကို့နာမည်လေး တဆိတ်လောက်"

"ရာဇာ"

"ဪ ဟုတ်ကဲ့ . . . မေမီ သွားမယ်နော်"

ဖြူဖြူဖွေးဖွေး ရေဆေးငါးလေးအလား။ ကောင်မလေးရဲ့ အသွင်က လတ်လတ်ဆတ်ဆတ် ဖျတ်ဖျတ်လတ်လတ်၊ သူမရဲ့ ကားလေးထွက်သွားတာကို ကျွန်တော် မျက်စိတဆုံးလိုက်ကြည့်နေမိပါတယ်။ နောက်မှ ကျွန်တော့်တိုက်ခန်းရှိရာ ကိုတက်ခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အပေါ်ကိုရောက်တော့ ကြွက်နီက ပြန်ရောက်နေပြီ။

"မင်းဒီနေ့ နောက်ကျပါလားကွ . . . ဘာလဲ ဆိုင်မှာ ဝယ်သူတွေ ကျနေလို့လား"

"မဟုတ်ပါဘူးကွာ . . . ငါ့ညီမအတွက် စာအုပ်သွားရှာနေလို့ . . . အင်း . . . ပြီးတော့ ခရီးကြုံလို့ ကားသော့တစ်ခု ဖွင့်ပေးရသေးတယ် . . . ကားက ကောင်မလေးတစ်ယောက်ရဲ့ ကားကွ . . ကောင်မလေးက အရမ်းလှတယ် . . သူ့အမည်က မေမီတဲ့. . . သူ့အဖေက. . ."

"မင်းရောက်လာတာနဲ့ အတော်ပဲ. . ဟောဒီဟင်းအိုး တစ်ချက်ကြည့်ထားစမ်းကွာ . . . ငါ ရေသွားချိုးလိုက်ဦးမယ်"

"မင်းရေချိုးတာကြီးကို နောက်မှလုပ်ကွာ . . . အခု ငါပြောတာကို အရင်နားထောင်. . . အဲ့ဒီကောင်မလေးရဲ့အဖေက ဆေးတက္ကသိုလ်က. . ကထိက. . ."

"ငါ့တစ်ကိုယ်လုံး ချွေးတွေနဲ့ နံစော်နေတာပဲ . . ငါးညှီနံ့လည်း ထွက်နေတယ် . . . ပုစွန်ပုပ်နံ့လည်း ထွက်နေပြီ. . . အခု ချက်ချင်းရေချိုးမှဖြစ်လိမ့်မယ် . . . မင်းပြောမယ့်အကြောင်းက သိပ်အရေးမကြီးဘူး မဟုတ်လား"

ကြွက်နီက ပြောပြောဆိုဆိုနဲ့ ရေလဲပုဆိုး ကောက်ဝတ်ပြီး ရေချိုးခန်းဝင်သွားပါတယ်။ ဒီတော့မှ ကျွန်တော်လည်း အဝတ်အစားလဲရတယ်။ ကျွန်တော်တို့ တစ်အိမ်လုံးမှာ ပစ္စည်းပစ္စယမတွေ ရှုပ်ပွနေပါတယ်။ လူပျိုလူလွတ် ယောကျ်ားလေးနှစ်ယောက်တည်း နေတာဖြစ်လို့ တော်ရုံတန်ရုံ အမှိုက်တို့ စက္ကူစုတ်တို့ဆိုလည်း ဒီအတိုင်း ကြမ်းပေါ်ပစ်ချလိုက်တာပဲ။ လုံးဝမှမြင်မတော်တော့ဘူးဆိုမှ နှစ်ယောက်အတူ သိမ်းဆည်းရှင်းလင်းကြတယ်။ ဒါပေမယ့်





သိတဲ့အတိုင်းပဲ၊ ရှင်းလဲ ခဏပဲ။ ပြီးတော့ ပြန်ပွတာပဲ။

ကျွန်တော့် အိမ်ရဲ့အရှုပ်ပွဆုံးနေရာက ကျွန်တော့်စားပွဲပါပဲ၊ စားပွဲပေါ်မှာ ကွန်ပျူတာတစ်လုံးလည်းရှိသလို လျှပ်စစ်ပစ္စည်းပစ္စယတွေနဲ့တော့ အမျိုးမျိုးကလည်း ပြိုကျဲရှုပ်ပွနေတယ်။ ကျွန်တော်လည်း ရွှေစင့်အတွက် ဝယ်လာတဲ့စာအုပ်ဆို စားပွဲပေါ် ဖြစ်သလို လှမ်းတင်လိုက်တယ်။

"အင်း . . . ငါတို့အိမ်လဲ အိမ်ရှင်မတစ်ယောက်တော့ လိုနေပြီ . . . ကြွက်နီကြည့်ရတာလဲ ဒီတစ်ဆက် မိန်းမရဖို့ ဘယ်လိုမှ မဖြစ်နိုင်တော့ . . . ငါပဲရှာရတော့မယ်"

"အောင်မယ် . . . ငါဒီတစ်သက် မိန်းမ, မရတော့ဘူးဆိုတာ မင်းက အာမခံနိုင်လို့လားကွ"

ကြမ်းပြင်ပေးက အမှိုက်တွေကို ကြည့်ပြီး ကျွန်တော် တစ်ယောက်တည်း ပြောလိုက်တဲ့ စကားကို ရေချိုးခန်းက ထွက်လာတဲ့ ကြွက်နီက ကြားသွားပါတယ်။

"ဟုတ်တယ်လေကွာ . . . မင်းကြည့်ရတာ ဘယ်လိုမှ မိန်းမရမယ့် အခြေအနေမရှိဘူး . . . ဒါကြောင့်ငါပဲ မိန်းမယူဖို့ ကြိုးစားရတော့မယ်"

"ကြွက်နီက ဘာမှဆက်မပြောတော့ဘဲ ပွစိ ပွစိ လုပ်ပြီး ကျွန်တော်တို့နှစ်ယောက် ထမင်းစားဖို့ ပြင်ပါတယ်။ ဒီနောက်မှာတော့ ကျွန်တော်တို့နှစ်ယောက် ထမင်းစားရင်းနဲ့ စကားဆက်ပြောကြပါတယ်။ ဟင်းကတော့ ဖွယ်ဖွယ်ရာရာ သိပ်မရှိပေမယ့် ကြွက်နီရဲ့လက်ရာကကောင်းလို့ စားလို့မြိန်ပါတယ်။

"ငါစောစောက စကားကိုပြန်ဆက်ချင်တယ် ကြွက်နီ . . မင်းနားထောင်ဖို့သာ အဆင်သင့် ဖြစ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်သေးဘူးကွ . . . ဘာဖြစ်လို့လဲဆို မင်းပြောမယ့် စကားက ထမင်းဝိုင်းမှာထက်လက်ဖက်ရည်ဆိုင်မှာဆိုရင် ပိုသင့်တော်မလားလို့"

"ခွေးကောင် . . . လက်ဖက်ရည်ဆိုင်ရောက်တဲ့အထိ ငါ မနေနိုင်တော့ဘူးကွ . . . ဒီလိုကွ . . . ဒီလို"

ကျွန်တော် ဘယ်က စ,ပြောရမလဲ စဉ်းစားလိုက်မိပါတယ်၊ တကယ်တော့ ကျွန်တော့်လိုကောင်မျိုးအတွက် စောစောက မေမီဆိုတဲ့ ကောင်မလေးဟာ အလှမ်းဝေးလွန်းပါတယ်။ ကောင်မလေးက တိမ်တွေ ပေါ်မှာ၊ ကျွန်တော်က မြေပြင်မှာ။ အဲဒီလောက်မကွာခြားရင်တောင်မှ ကျွန်တော့်လို အညတြကောင်တစ်ကောင်အတွက် မျှော်လင့်ချက် သိပ်မရှိပါဘူး။ ဒါပေမယ့် ဘာဖြစ်လို့လဲမသိဘူး။ ကျွန်တော် ကောင်မလေးအကြောင်းကို အရမ်းပြောချင်နေတယ်။ သူ့အကြောင်း တွေးရတာ စိတ်ချမ်းသာတယ်။

"မိန်းမတွေကို မင်း ဘယ်လိုမြင်သလဲ ကြွက်နီ"

"ဟာ. . . ကြောင်လှချည်လား . . . မိန်းမတွေကို မိန်းမလို့ပဲ မြင်တာပေါ့ . . သူတို့ကို မိန်းမလို့မမြင်ဘဲ ယောကျ်ားလို့ မြင်ရမှာလား"

"ပြင်ပပုံသဏ္ဌာန်ကို ပြောတာမဟုတ်ဘူးကွ . . အတွင်းစိတ်သဘောကို ပြောတာ "

"အင်း . . . ခက်တာပဲ. . . မင်းကလည်း မေး . . ငါကလည်း မင်းမေးတာကိုဖြေဖို့ ရည်းစားလည်း တစ်ယောက်မှမရှိ . . . မိန်းမကလည်း မရဖူးဘူး . . . ဒါပေမယ့် မင်းမေးတာကို ငါ့ရဲ့မဟာဦးနှောက်က အကြီးအကျယ်စဉ်းစားပြီး ဖြေလိုက်မယ် . . ဒီလိုကွ ဟဲဟဲ. . . မိန်းမတွေရဲ့စိတ်ဟာ တို့ယောကျ်ားတွေနဲ့





လုံးဝမတူတာတော့ သေချာတယ်"

မဆိုးပါဘူး။ ဒီကောင့်အဖြေကို ကျွန်တော်ကျေနပ်သွားပါတယ်။ ပြီးတော့ သူဆက်ပြောမယ့် စကားကို အာရုံစိုက်ထားလိုက်မိတယ်။ ဒါပေမယ့် သူ့ဆီက ဘာမှထပ်မကြားရတော့ဘူး။

"လုပ်လေကွာ . . . မိန်းမတွေရဲ့ စိတ်ဟာတို့ယောကျ်ားတွေနဲ့ မတူဘူး . . . ပြီးတော့ ဘယ်လိုလည်း ဆိုတာဆက်ပြောလေ"

"ငါလဲမသိဘူးကွ. . . ဒါကြောင့် စဉ်းစားမိသလောက်သာ ပြောချလိုက်တာ. . ဒါနဲ့နေပါဦး . . . မင်းကဘာဖြစ်လို့ ဒီမေးခွန်းမေးတာလဲ"

"မေးချင်လို့မေးတာပေါ့ကွ . . . နေဦး . . မင်းကို နောက်မေးခွန်းတစ်ခု ပြောင်းမေးဦးမယ်"

"ဗုဒ္ဓေါ. . . မင်းမေးခွန်းတွေ လျှောက်စဉ်းစားနေတာနဲ့ ငါ ထမင်းစားပျက်တော့မယ်"

"ထမင်းစားရင်းနဲ့ စဉ်းစားတဲ့လူဟာတဲ့ ဟိုဒင်း ဖြစ်တယ်ဆိုပဲကွ"

"ဟင် . . . ဘယ်ဒင်းဖြစ်တာလဲ . . . "

"ထိပ်ပြောင်တတ်တယ်ဆိုလား ဘာလား . . ထားပါတော့ကွာ . . ထိပ်ပဲပြောင်ပြောင် . . ရှပ်ပဲပြောင်ပြောင် . . ဒါမှမဟုတ်လဲ ပြောင်ချင်ရာပြောင် . . မင်းအတွက်တော့ အရေးမကြီးပါဘူး . . . ဒီလိုကွ . . . မင်းဟာ ငါ့သူငယ်ချင်းအရင်းကြီး အဲဒီတော့ ငါ့အပေါ် မညာမတာ ဝေဖန်ခွင့်ရှိတယ် . . ဟုတ်တယ် မဟုတ်လား"

"ဟာ . . အဲဒီအချက်ကတော့ လုံးဝအတိအကျပဲ သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်း . . . ငါထောက်ခံတယ် . . ဟုတ်တယ် . . မင်းကို ငါ စုတ်ပြတ်သပ်နေအောင် ဝေဖန်ခွင့်ရှိတယ်"

"အဲဒီလို စုတ်ပြတ်သပ်နေအောင် အသားလွတ်ကြီး ဝေဖန်ခိုင်းတာ မဟုတ်ဘူးကွ . . . မှန်ကန်တဲ့ ရှုဒေါင့်က မညာမတာ ဝေဖန်ခိုင်းတာ . . . ကဲ မင်းငါ့ကို အခု မှန်မှန်ကန်ကန် ဝေဖန်ကြည့်စမ်း"

ဒီတော့မှ ကြွက်နီက ထမင်းစားရပ်ပြီး ကျွန်တော့် တစ်ကိုယ်လုံးကို သိမ်းကြုံးပြီးကြည့်တယ်။ အောင်မလေး ဒီကောင့်အကြည့်က ကြက်သီးထစရာကောင်းလိုက်တာ၊ ခေါ်တောအကြည့်ဆိုတာ ဒါကို ခေါ်တာထင်တယ်။

"ဟေ့ကောင် . . . မင်းကြည့်တာက မပြီးသေးဘူးလား. . . ငါ အနေကျုံ့လာပြီကွ"

"အင်းရပြီ . . . ရပြီ. . . မင်းကို ငါအမှန်အတိုင်း ဝေဖန်ရမယ်ဆိုရင် . . . တစ်အချက်က မင်းဟာ အရမ်းညစ်ပတ်တယ် . . . လက်သည်း၊ ခြေသည်း မှန်မှန်မညှပ်ဘူး . . . ပြီးတော့ ဘယ်တော့မှ သပ်သပ်ရပ်ရပ် မနေတတ်ဘူး . . တစ်အိမ်လုံး ဒီလောက် ရှုပ်ပွနေတာဟာ မင်းကြောင့်ပဲ . . . နှစ်အချက်က မင်းပုံသဏ္ဌာန်က ယောကျ်ားတစ်ယောက်အနေနဲ့ ကြည့်ကောင်းပေမယ့် အခုလို အကျႌ ကြောင်ကြောင်ကျားကျား ဝတ်လိုက်တဲ့အခါ အခြောက်လိုလို ဘာလိုလိုဖြစ်သွားတယ် . . . သုံးအချက်က အင်း . . . မင်းသွားတိုက်ဆေးကုန်နေတာ ကြာပြီ . . . ငါ့ဟာချည်းပဲ ယူတိုက်နေတာ . . . အဲဒါလည်း ဝယ်ဖို့ကောင်းပြီ . . လေးအချက်က . . . မင်းဟာငါ့လိုပဲ ဒီတစ်သက် ဘယ်တော့မှ မိန်းမရမယ့်ကောင် မဟုတ်ဘူး . . . ."





"ဟားဟား . . ကြိုက်သွားပြီ သူငယ်ချင်း"

"ဟေ့ကောင် . . တို့ကောင်တွေက ယောကျ်ားချင်းနော် . . . ပြီးတော့ တစ်အိမ်တည်းနေတာ. . ."

"ဟာ . . . ဘာတွေလျှောက်ပြောနေတာလဲ . . မင်းအပြောကို ကြိုက်သွားပြီလို့ ပြောတာဟ . . . သေတော့မှာပဲ . . အင်း . . ကောင်းပြီ . . . မင်းနဲ့ငါ လောင်းမျှားတောင် လောင်းလိုက်ချင်သေးတယ် . . . ဒီနှစ်အဟွင်းမှာ ငါမိန်းမရ. . မရပေါ့"

"ထားပါတော့ကွာ . . မေမီတဲ့ကွ . . ကောင်မလေးက အဲဒီနာမည်လေးနဲ့ သိပ်လိုက်တယ်. . . အရမ်းလှတယ် . . ပြီးတော့ ပိုက်ဆံလည်း အရမ်းချမ်းသာတယ်. . . သူ့အဖေကလည်း ဆရာဝန်ကြီးကွ . . ဟဲ ဟဲ"

"မင်း . . အဲဒီ ကောင်မလေးကို ကြိုက်သွားပြီလား"

ကျွန်တော် တွေးမိပါတယ်။ ကျွန်တော့်ကိုယ် ကျွန်တော်လည်း အဲဒီမေးခွန်းကို ပြန်မေးမိပါတယ်။ ကောင်မလေးရဲ့ အနေအထားက ကြိုက်ချင်စရာလေးမို့ ကြိုက်မိတာလို့ လွယ်လွယ်ပြန်ဖြေနိုင်မှာဖြစ်ပေမယ့် ရှေ့ဆက်ဖို့လမ်းက မဖြစ်နိုင်လောက်အောင် မှုန်ဝါးနေပါတယ်။ ရန်ကုန်လိုနေရာမျိုးမှာ သူမနဲ့ ကျွန်တော် ပြန်ဆုံဖို့ဆိုတဲ့ ကိစ္စက မလွယ်ပါဘူး။ ကျွန်တော် ငြိမ်ကျသွားမိပါတယ်။

"မင်းကြည့်ရတာ ခွေးအ,ကြီး လည်လိမ်သွားသလိုပဲ . . ဧကန္တတော့ မင်းအဲ့ဒီကောင်မလေးကို ကြိုက်သွားပြီးမဟုတ်လား၊ ဘာဖြစ်ဖြစ်ပေါ့ကွာ . . အပျိုလူပျိုချင်းပဲ . . အဆင့်အတန်းတွေ ဘာတွေကို ခဏ ခေါက်ထားလိုက်ပါ . . ကြိုက်မယ်ဆိုရင် ဘာကိုမှ မစဉ်းစားဘဲ လွတ်လွတ်လပ်လပ်သာ ကြိုက်လိုက်"

"ကျေးဇူးတင်တယ် သူငယ်ချင်း . . . လုံးဝပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . အခုမှ သတိရလို့ မင်းကိုပြောရဦးမယ် . . ညနေက မင်းပြန်ခါနီးမှာ ဆိုင်ကို ဦးသောင်းဒန်နဲ့ မင်းခေါင်တို့ လာသွားတယ်"

"ဘာကိစ္စတဲ့လဲ . ."

"မင်းနဲ့ တွေ့ချင်လို့တဲ့ . . ဖုန်းဆက်လိုက်ပါလားလို့ ပြောတော့ . . . ဖုန်းထဲမှာ ပြောလို့မကောင်းလို့တဲ့ . . . သူတို့ကြည့်ရတာ ပျာယီးပျာယာနဲ့"

ကျွန်တော် ပခုံးတွန့်လိုက်မိတယ်။ သူတို့က ကျွန်တော့်ကို တွေ့ချင်ပေမယ့် ကျွန်တော်ကတော့ သူတို့ကို ပြန်တွေ့ချင်စိတ် မရှိပါဘူး။ ထမင်းစားပြီးသွားတော့ စားပြီးသားပန်းကန်တွေကို ကြွက်နီက ဆေးဖို့ မီးဖိုထဲကို သိမ်းကျုံးယူသွားတဲ့အခါ ကျွန်တော်ကတော့ လက်ဆေးပြီး ညီမလေးရွှေစင့်ဆီကို ဖုန်းဆက်ရပါတော့တယ်။

"ညီမလေး လိုချင်တဲ့ စာအုပ်ရပြီ ညီမလေး . . . အဲဒါ ဘယ်လိုလုပ်ရမလဲ . . . ကိုကိုပဲ ညီမလေးဆီလာပို့ရမလား . . ညီမလေးပဲ ကိုကို့ဆီ လာယူမလား"

"ကိုကို့ဆီ ညီမလေးလာယူမယ် . . . ကိုကို မနက်ဖြန် မနက် ဆိုင်ကို ဘယ်အချိန်လောက်ရောက်မလဲ"

"ခုနစ်နာရီလောက်ဆိုရောက်ပြီ . . ဩော် . . စကားမစပ် ညီမလေးကိုမေးရဦးမယ် . . . ညီမလေးတို့ကျောင်းမှာ ပါမောက္ခ ဒေါက်တာ ဦးကောင်းမြတ်ဆိုတာ ရှိသလား"

"ရှိတာပေါ့ ကိုကိုရဲ့ . . အဲဒီဆရာကြီးက ညီမလေးတို့ဆရာပဲ . . . ဘာလဲ ကိုကိုက သူ့ကိုသိလို့လား"

"အင်း"





ကျွန်တော် ခပ်လွယ်လွယ်ပဲ ဖြေလိုက်ပါတယ်။ အဲဒီအခါ ရွှေစင်က ဆက်ပြောပါတယ်။

"အဲဒီဆရာကြီးက အရမ်းချမ်းသာတာ ကိုကိုရဲ့ . . . နောက်ပြီး သူ့မှာ သမီးလေးတစ်ယောက်ရှိတယ် . . ညီမလေးတို့ အရွယ်လောက်ပဲ . . အရမ်းလှတယ်သိလား . . . အင်း . . ဒါပဲနော် ကိုကို . . ညီမလေး မနက်ဖြန် ရှစ်နာရီခွဲလောက် ကိုကို့ဆိုင်ကို စာအုပ်လာယူမယ်"

ရွှေစင့်ဆီကို ဖုန်းဆက်ပြီးတာနဲ့ ကျွန်တော်လည်း ခုတင်ပေါ်တက်လှဲပြီး ခဏနားတယ်။ ကျွန်တော် ဆယ်တန်းတုန်းက ဘာဖြစ်လို့ စာကောင်းကောင်း မကြိုးစားခဲ့တာပါလိမ့်။ တကယ်လို့သာ ကျွန်တော် ကောင်းကောင်းကြိုးစားခဲ့ရင် ညီမလေးလိုပဲ ဂုဏ်ထူးတွေ များများထွက်ပြီး အခုဆိုရင် ပါမောက္ခ ဦးကောင်းမြတ်ရဲ့ တပည့်တောင် ဖြစ်ချင်ဖြစ်နေလိမ့်မယ်။ အဲဒီအခါမှာ မေမိနဲ့ ကျွန်တော်လည်း ရည်းစားတွေ ဖြစ်ပြီးတော့ ညားကြ . . .။

"ဟော့ကောင်"

"အောင်မလေး . . လန့်လိုက်တာကွာ"

"ဟာ . . . ဒီကောင် . . ဒီလောက်လေးနဲ့ အလန့်တကြား ဖြစ်နေတယ် . . ထ . . လက်ဖက်ရည်ဆိုင် ဆင်းကြရအောင်"

အဲဒီညက ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် ညဉ့်အတော်နက်တဲ့အထိ၊ လက်ဖက်ရည်ဆိုင် ထိုင်တယ်။ ပြီးတော့ ပြန်ရောက်တာနဲ့ တန်းအိပ်ကြ နဂ် ဂျတော့ ထုံးစံအတိုင်းပဲ ခုနစ်နာရီလောက်မှာ နိုး၊ မနက်စာစား၊ ပြီးတာနဲ့ဆိုင်ကို ထွက်ခဲ့ကြတယ်။ ကျွန်တော့်ဆိုင်က အတော်ကျဉ်းပါတယ်။ ရှေ့အကျယ်က ဆယ်ပေ။ အနောက်ဖက်ကို ဆယ့်ငါးပေလောက်ပဲ ကျယ်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ရဲ့ နံရံတွေမှာလည်း မှန်ကပ်ဗီရိုတွေလုပ်ထားပြီး အဲဒီထဲမှာလည်း သော့အမျိုးမျိုးကို ပြထားတယ်။ ရှေ့ဘက်မှာတော့ မှန်ရှိုးကေ့စ်တစ်လုံးရှိပြီး အဲဒီအထဲမှာလည်း သော့အမျိုးမျိုးထည့်ထားတယ်။

တစ်ခုသေချာတာက ဒီလိုဆိုင်မျိုးတွေ ရန်ကုန်မှာ အတော်များများမှာ ဖြစ်ပေမယ့် ကျွန်တော့် ဆိုင်ကိုသော့ရုံတဲ့ ဆိုင်ကတော့ အတော်ရှားပါးလိမ့်မယ်။ အဲဒီတစ်ချက်ကတော့ ကြံဖန်ပြီးတော့ ဂုဏ်ယူစရာပါပဲ။ ရှစ်နာရီခွဲလောက်ကျတော့ ကျွန်တော့် ညီမလေး ရွှေစင် ကျွန်တော့်ဆိုင်ကို တက္ကစီတစ်စီးနဲ့ ရောက်လာပါတယ်။

"ရော့ . . ညီမလေး . . နင် လိုချင်တာ ဒီစာအုပ် မဟုတ်လား"

"ဟုတ်တယ်ကိုကို . . အင်း . . ကိုကိုက တော်သားပဲ . . ကိုကိုရော နေကောင်းရဲ့လား"

"ကောင်းပါတယ်ကွ . . ညီမလေးရော စာတွေလိုက်နိုင်ရဲ့လား"

"စာတွေက အရမ်းခက်တယ် ကိုကိုရေ . . ဪ . . ကိုကို့ကို ပြောမလို့ . . ဟိုဒင်း . . ပိုက်ဆံလွယ်လား . . လွယ်ရင် တစ်သိန်းလောက်ပေးလိုက်စမ်းပါ"

"ဟင် . . ဟိုတစ်ပတ်ကတင် ကိုကို တစ်သိန်းပေးထားသေးတယ်လေ . . . ကုန်ပြီလား"

ရွှေစင် မျက်နှာပျက်သွားပါတယ်။ ကြွက်နီဘက်ကိုလည်း မသိမသာ လှည့်ကြည့်တယ်။ ကျွန်တော် ချက်ချင်း နားလည်လိုက်ပါတယ်။ ဆေးကျောင်းသူပဲဗျာ။ ဘာအသုံးအဖြုန်းမှ မရှိတောင်





ဆေးစာအုပ်ဖိုးနဲ့ တခြားသင်ကြားရေး အထောက်အကူပြုပစ္စည်းတွေဝယ်ရခြမ်းရတာ နည်းတာမှ မဟုတ်တာ။ အဲဒါကို ကြွက်နီရှေ့မှာ ကျွန်တော် ပြောလိုက်တော့ ရှက်သွားမှာပဲ။

"ဆော်ရီး ညီမလေး . . ကုန်မှာပေါ့ . . ဆေးကျောင်းသူပဲဥစ္စာ . . ကိစ္စမရှိဘူး ကုန်ပေစေ . . ဒါပေမယ့် လောလောဆယ်တော့ ကိုကို့ဆီမှာ တစ်သိန်းမရှိဘူး . . . ရှစ်သောင်းလောက်ပဲရှိမယ်"

"ရတယ် ကိုကို . . အဲဒီလောက် ရရင်လဲဖြစ်ပါတယ် . . ညီမလေး အကုန်ယူသွားမယ်နော်"

ကျွန်တော့် ဆိုင်အခြေအနေက သိပ်အကောင်းစားကြီး မဟုတ်ဘူး။ ပြီးတော့ ဆိုင်ငှားခ။ ကျွန်တော်တို့နေတဲ့အခန်းခ ကြွက်နီနဲ့ ဝင်းမြင့်ဆိုတဲ့ ချာတိတ်လေးအတွက် လခ။ အားလုံးပေါင်းလိုက်ရင် ဆိုင်အတွက် ထွက်ငွေက မနည်းဘူး။ ဒီကြားထဲ ရွှေစင်အတွက် ကျောင်းစရိတ်ကလည်း မနည်းလှဘူး။ အခုလည်း ကျွန်တော်တို့ နေ့လယ်စာ စားဖို့တောင် ခက်နေရော့မယ်။

"ရောရော့ ညီမလေး . . ဒီမှာရှစ်သောင်းတိတိ . ရေကြည့်ဦး"

"ရတယ်ကိုကို . . မရေတော့ဘူး . . ကဲ ကိုကို . . ညီမလေး ကလပ်စ်အမီ ပြန်သွားလိုက်ဦးမယ် . . . ဦးကြွက်နီ . . သမီး သွားမယ်"

ရွှေစင်က ကြွက်နီကို လှမ်းနှုတ်ဆက်ပြီး ဆိုင်ထဲကထွက်မလို့လုပ်တုန်း ဆိုင်ရှေ့ကို ကားတစ်စီး ထိုးဆိုက်လာပါတယ်။ ဆိုက်လာတဲ့ကားထဲက မိန်းကလေးတစ်ယောက် ဆင်းလာတယ်။ အဖိုးမေမီဆိုတဲ့ ကောင်မလေးပါလား။ ကောင်မလေး ကြည့်ရတာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဆိုင်ကို လာမယ့်ပုံပဲ။ ဒါကြောင့် ကျွန်တော်လည်း ရွှေစင့်ကို ကမန်းကတမ်း လှမ်းပြောရတယ်။

"အဲဒီ ကောင်မလေးရှေ့မှာ . . ကိုကို့ကို မသိချင်ယောင်ဆောင်နေ . . ကိုကိုက ဆေးကျောင်းသားဆိုပြီး သူ့ကို ဖြီးထားတယ်"

ရွှေစင်က ဘာတွေပါလိမ့် ဆိုပြီး မျက်မှောင်ကုပ်လိုက်တဲ့ အချိန်မှာပဲ ကျွန်တော်လည်း ကြွက်နီကို ခပ်တိုးတိုး လှမ်းပြောရပြန်တယ်။

"မေမီဆိုတာ . . အခုလာတဲ့ ကောင်မလေးပဲ . . သူ ဝယ်ချင်တာရှိရင် မင်းပဲ ကြည့်ရောင်းထားလိုက် . . ငါတော့ ဆိုင်နောက်ဖက်က လစ်ထွက်ပြီး သူနဲ့ သွားရောမယ်"

"ဆိုင်ထဲ ဝင်လာပြီဖြစ်တဲ့ မေမီ မမြင်အောင် ဆိုင်နောက်ဖက်ကနေပတ်ပြီး ပုန်းလျှိုးကွယ်လျှိုးနဲ့ ကျွန်တော် လစ်ထွက်လိုက်ပါတယ်။ ပြီးတော့မှ ဆိုင်ရှေ့ကနေ မယောင်မလည်နဲ့ မေမီ့ကို လှမ်းကြည့်လိုက်တယ်။ အံ့ဩစရာကောင်းတာက ညီမလေး ရွှေစင်ပဲ၊ သူက မေမီ့ကို ကောင်းကောင်းသိနေပါတယ်။

"ဟိတ် . . . မေမီ . . . သော့ လာဝယ်တာလား"

"ဟင် . . ရွှေစင်ပါလား . . ဒီမှာဘာလာလုပ်တာလဲ"

"ရွှေစင်လဲ . . အိမ်အတွက် ဘာသော့ဝယ်ရမလဲလို့ လာကြည့်တာ"

"ဩော် . . ညီမလေးတို့နှစ်ယောက်က သော့ဝယ်မယ့်သူတွေကိုး . . ဟဲ ဟဲ . . ကြည့်ပါ ကြည့်ပါ . . အစ်ကိုတို့ဆိုင်မှာတော့ သော့ပိစိညှောင့်တောက် ကလေးတွေကနေ သော့ ဟဲဗီးကြီးတွေအထိ အစုံရှိတယ် . . . ဒီက ညီမလေးက ဘယ်နေရာမှာ





ခတ်ဖို့သော့ဝယ်မှာလဲ . . အိမ်မှာပဲခတ်ခတ် . . ရေချိုးခန်းမှာပဲ ခတ်ခတ် . . အိမ်သာမှာပဲခတ်ခတ် . . . အို . . ခတ်စရာမရှိရင် ကိုယ့်လက်ကိုယ်ပြန်ခတ်လို့လဲ ရတယ် . . ဟဲ ဟဲ"

"ကိုယ့်လက်တော့ ရှင့်ဘာသာပဲ ခတ်"

"စိတ်မဆိုးပါနဲ့ ညီမလေးရယ် . . . အစ်ကိုက ခင်လို့ နောက်တာပါ . . ကြည့်ပါ . . ကြည့်ပါ . . တစ်ဆိုင်လုံးကို ကြိုက်သလိုကြည့်ပါ"

မေမီက ကြွက်နီပြောတာတွေကို စိတ်မဝင်စားတော့ဘဲ ရွှေစင်နဲ့သာ စကားပြောပါတယ်။

"ဖေဖေက သော့ကောင်းကောင်းတစ်လုံး ဝယ်ခိုင်းလိုက်လို့ ရွှေစင်ရဲ့ . . ဟိုဒင်း . . မေမီတို့ ခြံတံခါးကို ညကသူခိုးလာဖွင့်တယ်လေ . . . မဖွင့်တတ်တော့ သော့ကို ရိုက်ချိုးသွားလို့ အဲဒါ ဖေဖေက ရန်ကုန်လမ်းညွှန် ဖတ်ပြီး ဒီဆိုင်ကို ညွှန်လိုက်တာ"

"ဟုတ်လား . . . ရွှေစင်ကတော့ အဆောင်တံခါးသော့အတွက် သော့လာဝယ်တာ"

ဒီအချိန်ဟာ အချိန်ကောင်းပါပဲ။ ကျွန်တော်လည်း ဆိုင်ထဲကို ဟန်ပါပါနဲ့ ခပ်ဖြည်းဖြည်း ဝင်လာရင်း အသံခပ်ကျယ်ကျယ်နဲ့ ပြောလိုက်တယ်။

"ဒီဆိုင်မှာ နောက်ဆုံးပေါ်သော့တွေ ရှိသလားကွ"

"ဟာ . . ရှိပါတယ် ရှိပါတယ် . . မနေ့ကညက ထုတ်လုပ်တဲ့ သော့တောင်မှ ဒီဆိုင်မှာ ရှိပါတယ် . . . ဒီဆိုင်မှာရှိတဲ့ သော့တွေက သိပ်ကို စုံပါတယ်ခင်ဗျာ . . . သီပေါမင်း မတိုင်ခင် အနော်ရထာမင်းရဲ့ လက်ထက်ကတည်းကသုံးခဲ့တဲ့ သော့အန်းတိတ်တွေကနေ အာကာသယာဉ်တွေကို သူခိုးတက်မခိုးအောင် ခတ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အထူးစပယ်ရှယ်သော့အထိ အစုံရှိပါတယ်။

ကြွက်နီကတော့ စံပါပဲ။ အာအလွန်ချောင်တဲ့ကောင် . .

"ပါးစပ်ပေါက်ကို လုံးဝပိတ်သွားအောင် ခတ်လို့ရတဲ့ သော့များ ရှိသလား"

"ဟာ . . . အဲဒီဟာအတွက်တော့ သော့တောင်မလိုပါဘူး ဆရာ . . ပလာစတာလောက်ရရင်ပဲ ဖြစ်ပါပြီး . . ဟဲ ဟဲ"

ဒီကောင်ကတော့ အတော်မလွယ်တဲ့ ကောင်ပါပဲ၊ ကျွန်တော်လည်း ကြွက်နီကို စကားဆက်မပြောတော့ဘဲ မေမီ့ဘက်ကို လှည့်လိုက်ပါတယ်။ ကောင်မလေးက မဆိုးပါဘူး။ မှတ်ဉာဏ်ကောင်းပါတယ်။ ကျွန်တော့်ကို ချက်ချင်းပဲ မှတ်မိသွားတယ်။

"ဟယ် အစ်ကို . . မေမီတို့တွေ့ကြပြန်ပြီ . . ဒါနဲ့ အစ်ကိုလည်း ဒီမှာ သော့လာဝယ်တာပဲလားဟင်"

"ဟုတ်တယ် မေမီရဲ့ . . အစ်ကို ကျောင်းမသွားခင် အစ်ကို့အိမ်က သော့အတွက် သော့လာဝယ်တာ . . . ဒီဆိုင်က သော့တွေက အရမ်းကောင်းတယ်လေ . . ဟော . . ဒီက ညီမလေးကလည်း ဆေးကျောင်းသူပဲ ထင်တယ်။ မှန်းစမ်း . . . အဲဒီစာအုပ် . . အင်း . . စာအုပ်ကထူပေမယ့် ရေးထားတာက ရှင်းလွန်းလို့ အရမ်းနာမည်ကြီးတဲ့ စာအုပ်ပေါ့။ ဆေးကျောင်းသားတွေ အကုန်လုံး ဒါကိုပဲ လက်စွဲထားရတယ်။ ဒါနဲ့ ဒီကညီမလေးက ဆေး(၂) က မဟုတ်လား . . အစ်ကိုက ဆေး(၁) ကလေ . . . ."

မေမီက ချက်ချင်း မျက်မှောင်ကုပ်သွားပါတယ်။ ကျွန်တော်လည်း သိလိုက်တယ်။ ကျွန်တော့် စကားမှားသွားပြီ။

"အို . . အစ်ကိုကလဲ . . ရွှေစင်က ဆေး(၁)ကပါ . . သူက ဖေဖေ့တပည့်ပါ . . တစ်ခါတုန်းက ရွှေစင် မေမီတို့ အိမ်ထို





တောင် ရောက်ဖူးသေးတယ်"

"ဆောရီး ဆောရီး . . ဟုတ်သားပဲ . . ဒါပေမယ့် ညီမလေးနဲ့ အစ်ကိုနဲ့ကျောင်းမှာ သိပ်မဆုံဖြစ်ကြလို့လား မသိဘူး သိပ်မမြင်ဖူးဘူး"

ရွှေစင်က မသိမသာ နှုတ်ခမ်းမဲ့ပြပါတယ်။ အဲဒီတုန်းမှာပဲ ကြွက်နီက မေမီကြည့်ဖို့သော့ တချို့ထုတ်ပြလို့ ကျွန်ဟော်လည်း စကားစ ပြတ်သွားပါတယ်။ သူကလည်း သူဝယ်မယ့် သော့ကို ကြည့်သလို ကျွန်တော်ကလည်း ကိုယ့်ဆိုင်ကသော့ကို ပြန်ဝယ်ဖို့အတွက် ဟိုကြည့် ဒီကြည့်လုပ်ရင်း . . .

"ဟာ . . ကျွန်တော့်ကို ဟိုသော့ . . . ခဏပြစမ်း . . အင်း . . အဲဒီဟာ"

ရွှေစင်ကလည်း ယောင်တောင်ပေါင်တောင်နဲ့ သူ့အဆောင်အတွက် သော့တစ်လုံး ထုတ်ဝယ်ပါတော့တယ်။ မေမီ လိုချင်တဲ့သော့မျိုး ရသွားလို့ ပိုက်ဆံထုတ်ရှင်းတဲ့အခါ ကျွန်တော့်မှာ ပြဿနာစ,တက်ပါတော့တယ်။ ကျွန်တော့်အိတ်ထဲမှာ ပိုက်ဆံတစ်ပြားမှ မရှိတော့လို့ပါ။ ဒါကြောင့်မို့ သော့ကို မယောင်မလည်နဲ့ ပြန်ချထားလိုက်ပြီး ကြွက်နီကို မျက်စိမှိတ်ပြလိုက်ရတယ်။

"သော့ကို ကြိုက်တော့ကြိုက်ပေမယ့် အရောင်ကိုတော့ မကြိုက်ဘူး . . နောက်မှပဲ ဝယ်တော့မယ်"

"အရောင် ဟုတ်လား . . သော့ဆိုတာ အရောင်အဓိက မကျဘူး မိတ်ဆွေ . . အမျိုးအစားနဲ့ အရည်အသွေးကသာ အဓိကပါ . . စိတ်ချပါ . . ဒီသော့ဟာ နောက်ဆုံးပေါ်သော့ပါ . . ဘယ်လို သူခိုးမျိုး . . ဘယ်လို သူခိုးရာဇာမျိုးမှ မဖွင့်နိုင်ဘူး . . ရာဇာသူခိုးလိုကောင်တွေ ဖင်ထိုင်သွားမယ့် သော့"



www.burmeseclassic.com

www.burmeseclassic.com



ဟာ ဒီကောင်ရွှးကြောင်ကြောင်နဲ့ ကျွန်တော့်နာမည် ထည့်ထည့် ပြောနေတယ်။ ကောင်မလေး ရိပ်မိသွားရင်အခက်။ ဒါနဲ့ ကျွန်တော်လည်း ကောင်မလေးအလစ်မှာ ဒီကောင့်ကို ခပ်တိုးတိုး လှမ်းပြောရတယ်။

"ဟေ့ကောင် . . ငါ ဒီသော့ကို တစ်မိနစ်အတွင်း ဖွင့်ပြမယ် . . လောင်းမလား . . ငါနိုင်ရင် ဒီနေ့ ထမင်းဖိုး . . . မင်းရှင်း . . . ဘယ့်နှယ်လဲ"

"ရာဇာ . . ရာဇာ . . မင်းအတော်ကျယ်တဲ့ကောင်ပဲ"

ရာဇာဆိုတဲ့ နာမည်ပါလာလို့ မေမီက ကျွန်တော်တို့ကို လှမ်းကြည့်ပါတယ်။ ဒီတော့မှ ကြွက်နီက စပ်ဖြဲဖြဲနဲ့ စကားကို ပြောင်းပစ်ပါတယ်။

"ရာဇာနေဝင်း . . . ရာဇာနေဝင်း . . သူ့ဆံပင်ပုံစံနဲ့ ခင်ဗျားဆံပင် အရမ်းတူတယ် . . ဟဲဟဲ . . ရာဇာနေဝင်း နှစ်ကိုယ်ခွဲနေရာမှာ ခင်ဗျား ဝင်သရုပ်ဆောင်ရင် ဖြစ်နိုင်တယ်"

"ဟာ . . ဒီမှာဆေးကျောင်းက စာတွေနဲ့ပိပြီး ခေါင်းကိုက်နေရတဲ့အထဲ ရုပ်ရှင် ဝင်ရိုက်ခိုင်းနေပြန်ပါပြီ"

"ဟုတ်သားပဲ . . ဒီအစ်ကိုက ဆံပင်ပုံစံသာ ရာဇာနေဝင်းနဲ့တူတာ . . မျက်နှာကတော့ လုံးဝပဲ"

"လုံးဝပဲ ဆိုတာ ဘာကိုပြောတာလဲဟင်"

"လုံးဝပဲဆိုတာ တခြားစီပဲလို့ ပြောတာ"

"ဟာ . . ညီမလေးကလည်း ဒီကောင်က ရာဇာနေဝင်းနဲ့ဆင်ပါတယ် . . ဘယ်နေရာ ဆင်သလဲ သိသလား . . . ဒီက ဆရာ . . သွားဖြီးပြလိုက်စမ်းပါ . . ဟုတ်ပြီ . . တူတယ် . . အရမ်းတူတယ်"





"ဘာလဲ သွားတွေ တူတယ်လို့ ပြောမလို့လား"

"မဟုတ်ပါဘူး . . သွားတွေ တူတယ်လို့ ပြောမလို့ မဟုတ်ပါဘူး . . ဟောဒီ သွားအောက်ခြေမှာ တွေ့လား . . သွားရည်တွေလေ . . အဲဒီ သွားရည်တွေ တူတာ"

"ကြွက်နီဆိုတာ မင်းတို့ဆိုင်မှာ ရှိသလားကွ . . . အဲဒီကောင်ရဲ့ဖင်ကို သူ့ဆရာက ဆောင့်ကန်တော့မယ်ဆိုတာ . . အဲဒီ ကြွက်နီလာရင် မင်း ပြန်ပြောလိုက်"

ညီမလေး ရွှေစင်ကတော့ သဘောပေါက်လို့ တခစ်ခစ်နဲ့ ရယ်ပေမယ့် မေမီကတော့ မျက်လုံးလေး ကလယ်ကလယ်နဲ့ ဘာမှ နားမလည်သလို ဖြစ်နေပါတယ်။ နောက်တော့ သူလိုချင်တဲ့ သော့ ဝယ်ပြီးတာနဲ့ ရွှေစင်ကိုအဖော်ခေါ်ပြီး ဆိုင်ထဲက ထွက်သွားပါတော့တယ်။

"ကဲ . . ကဲ . . ဆေးကျောင်းသားအစ်ကိုကြီး . . . မေမီ သွားမယ်နော်"

"အင်း . . . အင်း . . . ဆီးယူအဂ်ိန်း"

"ဆီးယူမယ်ဆို . . ပုလင်းလေးနဲ့လာ"

"ဟေ့ကောင် . . . . . . . . . . . ကြွက်နီ"

ကျွန်တော် ကြွက်နီကို ဒေါသတကြီးနဲ့ ဆဲလိုက်တဲ့အခါ ဒီကောင်က တဟားဟား ရယ်ပါတယ်။ ကျွန်တော်ကတော့ ရင်မောပြီး ခြေပစ်လက်ပစ်နဲ့ ဆိုင်ရှေ့ကခုံမှာ ထိုင်ချလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## (၃)

"ဘယ်လို. . ဘယ်လို . . . ကျွန်တော့်ကို တွေ့ချင်တယ် ဟုတ်လား . . တွေ့ချင်ရင် ကျွန်တော့်ဆိုင်ကိုလာခဲ့ပေါ့ . . ဘာဖြစ်လို့ ကျွန်တော်က ကိုယ်ကိုတွေ့ချင်တဲ့ သူ့ဆီကို လာရမှာလဲ"

"ဒီအကြောင်းတွေက ဆိုင်မှာ ဆွေးနွေးလို့မကောင်းဘူး . . . ရာဇာ . . ဘာဖြစ်လို့လဲဆိုတော့ ဒီကိစ္စက လျှို့ဝှက်ထားရမယ့် ကိစ္စဖြစ်နေတယ် . . . မင်းရယ် ငါရယ်. . မင်းခေါင်ရယ်က လွဲရင် ဘယ်သူမှသိလို့မဖြစ်ဘူး . . မင်းသဘောပေါက်သလား . . အဲဒီတော့ မင်းငါ့ဆီ ကိုလာခဲ့ကွာ . . ငါစောင့်နေမယ်"

"ဆောရီးပဲ ဦးသောင်းဒန် . . ခင်ဗျားက ကျွန်တော့်ကို တွေ့ချင်ရင် ကျွန်တော့်ဆီပဲလာပါ . . ကျွန်တော်ကတော့ ခင်ဗျားဆီကို လုံးဝမလာနိုင်ပါဘူး ဒါပါပဲ"

ကျွန်တော် တယ်လီဖုန်းကိုချပစ်လိုက်တယ်။

ပြီးတော့ မကျေမနပ်နဲ့ ဖုန်းအိမ်ကို ဘေးကို ဆောင့်ပစ်





လိုက်တယ်။

"ဘာတဲ့လဲကွ"

"ငါနဲ့ တွေ့ချင်လို့ . . . သူ့ဆီကို လာခဲ့ပါတဲ့"

"အင်း ဒီလူကြီး . . မင်းဆီကို ဖုန်းဆက်ဆက်နေတာ သုံးလေးရက် ရှိပြီကွ . . ဘာကိစ္စလို့ပြောလဲ"

"မပြောဘူး . . . ငါကပဲသူ့ဆီကို လာတွေ့ရမယ်တဲ့ . . ဆောရီးပဲ . . ဒီလိုလူမျိုးဆီ သေတောင်မသွားဘူး"

နေ့လယ် ဆယ့်နှစ်နာရီခွဲသွားလေပြီ မနက်က စားထားခဲ့တဲ့ မုန့်ဟင်းခါးနဲ့ လက်ဖက်ရည်တစ်ခွက်ကလည်း ဘယ်ရောက်သွားပြီလဲ မသိပါ။

"ထမင်းစားကြရအောင်ကွာ . . ခင်းမှာ ပိုက်ဆံဘယ်လောက်ကျန်သေးလဲ ကြွက်နီ"

"မရှိသလောက်ပဲကွ . . ဟိုကောင် ဝင်းမြင့်မှာ ကျန်ချင်ကျန်လိမ့်မယ် . . ဟေ့ကောင် ဝင်းမြင့် . . ဒီကိုလာစမ်း"

"ဟွန်း . . ဒီမှာသူများ ကာတွန်းဖတ်နေတဲ့ ဥစ္စာ . . နောက်မှလာမယ်"

"ဟိတ်ကောင် အခြောက် . . လာမှာလာစမ်းကွာ"

ဝင်းမြင့်က နည်းနည်းခြောက်သလား၊ များများခြောက်သလားတော့ မသိပါဘူး။ ခြောက်တော့ ခြောက်နေတာ အမှန်ပါ။ ဝင်းမြင့်က ခပ်နွဲ့နွဲ့လေး ကျွန်တော်တို့ ရှေ့မှာလာရပ်ပါတယ်။

"မင်းမှာ ပိုက်ဆံဘယ်လောက်ကျန်သေးလဲ . . ကျန်သေးရင် . . ခဏ ထုတ်ပေးစမ်းကွာ . . ပြီးရင် ကြက်သားတစ်ပွဲ ဝက်သားတစ်ပွဲနဲ့ ပဲဟင်းတစ်ပွဲပါ ဝယ်လာခဲ့"

"ရှောက်သီးသုပ်လေးပါ တစ်ပွဲ ထည့်ဝယ်လာခဲ့မယ်နော်



www.burmeseclassic.com

www.burmeseclassic.com



. . . သူများက ရှောက်သီးကြိုက်တာသိတယ် မဟုတ်လား"

ဝင်းမြင့်က ကန့်ကလန့် ပြောပြီး ထမင်းဝယ်ဖို့ အပြင်ထွက်သွားပါတယ်။

"မင်းကို ပြောရဦးမယ် . . ဒီကောင့်ကို သူ့အိမ်က နှင်ချလိုက်ပြီတဲ့ကွ . . အဲဒါ ငါတို့အခန်းမှာ လာနေချင်တယ် ပြောနေတယ်"

မဖြစ်ပါဘူးကွာ . . ဒီကောင်က ခြောက်တောက် တောက်ရယ် . . . တော်ကြာသူများတွေ အပြစ်ပြောစရာဖြစ်နေမယ်"

"သနားတော့ သနားပါတယ်ကွာ . . . ငါတစ်ခုတော့ စဉ်းစားမိတယ်ကွ . . ဒီကောင့်ကို တို့နဲ့ခေါ်ထားခြင်းဖြင့် တို့ကောင်တွေ အချက်အပြုတ်ကိစ္စ အတော်အဆင်ပြေသွားမယ် . . . အခုဆိုရင် ငါကလည်း ကောင်းကောင်းမချက်တတ် . . မင်းကလည်း စားရုံကလွဲလို့ ဘာမှသိတဲ့ကောင်မဟုတ်ဘူး . . . .

နောက်ပြီး တို့အခန်းတစ်ခုလုံးလည်း . . ရှုပ်ပွနေတယ် မဟုတ်လား . . . ဒီလို ခြောက်တောက်တောက်ကောင်က အရမ်းလည်း အသန့်ကြိုက်တာကွ . . . အဲဒါဆို အခန်းလည်း လုံးဝ သန့်ရှင်းသွားမယ်။ ပတ်ဝန်းကျင်ကိုတော့ သိပ်ခေါင်းထဲ မထည့်ပါနဲ့ကွာ"

ကြွက်နီပြောတာ စဉ်းစားစရာပါပဲ။

ဟုတ်ပါတယ်။ ကျွန် တော်တို့အိမ်မှာ ဖြစ်ကတတ်ဆန်းဖြစ်နေတဲ့ကိစ္စတွေက အိမ်ထောင်မှုနိုင်နင်းတဲ့ မိန်းကလေးတစ်ယောက်သာဖြေရှင်းနိုင်မှာပါ။

အခုတော့ ဝင်းမြင့်လိုကောင်ကို ခေါ်ထားလိုက်ရင် အဆင်ပြေသွားနိုင်တယ်။





"အင်းလေ . . စဉ်းတော့ စဉ်းစားစရာပဲ"

သည်ရက်ပိုင်းအတွင်းမှာ ဆိုင်ရဲ့ အရောင်းအဝယ်ကလည်း အတော်ကလေးပါးလို့ ကျွန်တော်တို့တွေ ဘိုင်ကျနေကြတယ်။ အခန်းငှားခကလည်း ခြောက်လစာ ထပ်ပေးရဦးမယ်။ ညီမလေး ရွှေစင်အတွက်လည်း ပိုက်ဆံထပ်ပေးရဦးမယ်။ ကျွန်တော် သက်ပြင်းတစ်ချက် ချလိုက်မိပါတယ်။

"ရာဇာ"

"ဟေ . . ဘာလဲကွ . . ကြွက်နီ"

"မင်းနဲ့ ငါက သူငယ်ချင်းအရင်းကြီးတွေနော် . . . အဲဒီတော့ မင်းနဲ့ငါကြားမှာ ဘာမှလျှို့ဝှက်ထားစရာ မရှိဘူး . . . အခု ငါပြောမယ့် စကားကို မင်းစိတ်မဆိုးဖို့တော့ ငါကြိုပြောထားမယ် . . အင်း . . စိတ်ဆိုးလည်း သိပ်တော့ ဂရုမစိုက်ပါဘူးကွာ"

"ဟေ့ကောင် ခွေးကောင် . . . ပြောမှသာ ပြောစမ်း . . အတော်စကားကို ပလ္လင်ခံတဲ့ကောင်"

"ဒီလိုကွ . . ရွှေစင့်မှာ ရည်းစားရှိနေတယ်"

ကျွန်တော် ပြုံးလိုက်မိပါတယ်။ ရယ်စရာပဲ ကောင်းသေးတော့တယ်။ ကျွန်တော်ကလည်း ဒီနေ့ခေတ်ရဲ့ အစ်ကိုလုပ်တဲ့သူဖြစ်သလို ရွှေစင်ကလည်း ဒီနေ့ခေတ်မှာ ညီမလုပ်တဲ့သူပဲ။

ညီမမှာ ရည်းစားရှိတာကို အစ်ကိုက ဖင်ကျိန်းရမယ့်ခေတ် မဟုတ်တော့ဘူး။ သိတယ်မဟုတ်လား အားလုံးပွင့်လင်း လွတ်လပ်ကုန်ကြပြီ။

ဒါပေမယ့် ကျွန်တော်တို့ မောင်နှမက အဲဒီလောက်ကြီးတော့ မလွတ်လပ်ကြပါဘူး။

"ဒါများကွာ . . ဘာစိတ်ဆိုးစရာလိုရမှာလဲ. သူလည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့အိမ်ထောင်ပြုမှာပေါ့ . . ငါလည်း တစ်နေ့အိမ်ထောင်ပြုမှာပဲ"

"မဟုတ်ဘူးကွ . . . ရွှေစင်က ရည်းစားများတယ် . . ငါတွေ့တာချည်းပဲ သုံးခါလောက်ရှိပြီ . . ကောင်လေးတွေက တစ်ယောက်နဲ့ တစ်ယောက် မတူကြဘူး"

ကျွန်တော် ပါးစပ်အဟောင်းသား ဖြစ်သွားပါတယ်။

"သူငယ်ချင်းတွေများလားကွာ"

"အင်း . . ပြောရမှာတော့ အားနာတယ်ကွာ . . ဒါပေမဲ့ သူတို့ပုံသဏ္ဍာန်က သူငယ်ချင်းမဟုတ်တာတော့ သေချာတယ်"

စိတ်မသက်မသာဖြစ်သွားလို့ ကျွန်တော်မျက်နှာပျက်သွားမိသလား မသိပါဘူး။ အဲဒီတုန်းမှာပဲ ထမင်းသွားဝယ်တဲ့ ဝင်းမြင့် ပြန်ရောက်လာတယ်။ နောက်တော့ ကျွန်တော်တို့ သုံးယောက်လည်း ဆိုင်မှာပဲ ဖြစ်သလိုဝိုင်းထိုင်ပြီး ထမင်းစားကြတယ်။

"ဟေ့ကောင် ဝင်းမြင့် . . . မင်း ထမင်းဟင်း ကောင်းကောင်း ချက်တတ်သလား"

"အခြောက်ပဲ အစ်ကိုရယ် . . ချက်တတ်တာပေါ့"

"ဟ . . အခြောက်ဆိုတိုင်း ထမင်းဟင်းချက်တတ်တာ မဟုတ်ဘူး"

"အို . . . ဒါဆို သူတို့က အခြောက်မစစ်ဘူး . . အတုတွေ မှတ်ထား အစ်ကို . . . အခြောက်စစ်ရင် သူ့အလိုလို အချက်အပြုတ် ကျွမ်းကျင်သွားရော"

"တယ်ဟုတ်ပါလား . . ဒါဆို မင်းက အခြောက်စစ်တယ်ပေါ့"

"ဟင်း . . . ဟင်း"

ကျွန်တော်နဲ့ ကြွက်နီရယ်ကြတော့ ဒီကောင်လည်း လိုက်





ရယ်ပါတယ်။

"ဒါနဲ့ . . မင်းကို အိမ်က နှင်ချလိုက်ပြီဆို"

"အင်း . . အလကားပါ အစ်ကိုရယ် . . ဆွေမျိုးထဲမှာ ရှားရှားပါးပါး တစ်ယောက်ကလေး လာခြောက်တာ . . . သူတို့ကပဲ ရှက်သလေး . . ဘာလေးနဲ့ တကယ်ဆို သဘာဝကို ဆန့်ကျင်နေတဲ့ လူသားဆိုပြီး ဂုဏ်တောင်ယူကြရဦးမှာ . . .

အစ်ကိုတို့လည်း မကဲ့ရဲ့သင့်တဲ့သူတွေကို မကဲ့ရဲ့နဲ့ . . . လောကကြီးမှာ သဘာဝကို ဆန့်ကျင်နေတဲ့သူ လေးမျိုးရှိတယ် . . အပျိုကြီး . . လူပျိုကြီး . . . ယောကျ်ားလျာနဲ့ မိန်းမလျာပဲ . . အဲဒီလူတွေဟာ သဘာဝကို လွန်ဆန်နေတဲ့လူတွေပဲ . . . ဘယ်လောက်အားကျဖို့ကောင်းသလဲ"

"ဟာ . . တယ်ဆော်တဲ့ ဆိုပဲ"

"အို . . တယ်ဆိုတဲ့စာပဲ လုပ်စမ်းပါ . . စကားတွေလည်း များလို့"

"ခွေးကောင်"

ကျွန်တော်တို့ ပြုံးစိစိဖြစ်သွားကြပါတယ်။

"ကောင်းပြီလေ . . မင်း လိမ်လိမ်မာမာနေမယ်ဆိုရင်တော့ တို့နဲ့အတူ လာနေလို့ရတယ် . . ဒါပေမယ့် စည်းကမ်းတော့ ထားရမယ်"

"ရတယ် . . . သူများ အဲဒီစည်းကမ်းတွေ အကုန်လုံး လိုက်နာမယ် . . . ဒါနဲ့ သူများ ဘယ်သူနဲ့ အိပ်ရမှာလဲဟင်"

"ဟိုက် . . တို့က သူ ဒုက္ခရောက်နေတယ်ဆိုလို့ . . အိမ်ပေါ်ခေါ်တင်ပြီး ထမင်းဟင်းချက်ဖို့ကိစ္စ စဉ်းစားနေပါတယ် . . ဒီကောင်က ညအိပ်ဖို့ကိစ္စ စဉ်းစားနေတယ် . . မရဘူး . . . မရဘူး



www.burmeseclassic.com

www.burmeseclassic.com



ဟော့ကောင် . . ကိုယ်ဘာသာကိုယ်အိပ် . . ဟင် . . ဒီကောင် လုပ်တာနဲ့ ငါ ကြက်သီးတောင်ထလာပြီ"

"ဟား ဟား"

ညနေရောက်လို့ ဆိုင်ပိတ်တော့ ဒီကောင် ဝင်းမြင့်က သူ့ ပိုက်ဆံတချို့ ကျွန်တော်တို့ကို ထုတ်ပေးပါတယ်။

"လောလောဆယ်တော့ သူများ မလိုသေးလို့ . . ကိုရာဇာ တို့ပဲ ယူထားပါ . . . အင်း . . အလုပ်ကလည်း မရှိလို့ သော့ဆိုင် မှာ ဝင်လုပ်မိပါတယ် . . . အခုတော့ ဆံထုံးလဲစိုက် . . ဆီလဲစိုက် ပါလား . . "

ဒါပေမယ့် ဝင်းမြင့်က တော်ရှာပါတယ်။ ကျွန်တော်တို့ အခန်းရောက်တာနဲ့ ရှုပ်ပွနေတဲ့ အမှိုက်တွေကို ကောက်သိမ်းတော့ တာပဲ။

"အင်း . . လူနေတဲ့အိမ်မှတ်လို့ . . အခုတော့ အမှိုက်ပုံ ဖြစ်နေတာကိုး . . ကြည့်ပါဦး . . ကိုကြွက်နီရဲ့ အောက်ခံဘောင်းဘီ ကလည်း ခေါင်းအုံးပေါ် ရောက်လို့ရောက် . . .

အမလေး . . . သူ့ဘောင်းဘီကိုင်ရတာ သူများရင်တွေ ခုန်လိုက်တာ"

"ဟော့ကောင် . . . မင်းဘာသာ ကိုင်ချင်ရာကိုင် . . ငါ့ ဘောင်းဘီတော့ မကိုင်နဲ့ . . တော်ကြာ အေအိုင်ဒီအက်စ် ကူးနေဦး မယ်"

"အို . . သူများကို ဘာအခြောက်များ အောက်မေ့သလဲ သူများက . . နိုး အေအိုင်ဒီအက်စ် အခြောက် . . သိပြီလား . . သန့်သန့်လေး"

ဝင်းမြင့် တစ်ယောက်ပွစိပွစိနဲ့ အိမ်ကို ရှင်းလိုက်တော့





အိမ်က စောစောကနဲ့မတူတော့ဘဲ အတော်ကလေး ကြည့်ပျော် ရှုပျော် ရှိသွားတယ်။

"ကဲ . . အတော်ကလေးတော့ ဟုတ်သွားပြီ . . သူများတို့ ရေအတူ ချိုးကြမလား"

"ဟေ . . ရေချိုးဖို့များ တို့ကို အဖော်လာစပ်နေရသေး တယ် . . မင်းဘာသာ ချိုးချင်သလိုချိုးပေါ့ . . ဘယ်နဲ့ကွာ . . ရေချိုးဖို့များ အဖော်စပ်နေတယ် . . . ထွီ . . . အော်ဂလီဆန်လိုက် တာ"

ဝင်းမြင့်က ပြုံးစိစိလုပ်ရင်း ပုဆိုးရေလဲ တစ်ထည်ကို ရင်လျားပြီး ရေချိုးခန်း ဝင်သွားပါတယ်။ သူရေချိုးပြီးတော့ မီးဖိုထဲ ဝင်ပြီး ချက်ပြုတ်ပါတော့တယ်။ အဲဒီတော့မှ ကျွန်တော်တို့လည်း ရေချိုးခန်းတစ်ယောက် တစ်လှည့်ဝင်ပြီး ရေချိုးတယ်။

ညစာ စားချိန်ရောက်တော့ ဝင်းမြင့်နဲ့ ထမင်းတစ်ဝိုင်းထဲ ထိုင်လိုက်တဲ့ အခါ သူ စီမံချက်ပြုတ်ထားတဲ့ ဟင်းကြောင့် ကျွန်တော် တို့ သွားတွေကျိန်းလာပါတယ်။

ဟင်းတွေက ရှောက်သီးသုပ်၊ ချဉ်ပေါင်ဟင်း၊ ကြက်သား ကြော်။

"အင်း . . . ဗီတာမင်စီတွေကို မင်း အတော်ကြိုက်ပုံရ တယ် . . . တခြား ဗီတာမင်တွေနဲ့ အရသာရှိအောင်လည်း ချက် ကြည့်ဦးကွ . . .

ဘယ့်နှယ်ကွာ . . နေ့လယ်စာတုန်းကလဲ ရှောက်သီးသုပ် ပါပြီးပြီ . . . အခုလည်း ရှောက်သီးသုပ် . . ဒုက္ခပါပဲ . . . အောင် မလေး . . . ကြည့်ရင်းနဲ့တောင် . . သွားတွေကျိန်းလာပြီ"

"အို ဘာလို့လဲ . . ကိုရာဇာတို့အတွက်က ကြက်သားနဲ့



www.burmeseclassic.com

www.burmeseclassic.com



ချဉ်ပေါင်ဟင်းလေ . . . သူများအတွက်က ကြက်သားကြော်နဲ့ ရှောက်သီးသုပ်"

"မင်း ရှောက်သီးသုပ် အရမ်းကြိုက်တယ် ထင်တယ်"

"ဟုတ်တယ် . . . မိန်းကလေးတွေက ရှောက်သီးဆို သိပ်ကြိုက်တယ်"

"သြော်"

ကျွန်တော်ကတော့ မေမီများ ရှောက်သီးကြိုက်လေ့မလား ဆိုပြီး သွားတွေတောင် ကျိန်းလာမိပါတယ်။ ထမင်းစားကြတဲ့အခါမှ ဝင်းမြင့်ရဲ့လက်ရာကို ကျွန်တော်တို့ သိသွားတယ်။

ဒီကောင် အချက်အပြုတ်တော့ ကျွမ်းကျင်ပါတယ်။ ကြက်သားကြော်ကလည်း အရသာတွေ့သလို ချဉ်ပေါင်ဟင်းကလည်း ကောင်းပါတယ်။

ဒီလိုနဲ့ပဲ ထမင်းစားပြီးသွားတော့ ဒီကောင်ကပဲ စားပြီးသား ပန်းကန်တွေ သိမ်းကျုံးယူငင်ပြီး သွားဆေးပါတော့တယ်။

"လုပ်မနေနဲ့ ဟေ့ကောင် . . . အလုပ်တွေ ရှိသေးတယ် . . ပြီးရင် ငါ့ကို နည်းနည်းကူဦး"

ကျွန်တော့်စားပွဲပေါ်က ရှုပ်ပွနေတဲ့ သော့တွေလည်း သပ်သပ်ရပ်ရပ် ဖြစ်သွားပါပြီ။ ကြွက်နီနဲ့ကျွန်တော် စားပွဲမှာ ခေါင်းချင်းဆိုင်ပြီး ကြပ်နေလို့ ဖွင့်မရတဲ့သော့တချို့ကို ပြင်ကြပါတယ်။

တကယ်ကတော့ သော့ဆိုတာမျိုးဟာ ဘယ်လောက်အမျိုးအစား ကောင်းကောင်း၊ ရေရှည်သုံးစွဲဖို့ဆိုရင် မွန်းမံထိန်းသိမ်းမှုတော့ လုပ်ပေးရပါတယ်။ သော့အိမ်ထဲမှာ ကြပ်မနေဖို့ ဆီထည့်ပေးတာမျိုး၊ ချေးဆေးပေးတာမျိုးလောက်တော့ မဖြစ်မနေ လုပ်ပေးသင့်ပါတယ်။





"မေမိနဲ့ တွေ့သေးလား ရာဇာ"

"မတွေ့ဘူး . . ငါ သူတို့အိမ်ရှေ့ သွားကြည့်ရရင် ကောင်းမလားလို့"

"ဟာ ကြောင်လှချည်လား . . . ကောင်မလေးဆီ ဖုန်းဆက်တာဆို ဟုတ်သေး"

"အမှန်အတိုင်း ပြောရရင် . . . မေမိဆီကို ငါဖုန်းဆက်ရမှာ ကြောက်နေတယ်"

ဒီစကားက အမှန်ဖြစ်ပါတယ်။ တစ်နေ့ကတော့ ညီမလေး ရွှေစင်ဆီဖုန်းဆက်ရင်းနဲ့ မေမိ ဟန်းဖုန်းနံပါတ်ကို ကျွန်တော် သိခဲ့ရတယ်။

တကယ်လို့သာ ကျွန်တော်သာ ဆေးကျောင်းသား အမှန်ဖြစ်ခဲ့ရင် ဘယ်လောက်ကောင်းလိုက်မလဲ။ ဖုန်းဆက်တောင် ဆက်ပြီးနေရှော့မယ်။

မေမိလို အရမ်းလှတဲ့ မိန်းကလေးတစ်ယောက်။ အရမ်းချမ်းသာတဲ့ မိန်းကလေး တစ်ယောက်နားမှာ အပျံစား၊ အမိုက်စားကောင်တွေ ဝိုင်းဝိုင်းလည်နေပါလိမ့်မယ်။ ကျွန်တော့်မှာသာ ဘာအရည်အချင်း၊ ဘာခနေအင်အားမှ မရှိတဲ့ အညတြ . . .

မေမိအကြောင်းတွေးရင်းက ညီမလေးရွှေစင်အကြောင်း ကျွန်တော်ဆက်လို့ တွေးမိပြန်ပါတယ်။ ညီမလေးမှာ ရည်းစားရှိနေပြီတဲ့။

ပြီးတော့ ရည်းစားက တစ်ယောက်တည်း မဟုတ်ဘူးတဲ့။

ကြွက်နီ မြင်လိုက်တာတင် သုံးလေးယောက်တဲ့ ညီမလေးဟာ ခေတ်ရှေ့ သိပ်ပြေးလွန်နေပြီလား။

ငယ်သူမို့ ရည်းစားထားတဲ့ကိစ္စကို ဘာမှအပြစ်ပြောစရာ



www.burmeseclassic.com

www.burmeseclassic.com



မရှိပေမယ့် ရည်းစားသုံးယောက် ထားတာကတော့ ကျွန်တော့် ရင်ထဲမှာ ခိုးလိုးခုလု ဖြစ်နေပါတယ်။

ဒီကိစ္စကို ဖွင့်မေးရမယ်။ ဒါပေမယ့် ပြောင်ကြီးမေးလိုက် ကောင်းပါ့မလား။ မောင်နှမချင်း ပြောသင့်တဲ့ ကိစ္စမဟုတ်ပေမယ့် ကျွန်တော်ပဲ အဖေ၊ ကျွန်တော်ပဲ အမေဆိုတော့ မေးတော့ မေးမှ ဖြစ်လိမ့်မယ်။



(၄)

ညတစ်နာရီ ကျော်ကျော်လောက်မှာ ကျွန်တော်အိပ်ရာက လန့်နိုးလာတယ်။ နှာခေါင်းထဲမှာ မီးခိုးနံ့ကြီးက ထောင်ထနေတယ်။ မီးများလောင်နေသလား။ နွေဥတုဆိုတော့ မီးဘေးကလည်း အတော့်ကို စိုးရိမ်နေရတဲ့အချိန်၊ ကျွန်တော်လည်း ကပျာကယာ အိပ်ရာက လူးလဲထပြီး အခန်းမီးကို သွားဖွင့်တယ်။ ဒါပေမယ့် မီးပြတ်နေတယ်။

"ဟေ့ကောင် . . ကြွက်နီ . . ထစမ်း ညှော်နံ့ တအားနံ နေတယ် . . မီးများ လောင်နေသလားလို့ "

"အဟွတ် အဟွတ် . . ဟုတ်မယ် . . ဟုတ်မယ်ကွ . . မီးခိုးတွေမှ မွှန်ထူနေတာပဲ . . ဟိုကောင် ဝင်းမြင့်ကို နှိုးလိုက်စမ်း . . . ငါမီးဖိုထဲ သွားကြည့်မယ် . . အဟွတ် အဟွတ်"

"ဝင်းမြင့် . . ဝင်းမြင့် . . ထစမ်းကွာ . . မီးများ လောင် နေသလားလို့"



www.burmeseclassic.com

www.burmeseclassic.com



ဝင်းမြင့်က အအိပ်ဆတ်ပါတယ်။ အခန်းထဲမှာ မှောင်နေပေမယ့် လမ်းမီးတချို့လင်းနေတော့ ဝိုးတဝါးအလင်းရောင်လေးတော့ ရှိနေတယ်။ အဲဒီတုန်းမှာပဲ လမ်းထဲက အော်သံတချို့ ကြားရတယ်။

“မီးဗျို့ . . မီး . . မီး . . တိုက်နံပါတ် တစ်ရာ့ခြောက်မှာ မီးလောင်နေတယ်”

“မီး မီး . . . . မီးလောင်နေတယ်”

“ဟေ့ကောင် ရာဇာ . . မီးဖိုထဲမှာတော့ အေးဆေးပဲကွ တို့အိမ်က မဟုတ်ဘူး . . တော်သေးတာပေါ့ကွာ . . ငါက တို့အိမ်က များလားလို့”

“တိုက်နံပါတ် . . တစ်ရာ့ခြောက်မှာ မီးလောင်နေတယ် မီး မီး”

“တိုက်နံပါတ် တစ်ရာ့ခြောက်ဆိုပါလား . . . အဲဒါဆို အေးဆေးပါ”

“မင်းကြီးတော်ကြီး အေးဆေးရမှာလား . . . တစ်ရာ့ခြောက်က ဟို့တိုက်လေကွာ ”

“ဟေ”

ကြွက်နီတို့ ကြောင်လိုက်ပုံများ အဲဒါသာ ကြည့်ပေရော့ ကျွန်တော်တို့လည်း စိတ်ပူပြီး ဝရန်တာကနေ ထွက်ကြည့်ကြတယ်။ အဲဒီတော့မှ ကျွန်တော်တို့တိုက်ရဲ့ သုံးလွှာက မီးခိုးတွေနဲ့ မီးတောက်တချို့ကို မြင်ရတယ်။ ဝင်းမြင့်ကဆို ကြောက်လွန်းလို့ ဒူးတွေ တဆတ်ဆတ်တုန်နေတယ်။

တိုက်ခန်းတွေမှာ မီးလောင်ရင် တဲအိမ်တွေ မီးလောင်သလို မီးကူးစက်တာတော့ မမြန်ပေမယ့် အဲဒီ လောင်နေတဲ့ အခန်း





ရဲ့ အထက်မှာရှိတဲ့အခန်းတွေဟာ အန္တရာယ်ရှိနေပါတယ်။ အခုလည်း ကျွန်တော်တို့တိုက်ရဲ့ သုံးလွှာမှာ မီးလောင်နေလို့ လေးလွှာ၊ ငါးလွှာ၊ ခြောက်လွှာစတဲ့ အပေါ်ကအခန်းတွေအတွက် စိုးရိမ်စရာကောင်းနေပါတယ်။

မီးရဲ့ သဘောဟာ အပေါ်ကိုပူစေတဲ့အတွက် ကျွန်တော်တို့ခြောက်လွှာမှာတောင် လာပြီး အပူရှိန်ဟပ်နေပါတယ်။ လမ်းမတလျှောက်မှာတော့ လူတွေ ဖွေးဖွေးလှုပ်နေတယ်။

“မီးသတ်ကား ခေါ်ထားတယ် မဟုတ်လား ”

“မီးများတယ် . . မီးများတယ်”

*“အပေါ်က လူတွေ ဆင်းပြေးကြပါတော့လား”*

အောက်ဖက်က အသံတွေကြောင့် ကျွန်တော်တို့ သုံးယောက်လည်း တုန်လှုပ်ချောက်ခြားလာပါတယ်။ ဒုက္ခပဲ။ မီးများတယ်ဆိုရင် ကျွန်တော်တို့အတွက် အန္တရာယ်ရှိတယ်။

“ဟေ့ကောင်တွေ . . ပိုက်ဆံနဲ့ အရေးကြီးတဲ့ ပစ္စည်းတွေ ယူပြီး ဆင်းပြေးကြစို့”

“ဟာ တို့မှာ ပိုက်ဆံမှမရှိတော့တာ . . ယူစရာပစ္စည်းဆိုလို့ မင်းကွန်ပျူတာကြီး တစ်လုံးပဲ ရှိတယ်”

“အို . . . ကိုကြွက်နီကလည်း . . ကွန်ပျူတာကြီးတော့ ယူသွားစရာ မလိုပါဘူး . . ရေချိုးခန်းထဲက ရေတိုင်ကီထဲ နှစ်ထားခဲ့ပြီး မီးငြိမ်းမှ ပြန်ဆယ်လိုက်ပေါ့”

“ခွေးကောင် ဘာမှလဲမသိပါလား . . . အောင်မလေး သူပြောသလိုသာ လုပ်လိုက်ရင်တော့ . . . ဒုက္ခပဲ”

“နောက်တော့ ကျွန်တော်တို့လည်း မှုန်ဝါးဝါး အလင်းရောင်နဲ့ပဲ ပစ္စည်းပစ္စယတွေ သိမ်းကြပါတယ်။ ကျွန်တော်က ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော့်ရဲ့ သော့ကိစ္စနဲ့ဆိုင်တဲ့ ပစ္စည်းတွေအားလုံးကို စုပြီး ပုဆိုးတစ်ထည်နဲ့ ထုတ်လိုက်တယ်။ လုပ်ကိုင်စားသောက်ဖို့က ဒီပစ္စည်းတွေ မရှိလို့မရဘူး မဟုတ်လား။ ကြွက်နီကတော့ ကျွန်တော်တို့ရဲ့ အဝတ်အစားတွေကို အိပ်ရာခင်းထဲ ဖြန့်ချပြီး ထုတ်မလို့ ပြင်တယ်။ ဝင်းမြင့်ကတော့ ကြံမိကြံရာနဲ့ ဒန်အိုးဒန်ခွက်တွေ မ,ပြီး ထွက်လာတယ်။

"ဪ . . . အရေးထဲ ဒန်အိုးဒန်ခွက်တွေက ဘာလုပ်ဖို့လဲ . . ဟာ ငရုတ်ဆုံကြီးတောင် ပါလိုက်သေး . . လုပ်လုပ် . . မီးက သိပ်အားကောင်းနေပြီ . . . တို့တွေ ဆင်းပြေးကြရအောင် "

ကျွန်တော်တို့လည်း ကိုယ့်အခန်းတံခါးတောင် မပိတ်နိုင်တော့ဘဲ လှေကားက ပြေးဆင်းခဲ့ကြတယ်။ ဟုတ်ပါတယ်။ လူ့ဘဝမှာ အသက်ထက် တန်ဖိုးရှိတဲ့အရာမရှိပါဘူး . . ဘာတဲ့ လူမသေ ငွေမရှားတဲ့ စကားပုံတောင် ရှိသေးတယ်။

"မီးများတယ်ဗျို့ . . လှေကားဘက်ကိုတောင် မီးတောက်တွေ ထွက်နေလို့ . . ဘယ်လိုမှ ဆင်းမရဘူး . . . ပြန်တက်ကြ ပြန်တက်ကြ . . . ခေါင်မိုးပေါ်သွားကြမှ လွတ်မယ်"

ငါးလွှာလောက်ကို ရောက်ရော အောက်က ပြန်တက်လာတဲ့ လူတွေက ကျွန်တော်တို့ကို အကျိုးအကြောင်း လှမ်းပြောတယ်။ ဒါကြောင့်မို့ ကျွန်တော်လည်း လှေကားလက်ရန်းကို အားပြုပြီး အောက်ကိုလှမ်းကြည့်တဲ့အခါ သူပြောသလိုပဲ လှေကားအိမ်ထဲမှာတောင် မီးတောက်တွေကို တွေ့ရပါတယ်။ လေးလွှာက လူတွေ ငါးလွှာကလူတွေနဲ့ ကျွန်တော်တို့တစ်အုပ်ပေါင်းပြီး လှေကားအတိုင်း အပေါ်ကို ဆက်တက်တဲ့အခါ ခုနစ်လွှာက လူတွေပါ, ပါလာပြီး ရှစ်လွှာအထိ ရောက်သွားတယ်။





"အောက်ကိုတော့ ဘယ်လိုမှ ဆင်းလို့မရတော့ဘူး . . . ဒီတော့ ကျွန်တော်တို့ ခေါင်မိုးပေါ် တက်ကြရအောင် . . . ဟော မီးသတ်ကား လာပြီထင်တယ် . . ဥသြဆွဲသံကြား ရတယ်"

ရှစ်လွှာက လူတွေကလည်း ကျွန်တော်တို့ကို တံခါးဖွင့်ပေးပြီး ခေါင်မိုးပေါ်ရောက်အောင် ကူညီသလို သူတို့လည်း အပေါ်ကို လိုက်တက်လာကြတယ်။ အားလုံး အထုပ်အပိုးကိုယ်စီနဲ့ အသက်ရှစ်ဆယ်လောက်ရှိမယ့် အဘွားကြီးတစ်ယောက်ကလည်း တုန်တုန်ချိချိနဲ့ အပေါ်ကိုရောက်လာတယ်။ ခေါင်မိုးကကျယ်ပေမယ့် သွပ်မိုးက နိမ့်လျှောကြီးဖြစ်နေလို့ ကျွန်တော်တို့တစ်ယောက်နဲ့ တစ်ယောက် ဖေးဖေးမမနဲ့ပဲ ခေါင်မိုးပေါ်မှာ ဖြစ်သလို ရပ်နေရတယ်။

တော်သေးတယ် . . တစ်ခုက ကျွန်တော်တို့တိုက်မှာ နဖူးတားရှိတယ်။ အဲဒီနဖူးတားက ခါးလောက်အထိ မြင့်တော့ အောက်ကို အလွယ်တကူ ပြုတ်မကျနိုင်ဘူး။

"မိုက်တယ်ကွ . . အခုလို အပေါ်စီးကကြည့်မှ ရန်ကုန်ရဲ့ ညအလှဟာ ခံစားလို့ ကောင်းတာ"

"ဟုတ်လား ဒါဆိုအောက်က မီးလောင်နေတဲ့ အလှကိုလည်း ကြည့်ပြီးခံစားလိုက်ဦး"

ကြွက်နီက ခေါင်မိုးပေါ်ကနေ ရန်ကုန်ညအလှကို ခံစားနေတာကို ကျွန်တော်ကလည်း အမြင်ကတ်ကတ်နဲ့ ပြောလိုက်ပါတယ်။

"တို့တွေကို အောက်က မမြင်ရင် ဘယ်လိုလုပ်မလဲ"

"ဟုတ်တယ် . . မီးသတ်ကားသံနဲ့ဆိုတော့ ဘာမှကြားရမှာလဲ မဟုတ်ဘူး"

"ဒုက္ခပါပဲ . . ဒီလိုဆိုတို့ ဘယ်လိုလုပ်ကြမလဲ ပိုက်ကနေ



www.burmeseclassic.com

www.burmeseclassic.com



တွယ်ဆင်းကြမလား"

"ဟာ . . . ယောက်ျားတွေအတွက်ကတော့ ဟုတ်တာပေါ့ . . မိန်းမနဲ့ ကလေးတွေကျ ဘယ်လိုလုပ်မလဲ"

"ဟုတ်တယ် ဟုတ်တယ် . . သူများလည်း အဲဒီလို မဆင်းရဲဘူး"

"ဩော် . . အရေးထဲ . . ဟောဒီ အခြောက်က တမျှော်"

အောက်ဖက်က ဆူဆူညံညံ အသံတွေ ကြားနေရပြီး မီးသတ်ကားဆီက ရေတွေ အပေါ်ကို ထိုးထွက်လာပါတယ်။

"ဟေး . . . ဟုတ်ပြီကွ . . မီးကို ရေနဲ့ငြိမ်းနေပြီ"

"ဟေး . . . ဟုတ်ပြီ . . ဟုတ်ပြီ . . များများထိုး . . များများထိုး"

"အင်း . . . ကျွန်တော် တစ်ခုစဉ်းစားမိတယ်ဗျ . . . မီးလောင်တဲ့ အခန်းက ပူလွန်းလို့ ကြွပ်နေတာ . . . အဲဒါကို ရေနဲ့ ထိုးလို့ ပြိုကျသွားရင် ကျွန်တော်တို့ အခန်းတွေလဲ လိုက်ပြိုမှာပဲ"

"ဟုတ် . . ဟုတ်လား . . ဘုရား . . ဘုရား . . ."

"အဲဒါဆို ကျုပ်တို့ ဘယ်လိုလုပ်ကြမလဲ . ."

"ဟာ . . . ကံကောင်းတယ်ဗျို့ . . . ကျွန်တော့်မှာ ဟန်းဖုန်းပါလာတယ် . . နေဦး . . . ကျွန်တော် ဖုန်းဆက်လိုက်ဦးမယ်"

လေးလွှာကလူက သူ့ဟန်းဖုန်းကို သတိရပြီး ဖုန်းကောက်ဆက်ပါတော့တယ် ။

"ဟဲလို . . . အခုပြောတာ . . ခင်မောင်သန်းလားဟင် . . ခင်မောင်သန်းတို့ အိမ်ကမဟုတ်ဘူးလား . . . ဗျာ . . ရေဝေးသုဿန်က ဟုတ်လား . . . ဟာ . . . ဒုက္ခပဲ"





"ဟေ့လူ . . ခင်ဗျား ဖုန်းမှားတာကလဲဗျာ . . မှားစရာရှားလို့"

"ဘုရား . . . ဘုရား"

"နေဦး . . နေဦး . . ကျွန်တော် ဆက်ဦးမယ် . . ဟယ်လို . . ခင်မောင်သန်းလား ငါပါကွ — မိုးကျော်ပါ . . တို့လား . . အခုတိုက် ခေါင်မိုးပေါ်မှာ . . အေး . . ဒုက္ခရောက်နေတယ် . . . အောက်ကိုလည်း ဆင်းလို့မရဘူး . . မီးအပူရှိန်ကလည်း အရမ်းများ မီးခိုးတွေကလည်း တအားအူဆိုတော့ အခန်းထဲမှာ ဘယ်လိုမှ နေလို့မရဘူး . . . အေး . . တို့ခေါင်မိုးမှာ . . . အားလုံး . . နေဦး . . တစ် . . နှစ် . . သုံး . . လေး . . "

ဂျီအက်စ်အမ်ပုဂ္ဂိုလ်က ဖုန်းပြောနေရင်း ခေါင်မိုးပေါ် ရောက်နေတဲ့ လူအုပ်ကို ရေတွက်နေပါတယ်။

"ဟုတ်ပြီ . . ဆယ့်သုံး . . ဆယ့်လေး . . အားလုံး ဆယ့်လေးယောက်"

"ဟေ့လူ . . ခင်ဗျားကိုယ်ခင်ဗျားထည့်ရေဖို့ မေ့သွားတယ်"

"အဘွား ရေတွက်လိုက်တာကွယ် . . ရေဘူးလေးများ မပါကြဘူးလား"

"ရေတွက်ရင်လည်း တောင့်ထားဗျာ . . ဒီပေါ်က မြန်မြန်ဆင်းနိုင်ဖို့ပဲ အရေးကြီးတယ် . . . တော်ကြာ ပြိုကျရင် အားလုံးသေကုန်မှာ"

"အေး . . . အဲဒါကြောင့် ရေသောက်ချင်တယ်ပြောတာပေါ့ . . . တော်ကြာ အခု ပြုန်းခနဲ သေသွားရင် ရေလေးတောင် သောက်မသွားရဘဲ နေဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒုက္ခပါပဲ . . မီးကလည်း မငြိမ်းသေးဘူးလား မသိဘူး"

"ဟာ . . ဟိုမှာ ကရိန်းကြီး ကျုပ်တို့ဘက်ကို ထောင်လိုက်ပြီ . . . အဲဒီ ကရိန်းကြီးနဲ့ ကျုပ်တို့ကို အောက်ချပေးမယ်နဲ့ တူတယ်"

"အောင်မလေး . . အဲဒါကြီးနဲ့တော့ မဆင်းရဲဘူး"

"မိန်းကလေးတွေ . . ထဘီ ခါးတောင်းကျိုက်ထားကြပါ"

"အို ဘာလို့လောနေတာလဲ . . ကရိန်းခွက်ကြီးပဲ ကျွန်မတို့ဆီ ရောက်ပါစေဦး"

ခေါင်မိုးပေါ်မှာလည်း တစ်ယောက်တစ်ပေါက်နဲ့ ပွစိပွစိ ဖြစ်နေပါတယ်။ ကျွန်တော်ကတော့ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲလို့ စဉ်းစားနေမိတယ်။ မီးလောင်ရင် ခပ်ထားတဲ့သော့တွေဟာ ဘယ်လောက်လုံလုံ၊ အလကား ဖြစ်သွားတာပါပဲ။ လူတွေရဲ့ လုံခြုံရေးကို ခြိမ်းခြောက်နေတာ သူခိုးတစ်မျိုးထဲမှ မဟုတ်တာပဲဗျာနော်။ လူတွေဟာ မီးကိုမေ့ထားကြလို့ အဲဒီတုန်းမှာ ဂျီတက်စ်အမ် ပုဂ္ဂိုလ်ရဲ့အသံ ထွက်လာပြန်တယ်။

"ဗျာ . . မီးက အခုထိ အရှိန်မညှိုးသေးဘူး ဟုတ်လား . . . ဒါဆို ကျွန်တော်တို့က ဘယ်လိုလုပ်ရမလဲ . . မီးခိုးတွေလဲ မွန်လို့ အသက်ရှူကြပ်ပြီး သေတော့မယ် . . ကျွန်တော်တို့ကို ကယ်ဖို့ စီစဉ်နေပြီ ဟုတ်လား . . . ကောင်းတယ် ကောင်းတယ် မြန်မြန်လေးသာကယ် . . ဩော် ဒါနဲ့ ခင်ဗျားတို့မှာ ရေသန့်ဘူးတွေပါရင် ကရိန်းနဲ့ သုံးလေးဘူး ထည့်ပေးလိုက်စမ်းပါ. . . ဒီမှာ ရေငတ်လွန်းလို့ သေတော့မယ်. . . ဘာ . . ဘယ်လို . . ကိုခင်မောင်သန်း . . ရေသန့်ဘူးက မလွယ်ဘူးဟုတ်လား . . ဒါဆိုရင် ကျွန်တော်တို့က ဘယ်လိုလုပ်ရမလဲ . . ဟာ . . ကျွန်တော်





တို့ဆီ ရေပန်းလှမ်းထိုးပေးမယ် ဟုတ်လား . . အဲဒီရေကို ကျွန်တော်တို့ သောက်ရမယ်ပေါ့ . . ဘာ . . ဒီနည်းပဲရှိတယ် ဟုတ်လား . . . ကောင်းပြီ . . ကျွန်တော့် လူတွေပြောပြလိုက်မယ် . . ကဲ . . အားလုံးပဲ . . ရေငတ်နေတဲ့သူတွေ ပါးစပ်ဟ ထားကြပါ . . အောက်ကနေ ရေပန်းနဲ့ လှမ်းထိုးပေးလိမ့်မယ်"

"အဘွား အဘွား . . ပါးစပ်ဟ,ထား မိုးရွာတော့မယ်"

ကြွက်နီက အရေးထဲ အဘွားကြီးကို လှမ်းနောက်နေသေးတယ်။ အဘွားကြီးကလည်း ဘုမသိဘမသိနဲ့ ပါးစပ်ကလေး ဟ,ထားပေးတယ်။ အဲဒီတုန်းမှာပဲ ကျွန်တော်တို့ ကိုယ်ပေါ်ကို ရေစက်ရေပေါက်တွေ ကျလာတယ်။ နွေညဟာ နဂိုကမှ ပူလောင် အိုက်စပ်နေရတဲ့အထဲ အခုလို မီးအပူရှိန်အဟပ်ခံရတော့ တကယ်ကို ပူလောင်အိုက်နေပါတယ်။ ရေစက်ရေပေါက်တွေ တဖြည်းဖြည်း များလာတဲ့အခါ ကျွန်တော်တို့ရဲ့ ပူလောင်အိုက်စပ်မှုတွေ သိသိသာသာ လျော့ကျသွားပြီး ပျော်သလိုတောင် ဖြစ်လာမိပါတယ်။

"ဟဲ ဟဲ . . သင်္ကြန်ကျနေသလားတောင် ထင်ရတယ် ရာဇာ"

"ပြောရင်းဆိုရင်း ကရိန်းခွက်ကြီး ကျွန်မတို့ဆီ တက်လာနေပြီ သမီးတို့ ထမိတွေ ခါးတောင်းကျိုက်ထားကြ"

"အပီအပြင်ပဲပေါ့ . . အဲ . . အပီအပြင်ကို ခါးတောင်းကျိုက်ကြနော် . . . တော်ကြာမှ ခါးတောင်းကျိုက်ပြုတ်သွားလို့ ဒုက္ခရောက်နေဦးမယ်"

ကြွက်နီက အူမြူးနေတယ်။ ကောင်မလေးတွေက ရှက်ကိုး ရှက်ကန်းနဲ့ ကျွန်တော်တို့ဘက်ကို လှည့်ကြည့်တယ်။

"အစ်ကိုတို့ကို ရှက်တယ်ထင်ပါတယ်. . . ကဲ . . တို့



www.burmeseclassic.com

www.burmeseclassic.com



ကောင်တွေ ဟိုဘက် လှည့်ပေးလိုက်ရအောင် . . လုပ်လုပ် . . မင်းတို့ လွတ်လွတ်လပ်လပ် . . ကျိုက်ချင်သလိုသာ ကျိုက်ကြ . . အစ်ကိုတို့ကို ဂရုမစိုက်နဲ့ . . . ရာဇာနဲ့ ဝင်းမြင့် မင်းတို့လည်း ဟိုဘက် လှည့်"

ကျွန်တော်တို့လည်း မိန်းကလေးတွေကို ကိုယ်ချင်းစာပြီး တစ်ဖက်ကို လှည့်ရပ်ပေးလိုက်ပါတယ်။ အဲဒီတုန်းမှာ ကြွက်နီက ကျွန်တော်ကို ခပ်တိုးတိုးလေး ပြောပါတယ်။

"အကျီအပြာ ဝတ်ထားတဲ့ ကောင်မလေးက လှတယ်ကွ ခြောက်လွှာက . . . ငါတို့ပြန်လှည့်ရင် . . ဟီး ဟီး . . သူ့ပေါင် ဖြူဖြူလေးတွေ တွေ့ရမှာ . . ပွတာပဲ"

ဩော် . . . အရေးထဲ . . . ဒီလောက် ဒုက္ခရောက်နေတာတောင် နှာဘူးက ထချင်သေးတယ်။

"အင်း . . အိမ်ငှားတွေများကျတော့လဲ ပြုံးလို့ ရယ်လို့ . . အေးလေ . . သူတို့က အိမ်ပိုင်မှမဟုတ်တာ . . ဘယ်စိတ်ပူပါ့မလဲ"

အနီးက မိန်းမကြီး တစ်ယောက်က ကျွန်တော်တို့ကို ခပ်တိုးတိုးလေး ဝေဖန်မှ ကျွန်တော်တို့လည်း မျက်နှာပိုးသတ်ကြပါတယ်။ အဲဒီနောက်မှာတော့ ကျွန်တော်တို့ဆီကို ကရိန်းခွက်ကြီး ရောက်လာပြီး သုံးယောက်စီခေါ် တင်ပါတယ်။ အဲဒီမှာလည်း ပထမဆုံးအခေါက်မှာ သူလိုက်မယ်၊ ငါလိုက်မယ်နဲ့ ဖြစ်ကြသေးတယ်။ မိန်းမတွေနဲ့ ကလေးတွေကို အောက်ချပြီးတဲ့အခါမှာ ကျန်တဲ့ ယောကျ်ားတွေကို အလှည့်ကျ ချပေးတယ်။

ဒါနဲ့ပဲ ကျွန်တော်တို့ အုပ်စုအောက်ကို ချောချောမောမော ရောက်ခဲ့ပါတော့တယ်။ နာရီဝက်လောက်နေတော့ မီးလောင်နေတဲ့





အခန်းလည်း လုံးဝမီးငြိမ်းသွားပါတယ်။ ကျွန်တော်တို့ မီးဘေးဒုက္ခသည်တွေကိုတော့ ကျွန်တော်တို့ လမ်းထဲက မူလတန်းကျောင်းကလေးမှာ ယာယီနေရာချထားပေးပါတယ်။ မီးလောင်သွားတဲ့ တတိယထပ်ကလွဲရင် ကျန်တဲ့ အခန်းတွေမီးမလောင်ပေမယ့် ရေစိုပြီး ပျက်စီးတာတွေလည်းရှိမှာပါ။ ဘာပဲဖြစ်ဖြစ်လေ လူတွေတစ်ယောက်မှ ဘာမှမဖြစ်တာကိုဘဲ ကျေးဇူးတင်ကြရမယ်။

ကျွန်တော်တို့ ဒုက္ခသည်တွေကို တာဝန်ရှိ ပုဂ္ဂိုလ်တစ်ချို့ လာကြည့်ပြီး အားပေးကြပါတယ်။ နာရီကြည့်မိတော့ နှစ်နာရီခွဲနေပြီ။ ဒါပေမယ့် ကျွန်တော်တို့အားလုံး မျက်စိကြောင်နေကြပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ မနက်မှာတော့ ကျွန်တော်တို့ အားလုံး ကိုယ့်အခန်းကိုယ်ပြန်တက်ခွင့်ရကြပါတယ်။ ကျွန်တော်တို့ အခန်းကတော့ မှန်တချို့ကွဲပြီး အိပ်ရာတွေ ရေစိုကုန်သလို၊ ကွန်ပျူတာကိုလည်း ရေတွေ စိုကုန်ပါတယ်။ ဝင်းမြင့်ကတော့ တကယ်ကို အားကိုးရပါတယ်။ အခန်းထဲ ပြန်ရောက်ရောက်ချင်း အခန်းကို ရှင်းလင်းသန့်စင်ပါတယ်။ ကြမ်းပေါ်က ရေတွေကို သုတ်တယ်။ အိပ်ရာတွေကို နေပူထုတ်လှမ်းတယ်။

"တို့ . . . ဆိုင်ထွက်လို့တော့ မဖြစ်ဘူး . . . နှစ်ရက်လောက်တော့ ပိတ်ထားလိုက်မယ်"

"ကောင်းတယ် . . . ဒါပေမယ့် တို့လက်ထဲမှာ ပိုက်ဆံကလုံးဝ မရှိသလောက်ပြတ်နေတာ . . ဘယ်လိုလုပ်ကြမလဲ"

အဲဒီလို ပိုက်ဆံ မရှိလို့ စိတ်ညစ်နေတုန်းမှာပဲ ကျွန်တော့်အတွက် ပြဿနာဖြစ်မယ့် ကိစ္စတစ်ခု ပေါ်လာပြန်ပါတယ်။ ဖြစ်ပုံက ဒီလိုပါ။ ပုဂ္ဂလိက စီးပွားရေးကုမ္ပဏီတစ်ခုရဲ့ မီးခံသေတ္တာမှာ ပြဿနာတက်နေလို့ ကျွန်တော့်သူငယ်ချင်း သူရိန်ကနေ တဆင့်





ဆက်သွယ်ပြီး ကုမ္ပဏီက မန်နေဂျာဆိုသူတစ်ယောက် ကျွန်တော့်ဆီကို ရောက်လာပါတယ်။

"ဒီနေ့ ငွေပေးငွေယူ ကိစ္စတွေ လုပ်စရာလဲ ရှိတယ် . . . ဘဏ်က ထုတ်ပေးဖို့ကလဲ ဘဏ်လက်ကျန် သိပ်မရှိလို့ဗျ . . . အဲဒါ ဒီက ကိုရာဇာ ကူညီပေးနိုင်မလားဟင်"

"မီးခံသေတ္တာ သော့ပျောက်သွားလို့လား"

"သော့ပျောက်တာတော့ မဟုတ်ဘူး . . သော့က ဂျမ်းဖြစ်ပြီး အထဲမှာကျိုးကျန်ခဲ့တာ"

"မီးခံသေတ္တာက ဘာအမျိုးအစားလဲ"

"မသိဘူးဗျ . . . အင်း ကျွန်တော့်စိတ်ထင်တော့ အခုခေတ်ပေါ် မီးခံသေတ္တာ မဟုတ်တာ သေချာတယ် . . . ဂဏန်းတွေ မပါဘူး . . . သော့နဲ့ပဲ ပိတ်ရတာ"

"စပယ်ယာသော့တွေ ရှိလား"

"ရှိတယ် . . . ဒါပေမယ့် ကျွန်တော့် အမ်ဒီဆီမှာ တစ်ချောင်း . ဂျီအမ်ဆီမှာ တစ်ချောင်း . . . သူတို့က အခု နိုင်ငံခြားခရီးသွားတယ် . . . အဲဒါကြောင့် ကျွန်တော့်မှာ အရမ်း အခက်အခဲ ဖြစ်နေတာ"

"ကောင်းပြီလေ . . . ကျွန်တော် လိုက်ခဲ့မယ်"

ကျွန်တော်လည်း လိုအပ်တဲ့ ပစ္စည်း ကိရိယာတချို့ အိတ်ထဲကောက်ထည့်ပြီး အဲဒီမန်နေဂျာ ခေါ်လာတဲ့ တက္ကစီနဲ့ပဲ သူ့ကုမ္ပဏီကို လိုက်သွားမိတယ်။ ကားပေါ်မှာကတည်းက ကျွန်တော့်စိတ်ထဲ ဘဝင် မကျတဲ့ စိတ်ပေါ်လာတယ်။ ဒီလူရဲ့ကုမ္ပဏီက ကားမရှိဘူးလား။ မန်နေဂျာတစ်ယောက်ရဲ့ လုပ်ပိုင်ခွင့်မှာ ကားတောင်ယူပိုင်ခွင့်မရှိဘူးလား။ ပြီးတော့ သူ့မှာ ကုမ္ပဏီကဝန်ထမ်းတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် တစ်လေတောင် ပါမလာဘူး။ ဒါပေမယ့်လည်း ကျွန်တော့် စိတ်မှာ ဘဝင်မကျဖြစ်နေတဲ့ အဲဒီအချက်တွေဟာ ချက်ချင်းပျောက်သွားပါတယ်။

ကုမ္ပဏီဆိုတာက အလုပ်များရင် များသလို၊ သူ့ဌာနနဲ့သူ လှုပ်ရှားနေကြတာ မဟုတ်လား။ တချို့ကုမ္ပဏီတွေဆို ရှိတဲ့ကားလေး တစ်စီးနှစ်စီးကိုပဲ မျှတသုံးစွဲနေရတာ။ ဦးစားပေး ကိစ္စတွေ များနေလို့ ဖြစ်မှာပေါ့။ နောက်ပြီး သူနဲ့ လိုက်လာဖို့ ဝန်ထမ်းတွေကလည်း အားချင်မှ အားမှာ မဟုတ်လား။ ကုမ္ပဏီကို ရောက်တော့ ဒီလူက ကျွန်တော့်ကို အခန်းတစ်ခုထဲ တန်းခေါ်သွားတယ်။ အဲဒီအခန်းက အတော်ကလေးကို ခမ်းခမ်းနားနား ကြီးကြီးကျယ်ကျယ်ပဲ။ ဆုံလည်ကုလားထိုင်နဲ့ စားပွဲကြီးရဲ့ နောက်မှာ ရှေးဟောင်း မီးခံသေတ္တာကြီးတစ်လုံး ရှိနေပါတယ်။

"အဲဒီ မီးခံသေတ္တာပဲဗျ . . . ကဲ . . ခင်ဗျား အေးအေးဆေးဆေးသာလုပ် . . . ကျွန်တော်လည်း အပြင်မှာ စီစဉ်စရာတွေ ရှိတာ စီစဉ်ပြီးရင် ချက်ချင်းပြန်လာခဲ့မယ်"

သူအပြင်ကို ထွက်သွားတဲ့ အချိန်မှာ ကျွန်တော်လည်း မီးခံသေတ္တာသော့ကို စစ်ဆေးရပါတော့တယ်။ မီးခံသေတ္တာရဲ့ သော့အိမ်ထဲမှာ သော့တစ်ချောင်းဟာ သူပြောသလိုပဲ ကျိုးကျန်နေတာတွေ့ရပါတယ်။ ဒါပေမယ့် ကျိုးနေတဲ့ သော့ကို မြင်ရုံနဲ့ ကျွန်တော့် စိတ်ထဲမှာ ဘဝင်မကျတာတစ်ခု ပေါ်လာပြန်တယ်။ ကျိုးနေတဲ့ သော့ဟာ မီးခံသေတ္တာရဲ့ အမှန်အကန်သော့ မဟုတ်ဘူး။

ခပ်ဆင်ဆင်တူတဲ့ သော့တစ်ခုကို ရှာပြီး သော့အိမ်ထဲ ထည့်ဖွင့်ရာက သော့ကျိုးပြီး အထဲမှာ ကျန်ခဲ့တာ ဖြစ်ရမယ်။ အဲဒီတုန်းမှာ မန်နေဂျာဆိုတဲ့လူ အခန်းထဲ ပြန်ဝင်လာတယ်။ သူ့မျက်နှာ





ဟာ ပျာယီးပျာယာဖြစ်နေသလိုပဲ။

"ခပ်မြန်မြန်လေး လုပ်ပေးလို့ မရဘူးလားဟင် . . . ခဏနေရင် ငွေပေးငွေယူ လုပ်မယ့်သူတွေ ရောက်လာတော့မယ်"

"ကျွန်တော်လုပ်ရမယ့် အပိုင်းက နှစ်ပိုင်းဖြစ်နေတယ် . . . ပထမတစ်ပိုင်းက သော့အိမ်ထဲက သော့အကျိုးကို ထုတ်ဖို့ . . . ဒုတိယတစ်ပိုင်းက သော့ကိုဖွင့်ဖို့ . . . အဲဒီတော့ နာရီဝက်လောက်တော့ အနည်းဆုံးကြာမယ်"

"အင်းလေ . . . ဘာတတ်နိုင်မှာလဲ . . . မြန်မြန်လေးသာ လုပ်ပေးဗျာ"

အဲဒီနောက်မှာတော့ ကျွန်တော့်ပညာတွေ အကုန်သုံးပြီး သော့အကျိုးကို ထုတ်ရတယ်။ အခန်းထဲမှာ အဲယားကွန်း ဖွင့်ထားပေမယ့် သော့အပေါ် အာရုံစိုက်ထားရလွန်းလို့ ကျွန်တော့် တစ်ကိုယ်လုံး ချွေးတွေ ရွှဲနစ်နေပါတယ်။ နာရီဝက်လောက်လဲ ကြာရော သော့ပွင့်သွားရော။ အဲဒီတော့မှ မင်းသားခေါင်းဆောင်းထားတဲ့ ဘီလူးရုပ်အသွင် ပေါ်လာပါတော့တယ်။

မန်နေဂျာဆိုတဲ့လူဟာ သော့ပွင့်သွားတာနဲ့ အထဲက ပိုက်ဆံ တွေကို သားရေအိတ် တစ်လုံးထဲကို ကောက်ထည့်ပါတယ်။ ပြီးတော့ ကျွန်တော့်ဘက်ကို ငွေစက္ကူ တစ်ထုတ်လှမ်းပစ်ပေးတယ်။ သူ့မျက်နှာကလည်း စပ်ဖြီးဖြီးနဲ့။

"ကျေးဇူးအရမ်းတင်တယ်ဗျာ . . . ရော့ ရော့ . . ခင်ဗျားအတွက် ဉာဏ်ပူဇော်ခနဲ့ နှုတ်ပိတ်ခ . . . ကဲ . . . အဲဒီပိုက်ဆံတွေ ယူပြီးရင် ခင်ဗျား သွားတော့. . ."

"ကျွန်တော် မသွားနိုင်ဘူး . . . ရဲကို ခေါ်ရလိမ့်မယ် . . . ခင်ဗျားလုပ်တာတွေကို ဖွင့်ပြောပြီး ဖမ်းခိုင်းရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား . . . လုပ်လေ . . . အဲဒါဆို မင်းလဲ ကြံရာပါပဲ . . . မီးခံသေတ္တာကို ဖွင့်တာ မင်းပဲ . . . ငါမှ မဟုတ်တာ . . . အဲဒီတော့ မင်းလဲ ကြံရာပါပဲ . . . စိတ်အေးအေးထားပါ သူငယ်ချင်းရာ . . . တို့တွေဟာ ဘဝတူတွေပါ"

ကျွန်တော်လည်း ကပျာကယာနဲ့ စားပွဲပေါ်မှာ အဆင်သင့် ရှိတဲ့ တယ်လီဖုန်းကို ကောက်ကိုင်ပြီး ဒုရဲအုပ်ကိုစိုးဆီ ဆက်ဖို့ ကြိုးစားတဲ့အခါ ဒီလူက ဖုန်းကို အတင်းဝင်လုတယ်။ ဒါပေမယ့် ကျွန်တော်က သူ့ထက်ပိုပြီး လူကောင်ထွားလို့ ကျွန်တော့် လက်ထဲက ဖုန်းကို သူ မရပါဘူး။

"ကိုစိုး . . . ကျွန်တော်ပါ . . . ရာဇာပါ . . . ဒီမှာ ပြဿနာတစ်ခုတက်နေလို့ ချက်ချင်းလာခဲ့ပါ ကိုစိုး"

ကုမ္ပဏီရဲ့ လိပ်စာကို ပြောပြပြီး တယ်လီဖုန်းကို ချလိုက်တဲ့အချိန်မှာ အဲဒီလူဟာ သားရေအိတ်ဆွဲပြီး အခန်းထဲက ထွက်ပြေးဖို့ အလုပ်။ အခန်းထဲကို ကုမ္ပဏီက လူတွေ ဝင်လာလို့ သူ ပြေးခွင့် မရလိုက်ဘူး။ အဲဒီနောက်မှာတော့ ကျွန်တော်ကပဲ ကုမ္ပဏီက လူတွေကို အကျိုးအကြောင်း ရှင်းပြလိုက်တယ်။ ဒုရဲအုပ် ကိုစိုး ရောက် လာမှ ကျွန်တော်က ပိုပြီး ပြည့်ပြည့်စုံစုံ ရှင်းပြလိုက်ပါတယ်။

အဲဒီလူ နာမည်က သိန်းဝင်းတဲ့။ ဒီကုမ္ပဏီက ဝန်ထမ်း တစ်ယောက်ပါပဲ။ မန်နေဂျာရဲ့ပီအေ ဆိုပါတော့။ မန်နေဂျာ ခွင့်ယူတဲ့ နေ့မှာ မီးခံသေတ္တာထဲကငွေတွေကို သူ ကြံစည်တာ။ ကံကောင်းလို့ ကျွန်တော်ပါ ကြံရာပါ ဖြစ်တော့မလို့။ ကိုစိုးကတော့ ကျွန်တော့်ကို ချီးမွမ်းပါတယ်။ ဒီအမှုကို တရားရုံးတင်တဲ့အခါ ကျွန်တော့်ကို သက်သေနေရာမှာ ထားမယ်တဲ့။ ကျွန်တော် ကျောချမ်းသွားပါတယ်။





ရုံးတွေ၊ ထောင်တွေကို ကျွန်တော် ကြောက်လို့ပါ။ ဒီရက်တွေမှာ ကျွန်တော့်ကံဇာတာဟာ ညံ့နေပါသလား။ ကြည့် ညကလည်း တိုက်ကို မီးလောင်ပြီးပြီ။ အခုလည်း ကံကောင်းလို့ အချုပ်ထဲ ရောက်တော့မလို့။ ကုမ္ပဏီကအပြန်မှာ ကျွန်တော် တစ်ယောက်တည်း ကားမှတ်တိုင်ရှိရာကို လျှောက်လာမိတယ်။ အဲဒီမှာတွင် ကားတစ်စီးရဲ့ဘေးမှာ ရပ်နေတဲ့ မိန်းကလေးတစ်ယောက်နဲ့ ရင်ဆိုင်တိုးမိပြန်ပါတယ်။

"ဟင် . . . မေမီ"

"ဟယ် . . . အစ်ကို"

"လမ်းဘေးမှာ ကားရပ်ပြီး ဘာလုပ်နေတာလဲ"

"အတော်ပဲ အစ်ကို . . . မေမီ့ကားသော့ ကားထဲမှာ ကျန်ခဲ့လို့ . . . လုပ်ပါဦး"

ကျွန်တော် ပြုံးလိုက်မိပါတယ်။ ကံဇာတာက ညိုးရာကနေ ချက်ချင်းပြန်ကောင်းလာတဲ့ သဘောပါလား။ မေမီဆိုတဲ့ ကောင်မလေးကလည်း နမော်နမဲ့ နိုင်တဲ့နေရာမှာ နှစ်ယောက် မရှိပါဘူး။ ကျွန်တော်လည်း လက်ထဲမှာ ဆေးစာအုပ်လေး တစ်အုပ်အုပ် ပါလာရင် သိပ်ကောင်းမှာလို့တွေးရင်း သူမရဲ့ ကားသော့ကို ဖွင့်ပေးရပါတော့တယ်။ ဖွင့်ဖူးနေကျ သော့ဖြစ်လို့ ခဏလေးနဲ့ သော့က ပွင့်သွားပါတယ်။

"ဟင်း ဟင်း တော်လိုက်တာ . . . အစ်ကိုက သော့အရမ်း ကျွမ်းတယ်နော် . . . ဒါနဲ့ အစ်ကို ဘယ်သွားမလို့လဲ . . . ဒီနေ့ ကျောင်းမတက်ဘူးလား"

"ဒီနေ့ အစ်ကို ကျောင်းမတက်ဘူး မေမီ . . . သွားစရာလေးတစ်ခုရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကားပေါ်တက်လေ . . . မေမီ ပို့ပေးမယ်"

"သွားစရာက နေ့လည်မှ သွားရမှာ"

"ဩော် . . . ဒါဆိုလည်း ကားပေါ်တက် . . . မေမီ တစ်ခုခုလိုက်ကျွေးမယ် . . . ဘာစားမလဲ"

"ထမင်း . . . အဲ . . . မစားပါဘူး"

ဒီနေ့ ထမင်းစားဖို့ ကိစ္စအတွက် စိတ်ပူနေတုန်းမို့ ထမင်းလို့ ယောင်ပြီး ထွက်သွားပါတယ်။ ဒါပေမယ့် ကျွန်တော် မငြင်းဖြစ်ဘဲ ကားပေါ်တက်လိုက်တယ်။

"စောတော့ စောသေးတယ် . . အစ်ကို ထမင်း တကယ် စားမှာလား"

"အလကားပြောတာ . . . လက်ဖက်ရည်သောက်ဆိုတော်ပြီ"

မေမီက ချစ်စဖွယ်ပြုံးရင်း ကျွန်တော့်ကို စားသောက်ဆိုင်တစ်ဆိုင် ခေါ်သွားတယ်။ အဲဒီဆိုင်မှာက စားဖွယ်ရာတွေ အစုံရတယ်။

"ကဲ . . . ဒီမှာ အစုံရတယ် . . . အစ်ကို မှာချင်ရာမှာ"

"ဟင့်အင်း . . . လက်ဖက်ရည်သောက်ပဲ သောက်မယ်"

"မှာပါ အစ်ကိုရဲ့ . . . မေမီ့ကို ပြန်ကျွေးစရာ မလိုပါဘူး . . . ဟင်း ဟင်း"

"မေမီရော ဘာစားမလဲ . . . မေမီစားတာ အစ်ကို လိုက်စားမယ်"

"မေမီက ငါးထမင်းသုတ်စားမလို့ . . . ဒါဆို နှစ်ပွဲ မှာလိုက်မယ်"

ကျွန်တော် သူမကို မသိမသာ အကဲခတ်လိုက်ပါတယ်။





အနီးကပ်မြင်နေရလို့ လည်တိုင်က အကြောစိမ်းလေးတွေကိုတောင် မြင်နေရတယ်။ လက်ချောင်းကလေးတွေကလည်း လှလိုက်တာ။ ဖြူနုနေတာပဲ။ သူမရဲ့ အလှအပမှာ အပိုအလို မရှိဘဲ ကျက်သရေ ရှိနေ ပါတယ်။

"အစ်ကို့အကြောင်းကို . . . မေမီ . . . ဖေဖေ့ကို ပြောပြလိုက်သေးတယ် . . . ဖေဖေက သူ့မှာ တပည့်တွေ များလို့တဲ့ အစ်ကို့နာမည်ကို သိပ်မမှတ်မိဘူး . . . ဒါနဲ့ အစ်ကို . . စာတွေ ဘာတွေလိုက်နိုင်လားဟင်"

ဘာဖြစ်လို့ သူ အဲဒီလို မေးတာပါလိမ့်။

"ဆေးပညာဆိုတာ တကယ်ခက်တယ် မေမီရ . . . ဒီလိုပဲ ကြိုးစားနေရတာပေါ့"

"အစ်ကို နားမလည်တာ . . သိချင်တာရှိရင် . . ဖေဖေက လာမေးပါတဲ့ . . . တနင်္ဂနွေ တစ်ရက်တော့ သူ ကောင်းကောင်း အားတယ်တဲ့"

ဒါဟာ အခွင့်အရေးပဲ။ ကောင်မလေးတို့အိမ်ကို ခဏခဏ သွားလည်နိုင်ဖို့ အခွင့်အရေးပဲ။ မေမီဟာ ကျွန်တော့်ကို ရွှန်းရွှန်းစားစား ကြည့်နေပါတယ်။ မြတ်စွာဘုရား။ မေမီဟာ ကျွန်တော့်ကို ဆေးကျောင်းသား အစစ်လို့ ထင်ပြီး စိတ်ကူးတောင် ယဉ်နေပြီ ထင်တယ်။ မထူးပါဘူးဗျာ။ နောင်ခါမှ နောင်ချေးပဲ။ ကျွန်တော်လည်း လောကီသားပေပဲ။ သူဘာသာသူနှလုံးသားထဲက ချစ်မိနေတာ ဘာတတ်နိုင်မှာလဲ။ အဆင့်အတန်းတို့ ဂုဏ်တို့ကို ခဏခေါက်။

"အစ်ကို . . . အဲဒီလို စာလာ,လာမေးရင် မေမီလည်း အနားမှာ ရှိနေမှာလားဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ရှိနေမှာပေါ့ အစ်ကိုရဲ့ . . . အစ်ကိုက မေမို့ ဧည့်သည်ပဲဟာ"

ကျွန်တော်ကလည်း မျက်နှာကို သနားစရာ အကောင်းဆုံး ဖြစ်အောင်ထားလိုက်ရင်း . . .

"အစ်ကိုက ဆေးကျောင်းသားဆိုပေမယ့် မပြည့်စုံဘူး မေမိရဲ့ . . . ကျောင်းက တခြားဆေးကျောင်းသားတွေလို ပြည့်ပြည့် စုံစုံနဲ့ ကျောင်းတက်ရတာ မဟုတ်ဘူး . . . တော်ကြာ မေမို့စိတ် ထဲမှာ အစ်ကို့အတွက် ရှက်နေမှာ စိုးတယ်"

"အို . . . အဲဒီ ပကာသနတွေကို ခေါက်ထားလိုက်စမ်းပါ . . . တစ်ယောက်နဲ့တစ်ယောက် ခင်တဲ့ကိစ္စမှာ မေမီတော့ ဘာကိုမှ မစဉ်းစားဘူး။ အစ်ကို့ကြည့်ရတာ ရိုးသားဖြူစင်ပုံရလို့ မေမီလည်း အစ်ကို့ကို ခင်နေတာ"

"ဟာ ဝမ်းသာလိုက်တာ မေမီရယ် . . . အစ်ကိုလည်းလေ . . . ဘယ့်နှယ်က ဘယ့်နှယ်ဖြစ်တယ် မသိဘူး . . . မေမို့ကို စ,တွေ့ ကတည်းက ချစ်နေ . . . အဲ ညီမလေးတစ်ယောက်လို ချစ်နေမိ တာ"

မေမီက ရှက်ပြုံးလေး တစ်ချက်ပြုံးပြီး ခေါင်းကလေး ငုံ့သွားပါတယ်။ ငါနဲ့ ကျွန်တော်လည်း အတင့်နည်းနည်းရဲလာပါ တယ်။

"မေမီနဲ့အစ်ကို တွေ့တာ မကြာသေးပေမယ့် . . . ဟိုဒင်း . . . ပဋ္ဌာန်းဆက် . . . ဟာ မဟုတ်သေးပါဘူး . . . ဖူးစာ . . . ဟာ . . . ဒါလည်း မဟုတ်သေးဘူး . . ဘယ်လို ပြောရမလဲတောင် မသိဘူး . . . မေမို့ကိုလေ အစ်ကို အရမ်းခင်တယ် . . . မေမီက ရော အစ်ကို့ကို ခင်လားဟင်"





"အင်း"

"ဒါဆို မေမို့အိမ်ကို အစ်ကို ခဏ ခဏ လာလည်မယ် နော်"

"လာလည်"

ငါးထမင်းသုတ်တွေ ရောက်လာလို့ ကျွန်တော်တို့ စားကြ ပါတယ်။

"ဒါနဲ့ အစ်ကို ဘယ်မှာ နေတာလဲဟင်"

"အစ်ကိုက ဆင်းရဲတယ် မေမီရဲ့ . . . အစ်ကို့အိမ်က ဘာမှမပြည့်စုံဘူး . . . နောက်ပြီး ငှားနေရတာ . . အစ်ကို့ သူငယ် ချင်း နှစ်ယောက်နဲ့ စပ်ပြီး ငှားနေကြတာ . . . အဲဒီတော့ အစ်ကို့ အိမ်ကို မသိချင်ပါနဲ့နော်"

"ကြည့် . . . အစ်ကိုကလည်း မေမီ ပကာသနတွေ မစဉ်းစားပါဘူးဆိုမှ သူ့လိပ်စာကို လျှို့ဝှက်ထားပြန်ပြီ"

"လျှို့ဝှက်တာ မဟုတ်ပါဘူး မေမီ . . . လောလောဆယ် မှာတောင်မှ အစ်ကိုက မီးဘေးဒုက္ခသည်ပါ"

"ရှင်"

"ဟုတ်တယ် . . . ညက အစ်ကိုတို့နေတဲ့ တိုက်မှာ မီးလောင်လို့ . . . အစ်ကိုတို့ သူငယ်ချင်းတွေ မီးဘေးဒုက္ခသည် တွေ ဖြစ်နေကြတယ် . . . ဒီနေ့ဆို အစ်ကိုတို့ ထမင်းထုပ် စားကြရ လိမ့်မယ်"

"ဟယ် . . တကယ်ပြောတာလား အစ်ကို"

"ဟုတ်တယ် . . . တကယ်ပြောတာ . . . ဟား ဟား"

မေမီဟာ ကျွန်တော့်ကို ကရုဏာသက်စွာနဲ့ ကြည့်ပါတယ်။

"အစ်ကို့ စာအုပ်တွေ . . . အဝတ်အစားတွေရော မီးထဲ



www.burmeseclassic.com

www.burmeseclassic.com



ပါသွားလား"

"အင်း"

"အစ်ကို့ လိပ်စာ မေမို့ကို ပေးပါ . . . မေမီတို့ သားအဖ ဒီညနေ . . . အစ်ကို့ဆီ လာခဲ့မယ်"

ဒုက္ခပဲ။ ကျွန်တော်ကလည်း ဖြီးကောင်းကောင်းနဲ့ မေမီ သနား လာအောင် ပြောပြလိုက်တာ။ သူ့အဖေကြီးပါ လိုက်လာလို့ ကတော့ အလိမ်တွေ ပေါ်ကုန်တော့မယ်။ ဒါပေမယ့် စောစောက မေမို့စကားမှာပါသားပဲ။ သူ့အဖေမှာ တပည့်တွေ များလို့ ကျွန်တော့် နာမည်ကို မမှတ်မိဘူးတဲ့။ ဒါအခွင့်အရေးပဲ။ ဒါပေမယ့် ကျွန်တော့် စိတ်ထဲမှာတော့ စိုးရိမ်စိတ်က ရှိနေပါတယ်။ အလိမ်တွေ ပေါ်သွား ရင်တော့ မေမီ ကျွန်တော့်ကို အထင်သေးသွားမှာ။ ပြီးတော့ လူလိမ်တစ်ယောက် အနေနဲ့လည်း နာကျည်းသွားလိမ့်မယ်။

"အစ်ကို"

"ဟင်"

"မျက်နှာလဲ မကောင်းပါလား . . . ဒီလိုပဲပေါ့ အစ်ကိုရယ် . . . လောကခံဆိုတာ ဒီလိုပဲ ရှိတတ်တာပဲ"

"ကဲပါ . . . အစ်ကို့အကြောင်း ထားလိုက်ပါတော့ . . မေမီ လာလည်ချင်ရင်တော့ အစ်ကို့လိပ်စာ ပေးလိုက်မယ်"

ကျွန်တော့်လိပ်စာကို မေမီက စိတ်နဲ့ လိုက်မှတ်နေပါ တယ်။ နောက်တော့ ကျွန်တော်တို့လည်း စားသောက်ပြီးစီးသွားလို့ စားသောက်ဆိုင်က ပြန်ထွက်လာကြတယ်။

"သွားတော့နော် . . . အစ်ကို . . . ဒီကပဲ သွားလိုက် တော့မယ်"

"အစ်ကို"





"ဟင်"

"သုံးဖို့ ပိုက်ဆံရော ရှိသေးလား"

"ရှိပါသေးတယ်"

"ဒါဆို မေမီ သွားတော့မယ်နော်"

မေမီက ကျွန်တော့်ကို နှုတ်ဆက်ပြီး ကားလေးကို ညင်ညင် သာသာပဲ မောင်းထွက်သွားပါတယ်။ ဒါနဲ့ ကျွန်တော်လည်း ဘတ်စ် ကားကို တိုးဝှေ့စီးပြီး အိမ်ကိုပဲ ပြန်လာခဲ့တယ်။ မီးဘေး ဒုက္ခသည် တွေထားတဲ့ မူလတန်းကျောင်းလေးကိုရောက်တော့ မီးဘေး ဒုက္ခသည်တွေအတွက် ထမင်းထုပ်တွေတောင် ရောက်နေပြီ။

"ဟာ . . . ဟော့ကောင် ရာဇာ . . . မင်းသွားတာ ကြာလှ ချည်လား . . . အဆင်ပြေခဲ့တယ် မဟုတ်လား"

"မပြေဘူးကွ . . . ကံကောင်းလို့ ငါထောင်ထဲ ရောက် တော့မလို့"

ကျွန်တော်လည်း အဖြစ်အပျက်၊ အကျိုးအကြောင်းကို အသေးစိတ် ပြန်ပြောပြလိုက်မိတယ်။ ဒီတော့မှ ကြွက်နီက တောက် ခေါက်တယ်။ ဝင်းမြင့်က ဘုရားတ,တယ်။

"တောက် . . . ဒါ သက်သက်မိုက်ရိုင်းတာ . . . သူရိန် ကလဲကွာ . . . ဒီလိုကောင်မျိုးကို မသိဘူးလား"

"သူလဲ မသိလို့ ဖြစ်ပါလိမ့်မယ် . . . ကဲ . . ဗိုက်ဆာပြီကွာ . . ထမင်းထုပ် စားကြရအောင်"

ကျွန်တော်တို့တွေ ထမင်းထုပ် ဖြည်စားကြတယ်။ ဟင်းတွေ က ကောင်းတယ်ဗျ။ ကျွန်တော့် ထမင်းထုပ်မှာဆို ကြက်သား၊ ကြွက်နီ ထမင်းထုပ်မှာ ဝက်သား။ ဝင်းမြင့်မှာကျတော့ ငါးဟင်း။ ဒါပေမယ့် ကျွန်တော့်ဘေးက အဘွားကြီးရဲ့ ထမင်းထုပ်ကတော့



www.burmeseclassic.com

www.burmeseclassic.com



ဘဲဥပြုတ်။

"ရော့ အဘွား . . . ကျွန်တော့်အထုပ်နဲ့ လဲစား"

"ဟင် . . . မင်းက ကြက်သား မကြိုက်လို့လား"

"ဟုတ်တယ် . . . ကျွန်တော်က ဘဲဥ ပိုကြိုက်တယ်"

ကျွန်တော် လိမ်ပြောလိုက်မှ အဘွားကြီးက ထမင်းထုပ် ချင်း လဲတယ်။

"တိုက်ကို စစ်ဆေးရေးအဖွဲ့ လာစစ်ဦးမယ်တဲ့ . . . အရင်လို ကြံ့ခိုင်မှု ရှိ မရှိပေါ့ . . . အဲဒီလို စစ်ဆေးပြီးလို့ ကြံ့ခိုင် တယ်ဆိုမှ ကိုယ့်အခန်းကိုယ် ပြန်နေကြတဲ့ကွ"

"အင်း"

ကျွန်တော်ကတော့ မေမီကျွေးတဲ့ ထမင်းသုပ် ခံနေလို့ ထမင်း သိပ်မဝင်ပေမယ့် ကြွက်နီနဲ့ ဝင်းမြင့်ကတော့ ထမင်းထုပ်ကို ကောင်းကောင်း အားပေးကြပါတယ်။

"ထမင်းထုပ် ဝေတဲ့အဖွဲ့ခင်ဗျား . . . ကျွန်တော်တို့ စားလို့ ကောင်းလွန်းလို့ . . . လိုက်ပွဲလေးများရရင် ထပ်ပေးပါဦး"

"ဟာ . . . ရမယ် . . ရမယ်"

"ကြက်သား ဝက်သား ပါတဲ့ အထုပ်ကလေးရရင် . . . ပို ကောင်း မယ်"

"အင်း . . . ဒုက္ခပဲ . . . အရေးထဲ ထမင်းထုပ်တောင် . . . အကောင်းစားဟင်းရဖို့ မျှော်လင့်နေသေးတယ်"

ဘေးနားက မိန်းမကြီးတစ်ယောက်က ပွစိ ပွစိ လုပ်သေး တယ်။

"ညစာလဲ ထမင်းထုပ်ပဲလားဟင် . . . ဒန်ပေါက်လေး . . . ခေါက်ဆွဲကြော်လေးများ မလှူကြဘူးလား"





"သူများတို့ကတော့ ကြာဇံဟင်းခါးနဲ့ ရှောက်သီးသုပ် ကလေးများ ပါလာမလားလို့ မျှော်လိုက်ရတာ"

"ဒီလိုသာ ဟင်းကောင်းတယ်ဆိုရင် တစ်သက်လုံး ထမင်း ထုပ် စားဆိုလည်း စားတယ်ကွာ"

"အလိုတော် ဒီလောက် ဒုက္ခရောက်နေတာတောင် . . . ထမင်းထုပ်ကို ငတ်ကြီးကျနေတဲ့ကောင်တွေက ရှိသေး . . . စား စား . . . နင်တို့ပဲ တစ်သက်လုံး ထမင်းထုပ် စား . . . ငါတို့တော့ နောက်တစ်ခါလည်း မီးလောင်မခံနိုင်ဘူး"

အဲဒီ မိန်းမကြီးက မျက်စောင်းခဲပြီး ပြောလိုက်မှ ကြွက်နီနဲ့ ဝင်းမြင့်လည်း မျက်နှာပိုးသပ်ပြီး ငြိမ်သွားပါတယ်။ ဒါတောင်မှ သူတို့ လိုက်ပွဲထမင်းထုပ်ကို ဖွင့်လိုက်ပြီး . . .

"ဟိုက်ရှားဘား . . . ဘဲဥကြော်ကြီးဟ"

"မှန်းစမ်းဟယ် . . . အို ပဲပင်ပေါက် ပဲပြားကြော်ပါလား"

ကျွန်တော်ကတော့ ပြုံးနေမိပါတယ်။

တကယ့်ကောင်တွေပဲ။

www.burmeseclassic.com

www.burmeseclassic.com



## (၅)

ညနေ ခြောက်နာရီလောက်ကျတော့ ကျွန်တော်တို့ စတည်းချနေတဲ့ မူလတန်းကျောင်းကလေးရှေ့ကို မေမီ့ကားလေး ထိုးဆိုက်လာပြီး မေမီနဲ့အတူ အသက်ခြောက်ဆယ်နီးပါးလောက်ရှိမယ့် လူကြီးတစ်ယောက် ကားပေါ်က ဆင်းလာပါတယ်။ သူတို့ဟာ ပတ်ဝန်းကျင်ကို တစ်ချက်အကဲခတ်ရင်း ကျွန်တော်တို့ရှိတဲ့ မူလတန်းကျောင်းဆီ လျှောက်လာကြပါတယ်။

"ဟော့ကောင် ရာဇာ . . . ဟိုမှာ ဟိုမှာ . . . မင်း ကောင်မလေး လာနေပါလားကွ . . . မင်းတော့ ဒုက္ခပဲ . . . ဘယ်လိုလုပ်မလဲ . . . သွားပုန်းနေမလား . . . ပုန်းချင်တယ်ဆိုလည်း အိမ်သာဘက်ကို မြန်မြန်ပြေးကွ"

"ရတယ် . . . မပုန်းဘူး . . . ဒါပေမယ့် မင်းတို့ သိထားဖို့က ငါဟာ ဆေးကျောင်းသားနော် . . . သော့ဝိဇ္ဇာရာဇာ မဟုတ်ဘူးနော်"

"အေးပါကွ"





မေမီတို့ ရောက်လာတဲ့အခါ ကျွန်တော်တို့ မတ်တတ် ထ,ရပ်ပြီး နှုတ်ဆက်ပါတယ်။ မေမီက . . .

"ဖေဖေ . . . ဒါ သမီးပြောပြောနေတဲ့ ကိုရာဇာလေ . . . သူက ဖေဖေတပည့်ပဲ . . . ဖေဖေ မမှတ်မိဘူးလား"

"အင်း . . . ဆောရီးပဲ လူကလေးရေ . . . ဆရာ့မှာ တပည့်တွေက များလွန်းလို့ ကောင်းကောင်းမမှတ်မိဘူး . . . အင်း . . . သမီးပြောလို့ ဆရာလည်း ကျောင်းက အပြန်မှသိရတာ. . စိတ်မကောင်းဘူးကွာ . . . မင်းစာအုပ်တွေ မီးထဲပါသွားတယ်ဆို"

"ဟုတ် . . . ဟုတ်ကဲ့ပါ အန်ကယ်"

"ဟော့ကောင် . . . ဆရာလို့ ပြောလေ"

ကြွက်နီက ခပ်တိုးတိုး သတိပေးမှ ကျွန်တော်လည်း ဆရာလို့ ပြန်ပြင်သုံးလိုက်ရပါတယ်။

"စာအုပ်စာတမ်းတွေအတွက်တော့ မင်းဘာမှ မပူပါနဲ့ . . ဆရာ အားလုံး ကြည့်စီစဉ်ပေးမယ် . . . ဟုတ်လား . . ဒြော် . . လုပ်ပါဦး . . . မင်းသူငယ်ချင်းတွေနဲ့လဲ မိတ်ဆက်ပေးပါဦး"

"ဟုတ် . . . ဟုတ်ကဲ့ အန်ကယ် . . . အဲ . . . ဆရာ . . . ဒါ . . . ဒါက ကျွန်တော့် သူငယ်ချင်း ကြွက်နီ . . . သူက အီကို တက်နေပါတယ် . . . ဟဲဟဲ . . . ဒီဘက်ကတော့ ဝင်းမြင့်တဲ့ခင်ဗျာ . . . သူကတော့ . . . ဟိုဒင်း . . ."

ဘယ်လို ဖြေရမလဲလို့ စဉ်းစားနေတုန်း ဝင်းမြင့်က ခပ်သွက်သွက် ဝင်ဖြေလိုက်ပါတယ်။

"သမီးက . . အဲ . . ကျွန်တော်က အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှာ အက,တက်နေပါတယ်"

"ဪ . . . ဒါကြောင့်ကိုး . . . မောင်ရင်က တစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



လေးနော်"

"ဟုတ်ကဲ့ရှင့် . . . အဲ . . . ဟုတ်ပါဘူး . . . ဟုတ်ကဲ့ ခင်ဗျ"

မေမီက ခပ်တိုးတိုးလေး ရယ်ပါတယ်။ အဘိုးကြီးလည်း မသိမသာ ပြုံးသွားပါတယ်။

"ဒါနဲ့ လူကလေးတို့ ညစာ မစားရသေးဘူး မဟုတ်လား . . . အဲဒီတော့ အန်ကယ်တို့နဲ့ လိုက်ခဲ့ . . . အန်ကယ် မင်းတို့နဲ့ အတူ ညစာ သွားစားမယ်"

"ဟာ . . . ထမင်းငတ်နေတုန်း . . . ထမင်းကြမ်းခဲကို ခွေးချီလာသလိုပါပဲ . . . ဒါပေမယ့် အားနာစရာကြီးခင်ဗျ"

ကြွက်နီက စွတ်ပြောနေလို့ ကျွန်တော် ဒီကောင့်ကို မသိမသာ လက်ကုတ်ရတယ်။ မေမီကလည်း ကြွက်နီကို ကြည့်ပြီး မျက်မှောင် တစ်ချက်ကုပ်တယ်။

"ဒီက အစ်ကို . . . ကိုကြွက်နီကို မေမီ ဘယ်မှာ မြင်ဖူးခဲ့ပါလိမ့်"

ကျွန်တော်လည်း ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြီး စကားလမ်းကြောင်း ပြောင်းဖို့ ကြိုးစားလိုက်ပါတယ်။

"အားနာစရာကြီး ဆရာ . . . ကျွန်တော်တို့က သုံးယောက်တောင်ဆိုတော့ . . ."

"ရပါတယ်ကွ . . . ဘာမှ အားနာမနေနဲ့ . . . ကဲ . . မင်းတို့ အဆင်သင့်ဖြစ်ရင် တို့တွေ သွားကြမယ်"

"ဒါဆိုလည်း ခဏလေး ဆရာ . . . ကျွန်တော်တို့ နည်းနည်းပါးပါး ပြင်လိုက်ဆင်လိုက်ဦးမယ်"

မေမီနဲ့သူ့အဖေ ကားပေါ် သွားစောင့်နေတုန်း ကျွန်တော်





တို့လည်း ခပ်သွက်သွက် ပြင်ရဆင်ရပါတယ်။ အထဲက ရေဘုံဘိုင်မှာပဲ မျက်နှာသစ်၊ ခြေလက်သန့်စင်ပြီး အဝတ်အစားလဲကြပါတယ်။ အားလုံး ကားပေါ်ရောက်တော့ ခြောက်နာရီ ခွဲပြီးနေပြီ။ အဘိုးကြီးက ကျွန်တော်တို့ကို စားသောက်ဆိုင်တစ်ဆိုင်ကို ခေါ်သွားတယ်။ ဆိုင်က သပ်သပ်ရပ်ရပ်လည်း ရှိတယ်။ ဈေးကြီးပုံလည်း ရတယ်။ မှာလိုက်တဲ့ အစားအသောက်တွေကလည်း မျိုးစုံနေတာပဲ။

"ကဲ . . . စားကြကွာ . . . ဘာမှ အားနာမနေနဲ့ . . . ဪ . . . မောင်ရာဇာက ဘယ်ဇာတိလဲကွယ့်"

"ရန်ကုန်ပါပဲ ဆရာ"

"မင်းမိဘများကရောကွယ်"

"ရန်ကုန်ကပါပဲ . . . အခုတော့ မရှိကြတော့ပါဘူး"

"ဪ . . . ဒါဆို မင်းရဲ့ ကျောင်းစရိတ်အတွက် ဘယ်လို ဖြေရှင်းသလဲ"

"နယ်မှာရှိတဲ့ ကျွန်တော့်ဦးလေးက ပို့ပေးပါတယ်"

အဘိုးကြီး မေးတာကို ကျွန်တော်ပြန်ဖြေနေရတဲ့ အချိန်မှာ သိမ်ငယ်နေမိပါတယ်။

"အင်း . . . ဘာပဲဖြစ်ဖြစ်ပေါ့ကွာ . . . သင်ကြားရေးပိုင်းမှာ အခက်အခဲရှိရင် ဆရာ့ကို ပြော . . . ဟုတ်ပြီလား"

"ဟုတ်ကဲ့ ဆရာ"

အဘိုးကြီးဟာ ကျွန်တော့်ကို သူ့တပည့် အစစ်ပဲ ထင်နေပုံရတယ်။ ကျွန်တော်လည်း အဘိုးကြီးအလစ်မှာ မေမီ့ကို ခိုးကြည့်မိတော့ မေမီနဲ့ အကြည့်ချင်းဆုံပါတယ်။ သူမရဲ့ အကြည့်ဟာ ကျွန်တော့် ရင်ထဲ အထိ ထိုးဖောက်သွားသလိုပါပဲ။

www.burmeseclassic.com

ညက ကောင်းကောင်းစားခဲ့ကြရတာကို ကြွက်နီက အပြန်မှာ စားမြုံ့ပြန်လို့ မဆုံးပါဘူး။ ဝင်းမြင့်ကလည်း အားကျမခံ ဝင်ဝင် ပြောပြန်ပါတယ်။

"ငါး ပဲငါးပိပေါင်းဆိုတာ အတော်ကောင်းတာပဲကွနော်"

"ဒါ ဘာဟုတ်သေးလို့လဲ . . . ဟင်းချိုကလည်း ကောင်းမှ ကောင်း . . . ဒါပေမယ့် သူများက ရှောက်သီးသုပ်ကလေးများ မှာ စားရရင် ကောင်းမလားလို့"

"ဟာ . . . နင့်ကြီးတော် . . ဟော်တယ်မှာ ရှောက်သီး သုပ် ရမလား . . . ကြံကြံဖန်ဖန်"

"အို . . . ရချင်လဲ ရမှာပေါ့ . . . ကိုရီးယားရှောက်သီး သုပ် တို့ . . . အီတလီရှောက်သီးသုပ်တို့လေ"

ကျွန်တော်တို့ စတည်းချတဲ့ မူလတန်းကျောင်းလေး ရောက်တော့ ည ကိုးနာရီ ခွဲပြီးနေပြီ။ ကျွန်တော်တို့ အပေါ်ထပ်က အဒေါ်ကြီး က . . .





"ဟဲ့ကောင်တွေ . . . ရော့ . . . နင်တို့အတွက် ထမင်း ထုပ် တွေ . . ."

"အို . . . ခေါက်ထားလိုက်စမ်းပါ . . . အဲဒီ ထမင်းထုပ် တွေ . . . အခုအချိန်မှာ သူများတို့နားထဲမှာ ထမင်းထုပ်ဆိုတဲ့ အသံတောင် မကြားချင်တော့ဘူး"

"အတိအကျပဲ အဒေါ်ရေ့ . . . မကြားလဲ မကြားချင် ဘူး . . . မမြင်လဲ မမြင်ချင်ဘူး . . . ဟဲဟဲ . . ဒီည ကျွန်တော်တို့ ဘယ်မှာ ထမင်းသွားစားလဲ သိချင်လားဟင်"

"မသိချင်ပါဘူးတော် . . . နင်တို့ဟာ နင်တို့ ဘယ်မှာစား စား ပေါ့"

"မသိချင်ပေမယ့် ပြောချင်နေတဲ့သူတွေက ပြောချင်နေ တော့ ပြောရမှာပဲ . . . ဟဲ ဟဲ ကျွန်တော်တို့ အခု ဟိုတယ်မှာ သွားစားပြီးပြန်လာတာ . . . ဟဲ ဟဲ နတ်သုဒ္ဓါဆိုတာ ဒါမျိုးကို ခေါ်တာထင်တယ် . . . အောင်မလေး . . . အရောင်အဆင်း ရော . . . အနံ့အရသာရော ဘာမှပြောစရာ မရှိဘူး . . . သွား ကြားထိုးတံလေးတွေတောင် ရေမွှေးနံ့ သင်းနေတာ . . . ဟောဒီ မှာ အဒေါ်မယုံရင် ရှုကြည့်"

"ဟဲ့ကောင် . . . နင်ထိုးနေတဲ့ သွားကြားထိုးတံ ငါ ယူနမ်း ရမလား . . . ပေါက်ပေါက်ရှာရှာ"

"အဲဒါ ခက်တာပဲ . . . ဩော် . . ဟိုဘက်က ညီမလေး တွေကရော အစ်ကို့သွားကြားထိုးတံ နမ်းကြည့်ချင်လို့လား . . . ရော့ ရော့ . . . နမ်းကြည့်"

ကြွက်နီ လုပ်ပုံကြောင့် ပြဿနာတက်တော့မှာမို့ ကျွန် တော် ဒီကောင့်ကို ဟန့်ရတယ်။

www.burmeseclassic.com



"ကြွက်နီတို့ ထမင်းစားပြီးတာ တစ်နာရီကျော်ကျော် လောက်ရှိနေပြီ . . . မင်း သွားကြားထိုးတံ လှွင့်ပစ်လိုက်တော့"

"အနံ့လေးက မွှေးလွန်းလို့ပါကွာ . . . ဟိုတယ်နံ့လေးကို သင်းနေတာပဲ . . . ဟောဒီမှာ ကြည့် . . . ငါ ဟိုတယ်က ခိုးလာ တာ"

"ဟာ . . . ဒီကောင်ဗ်"

ပြောမရ ဆိုမရတဲ့ကောင် ကျွန်တော်ခေါင်းကုပ်လိုက်တုန်း မှာပဲ ဝင်းမြင့်က တစခန်းထ,လာပြန်တယ်။

"စားစရာတွေရဲ့ကောင်းချက်ကတော့ ပြောမနေနဲ့ အန်တီ ရေ့ . . ရှောက်သီးလေးများ သုပ်ထားလိုက်တာ ဆိမ့်နေတာပဲ . . အီတာလျံ ရှောက်သီးသုပ်ဆိုပဲ . . . ခရင်းသီး ငပိချက်ကလေး များ ကြွပ်ကြွပ်အိတ်နဲ့တောင်ထည့်ပြီး ယူလာပြချင်တယ် . . . ဆီကို အိနေတာပဲ . . မေးကြည့်တော့ ကိုရီးယား ခရင်းသီးငပိချက်တဲ့ . . . ဟင်း ဟင်း . . အောင်မလေး . . . မီးဘေးဒုက္ခသည်စခန်းက လူတွေတောင် သူများ မေ့သွားတယ် . . . ချဉ်ပေါင်ဟင်းဆိုလည်း အတော့်ကို အရသာရှိတာ . . . ဘယ်လို နာမည် ခေါ်သလဲဆိုတော့ မက္ကာဆီကို ချဉ်ပေါင်ဟင်းတဲ့ . . . ကောင်းလိုက်တာမှ ပြောမနေနဲ့"

ကျွန်တော်လည်း ဒီကောင် ပြောနေတာတွေကြောင့် အံ့အားသင့်သွားပြီး ဒီကောင့်ကို တိုးတိုးမေးမိတယ်။

"ဟေ့ကောင် မင်းပြောတဲ့ ဟင်းတွေ ညစာစားတုန်းက တစ်ခုမှ မပါဘူး . . . ဘယ်လိုဖြစ်တာလဲ"

"အသာနေ ကိုရာဇာ . . . သူတို့ကို ငါး ပဲငပိပေါင်းတို့ ဘာတို့တွေ ပြောရင်သိမှာ မဟုတ်ဘူး . . . ဒါကြောင့် သူတို့ သိပြီး သားဟင်းတွေကို နိုင်ငံခြားစတိုင် လုပ်ပစ်လိုက်တာ"





ကျွန်တော့်ကို သူမျက်စိမှိတ်ပြပြီးတော့ ဆက်ပြောပြန် တယ်။ အဲဒီအခါမှာတော့ ဒီကောင့်အနားကို အမျိုးသမီး တစ်သိုက် အုံပြီး ရောက်လာကြပါတော့တယ်။ ကြွက်နီကတော့ ဆေးပေါ့လိပ် တစ်လိပ်ထုတ်သောက်ပြီး ကျွန်တော့်ကို ပြုံးပြတယ်။

"မေမီက ငါ့ကို မြင်ဖူးတယ်ဆိုတော့ ငါဖြင့် လန့်သွားလိုက် တာကွာ . . . အလိမ်တွေ ပေါ်သွားရင်တော့ မင်းတော့ သွားပြီ ရာဇာ"

"တစ်နေ့တော့ ငါ့အလိမ်တွေ ပေါ်သွားမှာပဲ . . . သူငယ် ချင်း . . . ဒါမျိုးဆိုတာ ဖုံးကွယ်ထားလို့ရတဲ့အရာမှ မဟုတ်တာ . . . ဒါပေမယ့်ကွာ . . . ငါ အဲဒီလိုနေ့ကို ကြိုပြီးကြောက်နေတယ်"

"မင်း . . . ကောင်မလေးကို တကယ်ချစ်နေမိပြီလား"

"အေး"

"မင်း . . . သူ့ကို မချစ်သင့်ဘူး ရာဇာ . . အခုနေ မင်း နောက်ပြန်ဆုတ်လိုက်ရင် မီသေးတယ် . . . သူလဲ မင်းကို ခွင့်လွှတ်မယ်ဆို ခွင့်လွှတ်နိုင်မှာပဲ . . . ဒါပေမယ့် မင်းတို့ချစ်သူတွေ ဖြစ်သွားပြီးမှ သူသိသွားမယ်ဆိုရင် အခြေအနေက လုံးဝမကောင်း ဘူး သူငယ်ချင်း"

ကျွန်တော် သက်ပြင်းတစ်ချက် ခပ်လေးလေးချလိုက်မိ ပါတယ်။ အဲဒီတုန်းမှာပဲ ဝင်းမြင့်ရဲ့စွာတာတာအသံကို ကြားလိုက် ရပြန်ပါတယ်။

"ပြင်သစ်စတိုင် ပဲပြုတ်သုပ်ကလေးများ . . . အဒေါ်တို့ ကို ယူလာပြချင်တယ် . . . ရှင် . . . အဲ . . . ဗျာ . . . ဘယ်လို သုပ်ထားသလဲ ဟုတ်လား . . ဒီလို ဒီလို ပဲပြုတ်ကတော့ ကျွန်တော် တို့ဆီက ပဲပြုတ်မျိုးပဲ . . . ခဲဒါကို နို့တွေ . . . ထောပတ်တွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆမ်းပြီး ငရုတ်သီးမှုန့်လည်း ဖြူးတယ် . . နံ့နံ့ပင်လည်း အုပ်ပေး တယ် . . . ပြီးတော့ ချောကလက်ခဲလေးတွေကို ပဲပြုတ်ပေါ်မှာ မံထားတယ်"

"ဟယ် . . ဟုတ်လား . . စားလို့ အတော်ကောင်းမှာပဲနော်"

"ဟုတ်တယ် ဟုတ်တယ် . . . သူပြောတာတွေ မှတ်ထား . . . တို့တွေ အားတဲ့နေ့ကျမှ အေးအေးဆေးဆေး အဲဒီလို သုပ်စား ကြရအောင်"

ဝင်းမြင့် ပြောနေတာကို အနားက ကားပွဲစားနှစ်ယောက် က ကြားသွားပြီး ဇဝေဇဝါဖြစ်နေကြပါတယ်။ ပြီးတော့ သူတို့ အချင်းချင်းလဲ လက်တို့ပြီး ခပ်တိုးတိုးပြောကြပါတယ်။

"အံ့သြစရာတော့ ဖြစ်နေပြီဗျ . . . ကျွန်တော်တို့လည်း ဆိုင်အတော်စုံနေပြီ . . . သူပြောတာမျိုးတွေ တစ်ခါမှလည်း မကြားဖူးဘူး . . . မြင်လည်း မမြင်ဖူးဘူး"

"ဆိုင်အသစ်တွေ . . ဟိုတယ်အသစ်တွေကလဲ တစ်နေ့ တစ်နေ့ ပေါ်လာတာကိုးဗျ . . . ကျွန်တော်တို့ မရောက်သေးတဲ့ နေရာတွေ အများကြီးရှိသေးတာပဲ . . . အင်း တစ်နေ့လောက် တော့ ခင်ဗျားနဲ့ကျွန်တော် အဲဒါမျိုး သွားနှိပ်ကြရအောင်ဗျာ"

"ကောင်းတယ် ကောင်းတယ်"

ကျွန်တော်နဲ့ ကြွက်နီကတော့ သူတို့ မကြားအောင် အသံ မထွက်ဘဲကြိတ်ရယ်လိုက်ကြပါတယ်။ ညအိပ်ချိန်ရောက်တော့ ကျွန်တော်လည်း ရုတ်တရက် အိပ်မပျော်ဘဲ မျက်လုံး ကြောင်နေ တယ်။ မေမို့မျက်နှာလေးက မျက်စိမှိတ်လိုက်တိုင်း မျက်လုံးထဲမှာ ပေါ်လာတယ်။



"တို့တွေ စကားနည်းနည်းပြောကြရအောင် . . . ရာဇာ"

ကျွန်တော့်ဘေးကို ကားရှာစ်စီး ထိုးရပ်လာပြီး ကားပေါ်က ကျွန်တော်ကြားဖူးတဲ့ အသံထွက်လို့ လှမ်းကြည့်လိုက်တဲ့အခါ ဦး သောင်းဒန်ဖြစ်နေတာ တွေ့ရပါတယ်။ သူ့ကို ကျွန်တော် မကြည် သလို ကြည့်ပစ်လိုက်တော့ သူ တဟဲဟဲနဲ့ ရယ်ပါတယ်။

"လာပါကွ . . . မင်းကို မဟုတ်တာတွေမပြောပါဘူး . . ဟုတ်တာတွေပဲ ပြောမှာပါ . . . အင်း . . ဆောရီးပဲကွာ . . မင်းတို့ တိုက်မီးလောင်တော့ ငါမရှိဘူးကွ . . . မန္တလေး ခဏရောက်နေ တယ် . . . မနေ့ကမှ ပြန်ရောက်တာ . . . လာပါကွာ . . . ကား ပေါ်တက် . . . မင်းနေ့လယ်စာ မစားရသေးဘူး မဟုတ်လား . . ငါတို့ အတူစားကြတာပေါ့ကွာ"

ကားပေါ်မှာ မင်းခေါင်လည်း ရှိနေပါတယ်။ ကျွန်တော် လည်း ကားနောက်ခန်းကို ဝင်ထိုင်လိုက်တယ်။

"နွေရောက်ပြီဆိုတာနဲ့ မီးရေး ထင်းရေးက ကြောက်စရာ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလာတယ် . . . တော်သေးတာပေါ့ကွာ . . . တစ်တိုက်လုံး ပြာကျမသွားပေလို့"

"မင်း နည်းနည်းတော့ ပိန်သွားတယ်ရာဇာ . . . တစ်နေ့ကတောင် မင်းတို့ဆိုင် ငါရောက်သေးတယ် . . . ဆိုင်ပိတ်ထားတယ်"

"အင်း ဟုတ်တယ် . . သုံးရက်လောက်ရှိပြီ ပိတ်ထားတာ"

"ရော့ . . . ဟော့ကောင် ကုမ္ပဏီတစ်ခုမှာ လိုချင်နေတဲ့သော့တွေ . . အဲဒါ မင်းသွင်းနိုင်မလား . . အလုံး ငါးဆယ်လောက်လိုချင်တယ်တဲ့ . . . အားလုံး ခေတ်မီရမယ် . . . လုံခြုံရေး အဆင့်ကောင်းရမယ်"

ငွေရေးကြေးရေး အကြပ်အတည်း တွေ့နေတဲ့ အပေါ်မှာ ကျွန်တော့်အတွက် အသက်ရှူချောင်စရာ အခွင့်အရေး ဖြစ်ပါတယ်။ ကုမ္ပဏီကလိုချင်တဲ့ သော့မျိုးတွေက ကျွန်တော့်ဆီမှာလည်း ရှိနေလို့ အဆင်ပြေပါတယ်။

ကားပေါ်မှာ ကျွန်တော်တို့ ပြောကြတဲ့စကားတွေဟာ ဒီလောက်ပါပဲ။ ကျွန်တော်ကတော့ ဦးသောင်းဒန် ဘာလို့ ကျွန်တော့်ကို ဒီလောက်တွေ့ချင်နေတာလဲဆိုတာနဲ့ သူ ဘာအကြံအစည်တွေရှိလို့လဲဆိုတာကို တွေးနေမိပါတယ်။

ဦးသောင်းဒန်ရဲ့တိုက်ကလေးဟာ ဆိတ်ငြိမ်ရပ်ကွက်တစ်ခုမှာရှိပြီးတော့ သေသေသပ်သပ်လှလှပပလေးပါပဲ။ ဦးသောင်းဒန်ဟာ ကားကို ဆင်ဝင်အောက်မှာရပ်လိုက်ပြီး မင်းခေါင်ကို ကိစ္စတစ်ခုအတွက် ခိုင်းပါတယ်။

"မင်း ငါပြောထားတဲ့ ကိစ္စ ဆက်လုပ်လိုက်. . . မင်းခေါင် . . ပြီးရင် ညနေကျမှ ပြန်လာခဲ့ ကြားလား . . . ရော့ လိုရမယ်ရ





ပိုက်ဆံနည်းနည်း ထပ်ယူသွား"

မင်းခေါင် ခြံထဲကထွက်သွားမှဦးသောင်းဒန်က ကျွန်တော့်ကို ဧည့်ခန်းထဲ ခေါ်သွားတယ်။

"ထိုင် . . . ရာဇာ . . . ဘာသောက်မလဲ"

"ဟင့်အင်း"

သူ ကျွန်တော့် ရှေ့က ခုံမှာ ဝင်ထိုင်ပါတယ်။

"ဒီလိုကွ . . . မင်းကို ငါတွေ့ချင်နေတဲ့ ကိစ္စက အပေးအယူ တစ်ခုအတွက်ပဲ . . . တို့တွေ စကားမပြောခင် ဟောဒီ ဗီဒီယိုအခွေလေး ကြည့်လိုက်ရအောင်"

သူဟာ ကျွန်တော့်ကို ကွန်ပျူတာဆီခေါ်သွားပြီး ကွန်ပျူတာကို ဖွင့်လိုက်ပါတယ်။ ခဏအကြာ ကွန်ပျူတာ ဖန်သားပြင်ပေါ်မှာ ရုပ်ပုံတချို့နဲ့ အသံတွေ ထွက်ပေါ်လာပါတယ်။

မြင်ကွင်းတွေကိုကြည့်ပြီး ကျွန်တော် အာခေါင်တွေခြောက်လာတယ်။ ဘယ်လိုမှ ငြင်းနိုင်စရာမရှိတဲ့ ရုပ်ပုံတွေပါ။ အခွေထဲက စုံတွဲထဲက ကောင်မလေးက ကျွန်တော့် ညီမရွှေစင်ပါပဲ။

"တို့စကားပြောကြရအောင် ရာဇာ . . . မင်းစိတ်ကို အေးအေးထား . . . စိတ်ကို လျှော့ထား . . ဒီလိုကွ ဒီအခွေထဲက ကောင်မလေးက . . . မင်းကိုပြောရမှာတော့ အားနာပါတယ်. .

ဒါပေမယ့် မပြောလို့လဲ မဖြစ်ဘူးကွ. . . ကောင်မလေးက မင်းညီမလေး ရွှေစင်ပဲ . . ကောင်လေးကတော့ ငါတို့လည်း မသိဘူး . . . တို့ဆီမှာ ဒီဟာ အော်ရီဂျင်နယ်ရှိထားတယ်။ ဒီအခွေ အင်တာနက်ပေါ်ရောက်သွားရင် ဘာဖြစ်သွားမယ် ထင်သလဲ"

"ခင်ဗျားတို့ ကျုပ်ကို တွေ့ချင်နေတာ ဒီကိစ္စကြောင့်အား"

ကျွန်တော့်တစ်ကိုယ်လုံး ဒေါသသွေးတွေ ဆူပွက်လာပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ တစ်ကိုယ်လုံးလဲ ထူပူနေတယ်။ အခုနေ ကျွန်တော့် အနားမှာ ရွှေစင်သာရှိရင် ကျွန်တော်သူ့ကို အမှုန့်တောင် ချေပစ်ပါမလားပဲ။

"အင်း . . . ဆိုပါတော့ကွာ . . . မင်းညီမရဲ့ ဗီဒီယိုအခွေကို ငါရလိုက်တဲ့အချိန်ကစပြီး မင်းကို တွေ့ချင်နေခဲ့တာ"

"ခင်ဗျား လူယုတ်မာပဲ ဦးသောင်းဒန် . . . ဒီဗီဒီယိုကိုလည်း ခင်ဗျားတို့က အကြံအစည်နဲ့ပဲ ဖန်တီးလိုက်တာမဟုတ်လား"

"ဒီအခွေ ဘယ်လိုရသလဲ . . . ဘယ်က ရသလဲ မမေးနဲ့တော့ ရာဇာ . . အခုအချိန်မှာ မေးသင့်တဲ့မေးခွန်းက ဘာဆက်လုပ်ရမလဲဆိုတဲ့ မေးခွန်းပဲ"

ကျွန်တော် ငိုင်ကျသွားမိပါတယ်။ ညီမလေး သိပ်ကိုမိုက်ပါတယ်။ သူမဟာ သာမန်မိန်းကလေးတစ်ယောက်ဆိုရင် ပြဿနာ သိပ်မရှိပေမယ့် ဆေးကျောင်းသူတစ်ယောက်အတွက်ဆိုတော့ ဒီပြဿနာဟာ အရှက်တကွဲ အကျိုးနည်းမယ့် ပြဿနာပါ။

အင်တာနက်ပေါ် ရောက်သွားရင် ဒုက္ခတော့ရောက်ပြီ။ သူမရဲ့ အပေါင်းအသင်းတွေကြား အတန်းဖော်တွေကြားမှာ ဆရာဆရာမတွေကြားမှာ ဘယ်လိုမျက်နှာပြမလဲ။ အဲဒီလိုပဲ ကျွန်တော်ကလည်း အပေါင်းအသင်းတွေ မိတ်ဆွေတွေကြားမှာ ဘယ်လိုမျက်နှာပြမလဲ။

"တောက်"

ကျွန်တော့် တောက်ခေါက်သံဟာ ကျယ်သွားလို့ ဦးသောင်းဒန်က လှမ်းကြည့်ပါတယ်။

"သိပ်တော့လည်း စိတ်မပူပါနဲ့ကွာ . . . တို့တွေ ဆွေးနွေးကြသေးတာပေါ့"





"အဲဒီ့အခွေ ခင်ဗျားတစ်ယောက်ထဲဆီမှာပဲ ရှိတာ သေချာလား"

"သိပ်သေချာတာပေါ့ . . . ပြီးတော့ ဒီအခွေကို ငါကလွဲရင် ဘယ်သူမှလဲ မကြည့်ရသေးဘူး"

"အဲဒီအခွေ ကျွန်တော့်ကို ပေးမယ်ဆိုရင် ခင်ဗျားကို ငွေဘယ်လောက်ပေးရမလဲ"

"ဟား ဟား . . . ငါတောင်းမယ့်ငွေကို မင်းမပေးနိုင်ဘူးဆိုတာသိလို့ ငါကလည်း မင်းဆီက ငွေမတောင်းပါဘူး . . . မင်းပညာနဲ့ လုပ်အားကိုသာ တောင်းမှာပေါ့ . . . အေး . . . ငါခိုင်းသလိုသာ မင်းလုပ်မယ်ဆိုရင်တော့ ဒီအော်ရီဂျင်နယ်အခွေကို မင်းကို ပြန်ပေးမယ်"

ကျွန်တော့်မှာ စဉ်းစားစရာတွေ ရှိလာပါပြီ။ ညီမလေးရွှေစင်ရဲ့မိုက်မဲအသုံးမကျမှုကို ခဏခေါက်ထားပြီး လောလောဆယ် ကြုံတွေ့နေရတဲ့ အခြေအနေကိုပဲ ကျွန်တော်စဉ်းစားနေရပါလိမ့်မယ်။

ဖြစ်လာမှတော့ ရင်ဆိုင်ကြရုံပဲပေါ့။ ကျွန်တော့်ရဲ့ ဘာမှမရှိတဲ့ပညာ၊ ကျွန်တော့်ရဲ့ ဘာမှမရှိတဲ့ ဂုဏ်သိက္ခာထက် ညီမလေးရဲ့ ဂုဏ်သိက္ခာက ပိုအရေးကြီးပါတယ်။

အခုအချိန်မှာတော့ ကျွန်တော့်အခြေအနေက သူတို့လက်ခုပ်ထဲကရေဖြစ်နေပြီ။

"ကောင်းပြီလေ . . . ကျွန်တော့်မှာ ရွေးစရာလမ်းမှမရှိပဲ . . ဒါပေမယ့် . . . ကျွန်တော် တစ်ခုတော့ ပြောမယ်နော် ဦးသောင်းဒန် . . . ကျွန်တော့်အပေါ် ညစ်မယ်တော့ မကြံနဲ့နော် . . . ညစ်ရင်တော့ ကျွန်တော့်ညီမအတွက် ကျွန်တော် လူယုတ်ရဲ



www.burmeseclassic.com

www.burmeseclassic.com



တယ် ကြားလား"

"ဟား ဟား . . . အဲဒါက မင်းအပေါ်မှာပဲ တည်တယ် ရာဇာ . . မင်းဘက်က တာဝန်ကျေရင် ငါ့ဘက်ကလည်း တာဝန် ပြန်ကျေရမှာပေါ့ . . . ကဲ လာ . . . တို့အခုပြောမယ့် အကြောင်း အပြင်မှာပြောလို့ မကောင်းဘူး"

သူက ကျွန်တော့်ကို အိမ်ရဲ့ အတွင်းဘက်က အခန်းတစ် ခန်းကို ခေါ်သွားပါတယ်။ ပြီးတော့ ကျွန်တော့်ကို စားပွဲမှာ ထိုင်ခိုင်း ပြီး စားပွဲပေါ်မှာရှိတဲ့ ဖိုင်တစ်ခုထဲက ဓာတ်ပုံတစ်ပုံကို ပြတယ်။

ဓာတ်ပုံက စိန်တုံး ကြီးတစ်တုံးရဲ့ပုံပါ။ စိန်ကြီးဟာ ဓာတ်ပုံ ထဲမှာတောင် အရည်ကိုလဲ့နေတာမို့ အပြင်မှာဆို ဘယ်လောက် တောင် အရည်အသွေးကောင်းမလဲလို့ စဉ်းစားမိပါတယ်။

"ဒီစိန်ကြီးရဲ့ ဓာတ်ပုံကို ကျွန်တော်က ဘာလုပ်ရမှာလဲ"

"ဟား ဟား . . . မင်း အဲဒီစိန်ကြီးကို မဝယ်နိုင်မှန်း ငါသိပါတယ်ကွ . . . အေး မင်းမှ မဟုတ်ဘူး . . . တော်ရုံတန်ရုံ သူဌေးလည်း ဝယ်နိုင်မှာမဟုတ်ဘူး . . . .

ဒီလိုကွ ဒီစိန်ကြီးရဲ့နာမည်က ရန်နိုင်အောင်တဲ့ကွ . . . မြန်မာဘုရင်တွေ လက်ထက်ကတည်းက နာမည်ကြီးစိန်ကြီးပဲ . . ကာလတန်ဖိုးနဲ့ ကြည့်ရင်တော့ သိန်းပေါင်းငါးထောင်လောက် တန်တယ်"

ကျွန်တော် ပခုံးတွန့်လိုက်မိပါတယ်။

"အဲဒီ စိန်ကြီးဟာ အတော်ကလေးကို လုံခြုံစိတ်ချရတဲ့ မီးခံသေတ္တာကြီး တစ်လုံးထဲမှာ ရှိတယ်"

ကျွန်တော် ဇာတ်ရည်လည်လာပါပြီ။ သည်နေရာကို ရောက်မှ ကျွန်တော့်အခန်းကဏ္ဍ စ,လာပြီ မဟုတ်ပါလား။





ဒီလို ဇာတ်လမ်းမျိုးကို ရုပ်ရှင်တွေ၊ ဝတ္ထုတွေမှာပဲ တွေ့ရ လေ့ရှိပေမယ့် အခုတော့ အပြင်လောကမှာ ကျွန်တော်ကိုယ်တိုင် လာကြုံတွေ့နေရလေပြီ။ ဦးသောင်းဒန်တို့ဟာ ကျွန်တော့်ကို ချိုချို သာသာ စည်းရုံးမရတော့လို့ ဒီဇာတ်လမ်းကို စီမံဖန်တီးလိုက်တာပဲ ဖြစ်ပါလိမ့်မယ်။

ကျွန်တော် ခြေဖျားလက်ဖျားတွေ အေးလာပါတယ်။

"အဲဒီတော့ . . . ရာဇာရဲ့ တာဝန်က အဲဒီ မီးခံသေတ္တာထဲ က ရန်နိုင်အောင်စိန်ကြီးကို ယူပေးဖို့ပါပဲ . . . ဒါကလဲ မင်းလို သော့ဝိဇ္ဇာတစ်ယောက်အတွက် ဘာမှတော့ ခက်လိမ့်မယ်မထင်ဘူး"

"ကျုပ် သူခိုးမဟုတ်ဘူး . . . ဦးသောင်းဒန်"

သူနဲ့ ကျွန်တော် မျက်လုံးချင်း ဆိုင်မိတယ်။ သူ့မျက်လုံးက သရော်တဲ့ အရိပ်အယောင်တွေ ကျွန်တော်တွေ့ရတယ်။

"အဲဒါဆိုလဲ ကိစ္စမရှိဘူး ရာဇာ . . . ငါတို့ ဘာမှ ဆက် တိုင်ပင်စရာမလိုတော့ဘူး . . . ငါကလည်း ဒီပုံတွေကို အင်တာ နက် တင်လိုက်ရုံပဲ"

ကျွန်တော့်အတွက် ဘေးကြပ်နံကြပ် အခြေအနေ ရောက် နေပါပြီ။ ပြဿနာက ကျွန်တော်ဟာ သော့ဝိဇ္ဇာ တစ်ယောက်ပေ မယ့် ဥပဒေနဲ့မလွတ်ကင်းတဲ့ ဘာကိစ္စကိုမှမလုပ်ခဲ့ပါဘူး။

ကျွန်တော့်မျက်နှာမှာ ချွေးတွေ ပြန်လာပါတယ်။ သူတို့ ခိုင်းသလို ကျွန်တော် လုပ်ရတော့မှာလား။ ကျွန်တော့် မျက်နှာကို လက်ဝါးနဲ့ အုပ်ထားလိုက်မိတဲ့အချိန်မှာပဲ ဦးသောင်းဒန်ရဲ့ အသံ ဟာ ခပ်တိုးတိုးထွက်လာပါတယ်။

"မင်း စဉ်းစားရခက်နေမယ် ဆိုရင်လဲ နှစ်ရက် သုံးရက် လောက် စဉ်းစားလေကွာ . . . ဒါပေမယ့် မင်းသိထားရမှာက



www.burmeseclassic.com

www.burmeseclassic.com



မင်းညီမရဲ့ အရှက်နဲ့ ဂုဏ်သိက္ခာဟာ ငါ့လက်ထဲမှာ ရှိတယ်ဆိုတာပဲ . . . ကဲ ဒီတော့ မင်းပြန်နိုင်ပြီ . . . နောက်ထပ် သုံးရက်ကြာရင် မင်း ငါ့ဆီကို ဖုန်းလှမ်းဆက်ပါ . . . လုပ်မယ် မလုပ်ဘူးပေါ့ ဟုတ်လား"

ကျွန်တော် စိတ်ပျက်လက်ပျက်နဲ့ ထ,ရပ်လိုက်မိပါတယ်။ ညီမရဲ့ ဘာမဟုတ်တဲ့ပြဿနာဟာ အစ်ကို့ကို အကြီးအကျယ် ပတ်နေပြီပဲ။



(၆)

ကျွန်တော် ထိုင်စောင့်နေတဲ့ အဆောင်ဧည့်ခန်းထဲကို ညီမလေးရွှေစင်ဟာ သွက်လက်ရွှင်လန်းစွာနဲ့ ဝင်လာပါတယ်။

ကျောင်းကပြန်ရောက်ကာစ ရေမိုးချိုးပြီးဖြီးလိမ်း ပြင်ဆင်ထားလို့ ညီမလေးရဲ့ပုံသဏ္ဍာန်ဟာ လန်းဆန်းလှပနေပါတယ်။ ကျွန်တော့်ကိုမြင်တော့ ဝမ်းသာအားရနဲ့ ပြုံးပြတယ်။

"ဟော ကိုကို . . . စောင့်နေတာ ကြာပြီလား"

"မကြာသေးဘူး"

အပြစ်ကင်းစင်တဲ့ ညီမလေးရဲ့ မျက်နှာကို ကြည့်လိုက်ရင်း အခွေထဲကဟာ ညီမလေးမှဟုတ်ရဲ့လားလို့ စဉ်းစားမိပါတယ်။ အခွေထဲက ကောင်မလေးနဲ့ ညီမလေးနဲ့ ခပ်ဆင်ဆင် တူလို့များလား။

ဒါပေမယ့် ညီမလေးရဲ့ပခုံးမှာ အမှတ်ကြီးတစ်ခု ရှိသလို အခွေထဲက ကောင်မလေးရဲ့ပခုံးမှာလည်း အမှတ်ကြီး ရှိနေလို့



www.burmeseclassic.com

www.burmeseclassic.com



လူချင်းတူတာတော့ မဖြစ်နိုင်တော့ပါဘူး။

"ကိုကို . . . နေကောင်းတယ် မဟုတ်လား . . ဟင် . . မျက်နှာလည်း မကောင်းပါလား . . . ဘာဖြစ်လို့လဲ ကိုကို . . . စီးပွားရေး အခြေအနေမကောင်းလို့လား"

"ညီမလေး"

"ရှင် . . . ကိုကို"

"ကိုကိုတို့ စကားပြောကြရအောင် . . . အပြင်ခဏ သွားမယ်"

"အို . . . ကိုကိုကလဲ . . . ညီမလေး သူငယ်ချင်း တစ်ယောက်နဲ့ ချိန်းထားလို့ . . . ဒီမှာပဲ ပြောကြရအောင်"

"ကိုကို ပြောမယ့် စကားတွေဟာ တို့မောင်နှမအတွက် သေရေးရှင်ရေးလောက် အရေးကြီးဝယ် ညီမလေး . . . အခုအချိန်မှာ ညီမလေးအတွက် ကိုကိုပြောမယ့် အကြောင်းအရာတွေလောက် အရေးကြီးတာရှိမှာမဟုတ်ဘူး . . . ကဲ ထ ကိုကိုတို့ လွတ်လွတ်လပ်လပ်ရှိမယ့် . . . သူများတွေ မကြားနိုင်မယ့်နေရာ တစ်နေရာ သွားကြရအောင်"

ကြည့်စမ်း ဘယ်လောက် အသုံးမကျတဲ့ ကောင်မလေးလဲလို့။ ကျွန်တော့်စကားကို သူ သရော်တော်တော်ပြုံးတယ်။

မျက်နှာကလည်း ပြီတီတီနဲ့ နားရင်းတောင် ပိတ်ရိုက်ပစ်ရင် ကောင်းမယ်။ ဘာမှမသိတတ်တဲ့ ကောင်မ။ ဒီမှာ အစ်ကိုလုပ်တဲ့လူက သူ့အတွက် ရင်တွေပူလိုက်ရတာ။

"ကောင်းပြီလေ ကိုကို . . . ညီမလေး ဧည့်သည်ရောက်လာရင် ညီမလေးကို မတွေ့မှာစိုးလို့ သူငယ်ချင်းတွေကို အကျိုးအကြောင်း သွားပြောလိုက်ဦးမယ်"





အဲဒီတုန်းမှာပဲ ရွှေစင်ရဲ့ သူငယ်ချင်းတစ်သိုက် လှေကားပေါ်က ဆင်းလာကြပါတယ်။ သူတို့အားလုံးဟာ ဟော့ရှော့ ဝတ်ဆင်ထားကြတယ်။

"ဟိတ် . . . နင်တို့ကို မိတ်ဆက်ပေးရဦးမယ် . . . ဟောဒါ ငါ့အစ်ကို . . ကိုရာဇာတဲ့ ကုန်သည်လေ . . . မူဆယ်နဲ့ မန္တလေးကို ကုန်ကူးနေတာပေါ့ . . . ကိုကို . . . သူတို့က ညီမလေး သူငယ်ချင်းတွေ . . . ဟိုဘက်က စန္ဒီ . . . ဒါက မျိုးမြင့်မြတ် . . ဒါက ယွန်းအိမ်စိုး"

ကျွန်တော် ပြုံးပြတော့ သူတို့ကလည်း ပြုံးပြတယ်။

"အဲဒါဟာ . . . ကိုကိုနဲ့ ငါ ခဏလိုက်သွားဦးမယ် . . . ကောင်းခန့်လာရင် စောင့်မနေနဲ့ ပြန်တော့လို့ . . . ညကျမှ ငါ့ဆီ ဖုန်းဆက်လို့ ပြောလိုက်"

"အေး အေး . . . စိတ်ချသွား . . . နင့် ကောင်းခန့်ကို တို့ စောင့်ရှောက်ထားလိုက်မယ်"

"ကောင်မစုတ်တွေ"

ညီမလေးနဲ့ ကျွန်တော် တံခါးဝကို ရောက်တော့ ကောင်မလေးတွေရဲ့ ခပ်တိုးတိုး အသံကို ကြားရတယ်။

"ရွှေစင့်အစ်ကိုက မိုက်တယ်နော် . . . ရုပ်က အပျံစားပဲ . . ငါဖြင့် ရွှေစင့်ကို ယောင်းမတောင် တော်ချင်လာပြီ"

"နင်နဲ့ အဲဒီအစ်ကိုနဲ့ မလိုက်ပါဘူးဟယ် . . . ငါနဲ့မှ လိုက်တာ"

"ကောင်မတွေ . . . တော်တော် ထ"

ကျွန်တော် ပခုံးတွန့်လိုက်မိပါတယ်။ ညီမလေးရဲ့ သူငယ်ချင်းတွေဟာ ခေတ်မီကြပါတယ်။ ခေတ်ဆန်ကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ လှကြပါတယ်။ ဒါပေမယ့် သူတို့ရဲ့ ကိုယ်ကျင့်တရားကိုတော့ ကျွန်တော် မမြင်နိုင်ပါဘူး။ သူတို့ဟာ ညီမလေးရဲ့ တကယ့် သူငယ်ချင်းကောင်းတွေမှ ဟုတ်ရဲ့လား။

နောက်ထပ်နာရီဝက်လောက် ကြာတော့ ကျွန်တော်တို့ မောင်နှမနှစ်ယောက် အင်းယားကန်ပေါင်ရိုးပေါ် ရောက်သွားကြတယ်။ ကျွန်တော်တို့ နှစ်ယောက်ထိုင်လိုက်တဲ့ နေရာတစ်ဝိုက်မှာ လူရှင်းနေပါတယ်။

"ဆိုင်က ရှောင်းကောင်းသလား ကိုကို"

"ပုံမှန်ပါပဲ"

ဝင်လုလု နေရောင်ကြောင့် ပတ်ဝန်းကျင်ဟာ အလင်းအားဖျော့နေပါတယ်။ ကျွန်တော် ရွှေစင့်ကို စောင်းငဲ့ကြည့်လိုက်တယ်။

ချောမောလှပတဲ့ ညီမလေး။ ကျွန်တော့်ထက် ဉာဏ်ကောင်းတဲ့ညီမလေး။ ကျွန်တော့်ထက် ပညာတတ်တဲ့ ညီမလေး။ ကျွန်တော် အံတစ်ချက် ကြိတ်လိုက်မိပါတယ်။

"ညီမလေး"

"ရှင် . . . ကိုကို"

"ညီမလေးမှာ ရည်းစားရှိလား . . ."

သူ ကျွန်တော့်ကို ဖျတ်ခနဲ ကြည့်တယ်။ တစ်ချက်တွေသွားပြီးမှ ခပ်တိုးတိုးဖြေတယ်။

"ရှိတယ် ကိုကို"

"တစ်ယောက်လား . . နှစ်ယောက်လား ဒါမှမဟုတ် သုံးယောက်လား"

"ကိုကို . . . ကိုကိုပြောမယ့် အရေးကြီးတယ်ဆိုတဲ့ အ





ကြောင်းတွေဟာ ဒီအကြောင်းကို ပြောတာလား"

"လှသာမရှည်နဲ့ . . . . ငါမေးတာဖြေ . . . နင့်မှာ ရည်းစား ဘယ်နှယောက် ရှိသလဲ"

"ကောင်းပြီလေ . . . ဒါ ကိုကိုမေးလို့ ညီမလေး ဖြေတာနော် . . ညီမလေးမှာ တွဲနေတဲ့ကောင်လေး သုံးယောက်တော့ရှိတယ် ကိုကို"

တကယ်တမ်းကျတော့ ကျွန်တော် ပြောရခက်နေပါတယ်။ အစ်ကိုနဲ့နှမ မောင်နှမကြားမှာ ဒီလိုကိစ္စမျိုးကို ဘယ်လိုပြောမလဲ။

"အေး ဟုတ်တယ် . . . နင့်အကောင်တွေထဲမှာ စကားမပီတဲ့ကောင် ဘယ်ကောင်ရှိသလဲ . . . ဥပမာဟာ ဘဒ္ဒဥစ္စာလဲလို့ မပီတာမျိုး"

"ခစ် ခစ်"

"အလကား ရယ်မနေစမ်းနဲ့"

"အင်း . . . ညီမလေးရဲ့ အတွဲကောင်တွေထဲမှာ စကားမပီတာ . . . အင်း . . . ဟယ် သိပြီ . . . ဟိုကောင် ကောင်းခန့် . . . ခစ် ခစ် . . ကောင်းခန့်က သိပ်စကားမပီဘူး . . . ကိုကိုပြောတာ သူပဲ ဖြစ်မှာပဲ"

"နင့်ဟာ စကားမပီတဲ့ကောင်များ သွားကြိုက်ရသလား"

"အို . . . ကိုကိုက ဘာသိလို့လဲ . . . အဲဒီလို စကားမပီတာလေးကိုက ချစ်စရာ"

"အေး . . . တကယ်က ဒီကောင်က ချစ်စရာမဟုတ်ဘူးဟ. . . ဒီကောင်က တကယ့် လူယုတ်မာ . . . နှမချင်းမစာနာတဲ့ကောင် . . . ကောင်းခန့်"

"အို . . ဘယ့်နှယ့် သူများသားသမီးကို မှိုချိုး မျှစ်ချိုး



www.burmeseclassic.com

www.burmeseclassic.com



ဆဲနေတာလဲ"

"ဆဲရမယ်. . . ဆဲရမယ် ဆဲရုံတင်မဟုတ်ဘူး . . . ဒီကောင့် မျက်နှာကို ပက်ပက်စက်စက် လက်သီးနဲ့ ဆင့်ဆင့်ထိုးရမယ်"

"ကိုကိုနော် . . . တော်တော့"

"နင်က . . . နင့်အကောင်ထိတော့ နာတယ်ပေါ့ ဟုတ်လား. . . ကဲ . . ရော့ ငါ ပေါ်တင်မပြောချင်လို့ ဒီလောက် စကားအရှည်ကြီးပြောနေတာ . . . အဲဒီဓာတ်ပုံကို ကြည့်စမ်း"

ကျွန်တော်ကလည်း ဒေါ်ပွပွနဲ့ ဦးသောင်းဒန်ဆီက ကူးလာတဲ့ဓာတ်ပုံကို ရွှေစင့်ကို လှမ်းပေးလိုက်တဲ့အခါ ရွှေစင်က ဓာတ်ပုံကို ယူကြည့်ပါတယ်။

သူမရဲ့ မျက်နှာဟာ သွေးဆုပ်သွားသလို ဖြူဖွေးသွားတယ်။ နှုတ်ခမ်းလေးတွေဟာလည်း တဆတ်ဆတ်တုန်ရင်နေတယ်။

"ဟင် . . ဒုက္ခပဲ ကိုကို . . . ညီမလေး ဘယ်လိုလုပ်ရမလဲ ဟင်"

"တောက် . . . နင်အစကတည်းက ဒီလိုဟာကို သိဖို့ကောင်းတယ်. . . အခုတော့ အားလုံး ဒုက္ခရောက်တော့မယ်. . နင်မို့ဟာ ငါ့မှာတော့ အဖေ၊ အမေ မရှိတော့တဲ့အချိန်ကစပြီး နင့်ကို လိုလေသေးမရှိ စောင့်ရှောက်လာလိုက်ရတာ . . . မျက်နှာတောင် အညိုမခံဘူး . . .

ဆေးကျောင်းသူပဲဆိုပြီး ဂုဏ်ယူလိုက်ရတာ . . . ငါ မသင်နိုင်တဲ့ ပညာ . . . ငါ မတက်နိုင်တဲ့ ကျောင်းမှာ ငါ့ညီမတက်နေပါလားဆိုပြီးတော့ ပီတိဖြစ်လိုက်ရတာ"

ကျွန်တော့်ပါးပေါ်ကို မျက်ရည်တွေ စီးကျလာပါတယ်။





ကျွန်တော် ဒေါသ ထောင်းခနဲထွက်သွားပါတယ်။ ဒီတစ်ခါဖြစ်တဲ့ဒေါသက ညီမလေးပေါ်မှာဖြစ်တဲ့ ဒေါသမဟုတ်ပါဘူး။ ဦးသောင်းဒန်ပေါ်မှာဖြစ်တဲ့ဒေါသပါ။

ဟုတ်ပါတယ်။ ဦးသောင်းဒန် အကွက်ဆင်ပြီး ဓာတ်ပုံရိုက်ယူလိုက်တာပဲ ဖြစ်မှာပါ။ ကျွန်တော် သက်ပြင်းတစ်ချက် ချလိုက်တယ်။

ဒီအခြေအနေမှာ ကျွန်တော် ဘာလုပ်ရမှာလဲ။

"ကဲ . . . ညီမလေး ငိုမနေနဲ့တော့"

ရွှေစင်ဟာ ကျွန်တော့်လက်မောင်းကို အားကိုးတကြီး ဆုပ်ကိုင်ပါတယ်။

"ညီမလေး . . . ကိုကို ပြောတာကို သေသေချာချာ နားထောင်နော်. . ဒီကိစ္စဟာ သင်ခန်းစာပဲ ညီမလေး . . ညီမလေးရဲ့ အတွဲကိုလည်း မယုံနဲ့ . . . သူငယ်ချင်းကိုလည်း မယုံနဲ့ . . . ဘယ်သူ့ပေါ်မှ ညီမလေး မယုံနဲ့ . . .

ဒါပေမယ့် ညီမလေး ကိုကို့အပေါ်မှာတော့ အကြွင်းမဲ့ယုံကြည်ပါ . . ညီမလေးရဲ့ဘဝ တိုးတက်မြင့်မားဖို့ စေတနာ အမှန်တကယ်ရှိတာက ကိုကိုပါ . . .

တို့တွေမှာ မိဘတွေမရှိတော့ကတည်းက တို့မောင်နှမနှစ်ယောက်ပဲ တိုင်တိုင်ပင်ပင်နဲ့ လုပ်ကြရအောင် . . . နောက်ကို ဒီကိစ္စမျိုး ထပ်အဖြစ်မခံပါနဲ့ . . . ကိုကိုပြောတာ ကြားလား"

"ဟုတ်ကဲ့ ကိုကို"

"ကိုကို ဒီကိစ္စကို လူသိရှင်ကြားမဖြစ်အောင် အတတ်နိုင်ဆုံး ကာကွယ်မယ် . . . ကဲ ရော့ . . . ငါးသောင်း . . . မောလောဆယ် အဲဒါပဲ ခဏယူထားဦး . . . ကိုကို အဆင်ပြေတဲ့ နေ့



www.burmeseclassic.com

www.burmeseclassic.com



ထပ်ပေးမယ် . . . ထ. . ကိုကို ညီမလေးရဲ့ အဆောင်ကို ပြန်ပို့ပေးမယ်"

"ကိုကိုရယ် . ."

ရွှေစင်က ကျွန်တော်ကို ဖက်ငိုပါတယ်။ တသိမ့်သိမ့် ရှိုက်နေတဲ့ သူမရဲ့ ကျောပြင်လေးကို ပွတ်ပေးရင်းနဲ့ ကျွန်တော်လည်း မျက်ရည်တွေလည်လာတယ်။



ပလက်ဖောင်းအတိုင်း ကျွန်တော် ခေါင်းငိုက်စိုက်နဲ့ လျှောက်နေတုန်းမှာပဲ ကျွန်တော့်နံဘေးကို ကားတစ်စီး ထိုးရပ်လာတယ်။ ကျွန်တော် လှည့်ကြည့်လိုက်တော့ မေမိက ကျွန်တော့်ကိုပြုံးပြနေတာ တွေ့ရတယ်။

"လာလေ အစ်ကို . . . မေမိ လိုက်ပို့မယ်"

ကျွန်တော် ကားခေါင်းကိုပတ်ပြီး သူမရဲ့ တစ်ဖက်က ခုံမှာ ဝင်ထိုင်လိုက်တယ်။

"အစ်ကို ဒီနေ့ အားလားဟင်"

ဒီနေ့ တနင်္ဂနွေနေ့။ ဆေးတက္ကသိုလ်ပိတ်သလို ကွန်ပျူတာ တက္ကသိုလ်လည်း ပိတ်။ ဒါပေမယ့် ကျွန်တော့် ဆိုင်ကတော့ မပိတ်ပါဘူး။ ဒါပေမယ့် ကျွန်တော် လိမ်လိုက်ပါတယ်။

"အားတယ် မေမိ"

"ဟယ် . . . ဒါဆို အတော်ပဲ . . . မေမိ အခု ရှော့ပင်း စင်တာသွားမလို့. . . အစ်ကို လိုက်ခဲ့ပါလားဟင်"

ကျွန်တော့်လိုကောင်တစ်ကောင်အတွက်တော့ ဒါဟာ



www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေးပါပဲ။ ကျွန်တော် သူမကို ကြည့်လိုက်ပါတယ်။ ကျက်သရေရှိစွာ လှနေတဲ့ မျက်နှာလေးကို ဘေးတိုက်အနေအထားနဲ့ မြင်နေရတယ်။

ရွှေစင့်အတွက် လောင်မြိုက်နေရတဲ့ သောက၊ ကျွန်တော်တို့မောင်နှမနှစ်ယောက်ရဲ့ အနာဂတ်အတွက် လောင်မြိုက်နေရတဲ့ ဗျာပါဒတွေ ခဏတဖြုတ် ပျောက်သွားပါတယ်။

"ဖေဖေကသောင် အစ်ကို့ကို မေးနေသေးတယ် . . . တွေ့သေးလားတဲ့"

"ဆရာ နေကောင်းတယ် မဟုတ်လား"

"အင်း"

ကျွန်တော်တို့ နှစ်ယောက် ရှော့ပင်းစင်တာထဲသို့ အတူတွဲပြီး ဝင်ကြပါတယ်။ ချစ်သူတွေ မဟုတ်ပေမယ့် ချစ်သူတွေလို ဖြစ်နေလို့ ကျွန်တော့်ရင်ထဲမှာ ရှိန်းမြနေပါတယ်။

ငွေကြေး ချမ်းသာသူလည်းဖြစ်ပြန်၊ ခေတ်မီတဲ့၊ ခေတ်ဆန်တဲ့ မိန်းကလေးလည်းဖြစ်ပြန်ဆိုတော့ သူမ ဝယ်တဲ့ ပစ္စည်းတွေက မနည်းပါဘူး။ တန်ဖိုးတွေကလဲ မနည်းပါဘူး။

ပထမတော့ မေမီက သူ့ပစ္စည်းတွေကို ကျွန်တော့်ကို ပေးကိုင်ဖို့ ငြင်းပါသေးတယ်။ ဒါပေမယ့် သူတစ်ယောက်တည်း ဘယ်လိုမှ မကိုင်နိုင်တဲ့အခါကျမှ ကျွန်တော့်လက်ထဲကို တချို့တစ်ဝက်ခွဲပေးပါတယ်။

ပြီးတော့ ကျွန်တော်တို့ နှစ်ယောက် စားသောက်ဆိုင်တစ်ဆိုင်ကိုဝင်တယ်။ ဒီအချိန်ဟာ အခွင့်ကောင်းပဲ။ ကျွန်တော် သူမကိုချစ်နေတဲ့အကြောင်း ဖွင့်ပြောဖို့အချိန်ကောင်းပဲ။

ကျွန်တော့်လိုကောင်မျိုးတစ်ကောင်နဲ့ ဘယ်လိုမှ မထိုက်





တန်ပေမယ့် ကျွန်တော့် ရင်ထဲကအချစ်တွေကို ကျွန်တော် မထိန်းလိုက်နိုင်လို့ ဖွင့်ပြောမိသွားပါတယ်။

"မေမီ"

"ရှင်"

"အစ်ကိုက မပြည့်စုံဘူး . . . ပြီးတော့ အစ်ကို့မှာ မိဘတွေလဲ မရှိတော့ဘူး . . . အစ်ကိုလိုကောင်မျိုးက ဒီစကားပြောတယ်ဆိုတော့ မေမီ စိတ်ဆိုးချင်လည်းဆိုးမယ် . . . ဒါပေမယ့် အစ်ကိုပြောပါရစေတော့ မေမီရယ် . . . အစ်ကိုလေ မေမီ့ကို စ, တွေ့ကတည်းက ချစ်နေမိတာပါ"

"အို"

မေမီ့ရဲ့ မျက်နှာဝင်းဝင်းလေးဟာ ရဲသွားပါတယ်။ ပြီးတော့ ခေါင်းကလေး ငုံ့သွားတယ်။

"မေမီနဲ့ အစ်ကိုက အဆင့်အတန်းချင်း မတူဘူး . . . အစ်ကို့မှာ ဘာဂုဏ်ဒြပ်မှလည်း မရှိဘူး"

"အို အစ်ကိုရယ် . . . အဲဒီလောက်ကြီးလဲ ကိုယ့်ကိုကိုယ် မနှိမ့်ချပါနဲ့ . . . အစ်ကိုက ဆေးကျောင်းသားတစ်ယောက်ပဲဟာ . . . ပညာရဲရင့် ပွဲလယ်တင့်တဲ့ အစ်ကိုရဲ့ . . . ဖေဖေဆို အစ်ကို့ကို ချီးမွမ်းတယ် သိလား . . . ရိုးရိုးသားသား ကြိုးကြိုးစားစား ကျောင်းတက်နေတဲ့ ကလေးတဲ့"

ကျွန်တော် မသိမသာ ပြုံးလိုက်မိပါတယ်။ ပညာရဲရင့် ပွဲလယ်တင့်တဲ့။ မှန်ပါတယ်။

ဒါပေမယ့် ကျွန်တော့်ပညာမျိုးကျတော့ ဘယ်လိုလုပ် ပွဲလယ်တင့်မလဲ။ လူပုံအလယ်မှာတောင် ထုတ်ပြောလို့ မကောင်းတဲ့ပညာ။



www.burmeseclassic.com

www.burmeseclassic.com



ညီမလေးရွှေစင်ကတောင် ကျွန်တော့်အတတ်ပညာနဲ့ ပတ်သက်ပြီးထုတ်မပြောရဲလို့ သူ့အစ်ကို့ကို ကုန်သည် တစ်ယောက် အနေနဲ့သာ ပတ်ဝန်းကျင်ကို အသိပေးထားတာ။

"အစ်ကို"

"ဟင်"

"အမလေး . . . ရည်းစားစကားလဲ ပြောသေးတယ် . . မျက်နှာကလဲ မှိုင်သွားလိုက်တာ . . ဟင်းဟင်း မေမီ့ကို ပြောတဲ့ ရည်းစားစကားတွေထဲမှာတော့ . . . အစ်ကို့ရည်းစားစကားက မလန်းဆုံးပဲ"

"ဟုတ်လား . . အစ်ကို့စကားက မလန်းဘူး ဟုတ်လား"

"ဟုတ်တယ် . . . တချို့ ဘွဲ့ ပြောတဲ့စကားဆို ရေရေလည် လည် လန်းတယ်"

ကျွန်တော် စိတ်မကောင်းဖြစ်သွားပါတယ်။ အင်းပေါ့လေ။ မေမီ့လို ပြည့်စုံတဲ့၊ လှပတဲ့ သူမှာ ရည်းစားရှိနေနိုင်တာပဲ။ ရည်းစား စကားတွေ အများကြီး ကြားရနိုင်တာပဲ။

ကျွန်တော့်ရည်းစားစကားလို ခြောက်ကပ်ကပ် မဟုတ်နိုင် ပါဘူး။ ရေရေလည်လည် လန်းမှာ။

"ဟိတ် . . . အစ်ကို လုပ်ပြန်ပြီ . . . ကြက်ကြီး လည် လိမ်သွားသလိုပဲ . . . ကဲပါ စိတ်ဓာတ် ဒီလောက်ကျမနေပါနဲ့ . . . အစ်ကို့ရည်းစား စကားကို မေမီတန်ဖိုးထားပါတယ် . . .

ဒါပေမယ့် အခုချက်ချင်းတော့ အဖြေမပေးသေးဘူးနော် သိပြီလား"

"ဟင် . . . ဒါဆို ဘယ်တော့မှ အဖြေပေးမှာလဲ"

"ဖေဖေနဲ့ တိုင်ပင်လိုက်ဦးမယ်"





တကယ်လို့သာ ကျွန်တော်ဟာသော့ဝိဇ္ဇာမဟုတ်ဘဲ ဆရာ ဝန် လောင်းတစ်ယောက်သာဆို ဘယ်လောက်ကောင်းလိုက်မလဲ။

အခုတော့ မေမီက သူ့အဖေနဲ့ တိုင်ပင်လိုက်ဦးမယ် ဆိုတာ နဲ့ ကျွန်တော်ကြိတ်ပြီး ဘုရား တ,လိုက်မိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာဝန်ကြီးဦးကောင်းမြတ်က ကျွန်တော်နဲ့ မေမို့ကို တံခါးလာဖွင့်ပေးပါတယ်။ သူတို့ရဲ့ ကြွယ်ဝချမ်းသာမှုဟာ အံ့ဩစရာပါပဲ။ အခုနေများ ထီဆုအကြီးကြီး ဆယ်ခါလောက် ထ, ပေါက်ရင်တောင် သူတို့ရဲ့ကြွယ်ဝချမ်းသာမှုမျိုးကို ကျွန်တော်ရမှာ မဟုတ်ဘူး။ ခြံထဲမှာရပ်ထားတဲ့ ကားကတင် နှစ်စီး။ ဒါတောင် မေမိစီးနေတဲ့ ကားမပါသေးဘူး။ နောက်ပြီး ခြံကလည်း ခံ့ခံ့ညားညား ကျယ်ဝန်းပြီး တိုက်ကြီးကလည်း ဟိန်းနေတယ်။

ပြီးတော့ ဧည့်ခန်းထဲကအသုံးအဆောင်ပစ္စည်းတွေ ကြည့်ဦးမလား။ အားလုံးဟာ တန်ဖိုးကြီးတဲ့ ခေတ်မီအသုံးအဆောင်ပစ္စည်းတွေချည်းပဲ။

"လာကွ . . . ဒီနေ့တော့ ဆရာလုံးဝနားရတယ် . . ဟဲ . . ဟဲ . . . တစ်ပတ်လုံးလုံး ပင်ပန်းခဲ့သမျှ ဒီလို နားရက်ကျမှပဲ ကောင်းကောင်း နားရတော့တယ် . . . အင်း . . . တို့တွေရဲ့ ဘဝဟာဒီလိုပါပဲကွာ . . . ဒါနဲ့ တဖြည်းဖြည်း အသက်တွေကကြီးလာ"





ဧည့်ခန်းထဲ ရောက်တော့ ဦးကောင်းမြတ်နဲ့ ကျွန်တော်က မျက်နှာချင်းဆိုင် ထိုင်လိုက်ကြပြီး မေမိကတော့ ကျွန်တော့်အတွက် အအေးဖျော်ဖို့ အထဲဝင်သွားပါတယ်။ ခဏနေတော့ မေမိက အအေးလင်ဗန်းကလေးကိုင်ကာ သူမရဲ့ မိခင်ဖြစ်သူနဲ့ ပြန်ရောက်လာပါတယ်။

"မေမေကတော့ . . . သူ့တပည့်ကို သိပြီးပြီ . . . မေမေနဲ့ပဲ မိတ်ဆက်ပေးရမယ် မေမေ . . . ဒါ ကိုရာဇာတဲ့ . . . ဖေဖေ့တပည့်ပဲ . . အစ်ကို ဒါ မေမို့မေမေ"

"ဟိုတလောက မီးလောင်တယ်ဆိုတာ မင်းတို့တိုက်လား"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

"အေးကွယ် . . . အေး အေး ကြီးကြီးကျယ်ကျယ် မဟုတ်တာကိုပဲ ကျေးဇူးတင်ရမယ်"

"မောင်ရာဇာကို ကြည့်ရတာ ထက်မြက်ပုံတော့ ရတယ်ကွ . . . ဒါနဲ့ မင်း ဆယ်တန်းတုန်းက ဂုဏ်ထူးဘယ်နှဘာသာ ထွက်သလဲ"

"ဖိုက်ဒီပါ ခင်ဗျ"

လျှာယားလိုက်တာဗျာ။ တကယ်က ကျွန်တော် ဆယ်တန်းကို လွယ်လွယ်နဲ့ အောင်ခဲ့တဲ့ကောင် မဟုတ်ဘူး။ သုံး လေး နှစ်ဖြေပြီးမှ အောင်လာတာ။ အောင်လာတော့လည်း ကျွန်တော့် အမှတ်ပေါင်းက နှစ်ရာ့လေးဆယ်အတိ။ တစ်ဘာသာကို လေးဆယ်အတိနဲ့ အောင်လာခဲ့တဲ့ကောင်။ ပြီးတော့ အဝေးသင်မှာ ပထမနှစ် တစ်ခါကျသေးတယ်။ ဒုတိယနှစ်လည်း တစ်ခါကျသေးတယ်။ ဒါနဲ့ပဲ ပညာရေး လမ်းဆုံးရော။

"အင်း . . . ဆရာ ထင်တော့ထင်သား . . . ဒါနဲ့ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



က ကျောင်းမှာလဲ စာသင်ရင်း စာမေးနေကျဆိုတော့ မောင်ရာဇာကိုလည်း စာလေးနည်းနည်း မေးကြည့်ဦးမယ်"

ဗုဒ္ဓေါ မြတ်စွာဘုရား။ ကျွန်တော်တော့ ဒုက္ခရောက်တော့မယ်။

"နှလုံးသွေးကြောကျဉ်းတာ မင်းသိတယ်နော် . . . အေး . . . အဲဒါကို မင်း ဘယ်လို ကုထုံးပေးမလဲ"

စဉ်းစားစမ်း စဉ်းစားစမ်း။ နှလုံးသွေးကြောကျဉ်းတာကို ဓာတ်မှန်ရိုက်လို့ ရသလား၊ မရသလား ကျွန်တော် မသိဘူး။ ဘယ်လောက်ကျယ်သလဲ၊ ကျဉ်းသလဲလည်း ကျွန်တော်မသိဘူး။ သိရင်လည်း ကုသပုံ၊ ကုသနည်းကို ကျွန်တော်မသိဘူး။ ကျွန်တော် ချွေးနည်းနည်းပြန်လာပါတယ်။ မေမီနဲ့ သူ့အမေကလည်း ကျွန်တော့်ကို အကဲခတ်သလို ကြည့်နေပါတယ်။ ကျွန်တော် တစ်ခုခု ဖြေမှ ဖြစ်တော့မယ်။

"လျှက်ဆားပါ ဆရာ လျှက်ဆားပါ . . လူနာကို လျှက်ဆား ကျွေးပါမယ်"

"ဟေ"

ဦးကော်င်းမြတ်ရဲ့ မျက်နှာဟာ အံ့အားသင့်သလို ဖြစ်သွားပြီးမှ တဖြည်းဖြည်း ပြုံးလာပါတယ်။

"ဒါဖြင့် . . . နှလုံး အဆို့ရှင်ကျဉ်းတာကိုရောကွယ်"

ဒီတစ်ခါလည်း ဒုက္ခရောက်ပြန်ပြီ။ နှလုံးမှာ ဘယ်နေရာ အဆို့ပါမှန်းတောင် သိတဲ့ကောင် မဟုတ်ဘူး။ အဲ သော့တစ်လုံးရဲ့ အဆို့ဆိုရင်တော့ ကျွန်တော် ကောင်းကောင်း ရှင်းပြနိုင်ပါလိမ့်မယ်။ မထူးပါဘူးကွာ။ စောစောက ကုထုံးပဲပေးတာ ကောင်းပါတယ်။

"လျှက်ဆားပါပဲ ဆရာ"





"ဟေ"

မေမီကတော့ စိတ်ရှုပ်ထွေးသွားတဲ့ပုံနဲ့ မျက်မှောင်ကုတ်ပါတယ်။ အဘိုးကြီးကတော့ တစ်စုံတစ်ခုကို စဉ်းစားမိပုံရပြီး ဟဟား ဟား ရယ်ပါတယ်။

"မင်း ကြည့်ရတာ . . . တိုင်းရင်းဆေးကိုလည်း နည်းနည်း စိတ်ဝင်စားတယ်ထင်တယ် . . . ဟား ဟား ကောင်းတယ်ကွ . . . တို့မြန်မာတိုင်းရင်းဆေးတွေထဲမှာ အရမ်းချစ်ဖို့ကောင်းတဲ့ ဆေးတွေရှိတယ် . . . လျှက်ဆား . . . သွေးဆေး . . . အင်း နောက်ပြီး ကတိုးနှာဆိုရင်လည်း ကောင်းလိုက်တာကွာ . . . ဇက်ကြောတက်နေတာလေးတွေတောင် ချက်ချင်းပျောက်သွားမယ် . . . ဒါနဲ့ နှလုံးအကြောင်းကို ဆရာသင်နေတော့ နှလုံးအကြောင်း မင်းသိသလောက် ပြောစမ်းကွာ"

လာပြန်ပါပြီ။ ကျွန်တော်တော့ လုံးဝပြဿနာ တက်နေပါပြီ။ လူကိုယ်ခန္ဓာမှာ နှလုံးရဲ့တည်နေရာ၊ အသုံးဝင်ပုံ၊ အလုပ်လုပ်ပုံတွေ။ ကျွန်တော် ဘာမှမသိဘူး။ ဒါပေမယ့် ဆယ်တန်းတုန်းက ဘိုင်အို သင်ထားဖူးတော့ ကြားဖူးနားဝလေးတော့ ရှိနေပါတယ်။

"နှလုံးအကြောင်းကို ကျွန်တော် အရမ်းစိတ်ဝင်စားပါတယ် ဆရာ . . . ဒါပေမယ့် ကျွန်တော်ပိုပြီး စိတ်ဝင်စားတာက ကျောက်ကပ်ပါ ဆရာ"

"ကျောက်ကပ် ဟုတ်လား . . . ကောင်းတာပေါ့ကွာ . . အင်း . . . လုပ်ပါဦးကွ . . . ကျောက်ကပ်အကြောင်းလေး"

"ဟုတ်ကဲ့ ဆရာ . . . ကျောက်ကပ်က စိတ်ဝင်စားဖို့ ကောင်းပေမယ့် ပိုပြီး စိတ်ဝင်စားဖို့ ကောင်းတာက သရက်ရွက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"သရက်ရွက်လဲ စိတ်ဝင်စားဖို့ ကောင်းသားပဲ . . . ပြောပါဦးကွ"

"ဟုတ်ကဲ့ ဆရာ . . . သရက်ရွက်ဟာ စိတ်ဝင်စားဖို့ ကောင်းပေမယ့် ပိန္နဲရွက် . . . အဲ . . အသည်းဟာ ပိုပြီး စိတ်ဝင်စားဖို့ ကောင်းပါတယ်"

"ဟုတ်ပါပြီကွာ . . . ပြောပါဦး"

"အဲဒီ အသည်းထက် ပိုပြီး . . . "

"အင်း . . . ခန္ဓာကိုယ် တစ်ခုလုံးရဲ့ အစိတ်အပိုင်းတွေ ကုန်တော့မယ်"

"အသည်းထက် ပိုပြီး စိတ်ဝင်စားဖို့ ကောင်းတာဟာ . . စအိုပါ ဆရာ"

အဘိုးကြီး မျက်လုံးပြူးသွားပါတယ်။ ကျွန်တော်လည်း မထူးတော့ပါဘူး။ ဖြစ်ချင်ရာဖြစ် ဆော်မှဖြစ်တော့မယ်လို့ စဉ်းစားပြီး ပြောမိပြောရာ ပြောချလိုက်ပါတော့တယ်။

"စအိုထက် ပိုပြီး စိတ်ဝင်စားဖို့ ကောင်းတာက . . . ဟိုဒင်း အထက်ကို နည်းနည်းတက်လိုက်ရင်"

"ဟေ"

"ဒီလိုပါဆရာ . . . တလွဲမထင်ပါနဲ့ . . . စအိုကနေ အထက်ကို နည်းနည်းလေးတက်ခိုင်းတာမဟုတ်ပါဘူး . . . အတော်များများ အသားကုန် တက်ခိုင်းလိုက်တာပါ . . . အဲဒါဆို ဘာသွားတွေ့မလဲ ဆရာ"

"အင်း . . . အတော်များများ တက်လိုက်ရင် အစာအိမ်ပဲ ပေါ့ကွာ"

"မဟုတ်သေးဘူး ဆရာ . . နည်းနည်းထပ် တက်လိုက်ပါဦး"





"အင်း . . . နည်းနည်းထပ်တက်ရင် နံရိုးတွေကွာ"

"မဟုတ်သေးဘူး . . . ဆက်တက်ကြည့်ပါဦး ဆရာ"

"ဒီထက် နည်းနည်းဆက်တက်ရင် ပခုံးရိုးနဲ့ လည်ပင်းရိုး ကွာ"

"နည်းနည်း လိုသေးတယ် . . . ဆက်တက်ကြည့်ပါဦး"

"အင်း . . . သိပြီ . . . ဦးနှောက် . . . ဦးနှောက် . . မင်း စိတ်ဝင်အစားဆုံး အစိတ်အပိုင်းက ဦးနှောက်ပဲပေါ့ . . . ဟုတ်ပြီ ဟုတ်ပြီ . . . အဲဒီ ဦးနှောက်အကြောင်းကို ဆရာလည်း စိတ်ဝင်စားတယ် . . . ဆက်ပြောကွာ"

"ဒီလိုပါ ဆရာ . . . ဦးနှောက်တွေထဲမှာတော့ ဆိတ် ဦးနှောက်က စားလို့အကောင်းဆုံးပါပဲ"

ကျွန်တော်လည်း လုံးဝ ဒုက္ခရောက်နေလို့ ပြောမိပြောရာ ပြောချလိုက်တဲ့အခါ အဘိုးကြီးလည်း အတော်ကလေးကို အံ့ဩသွားပုံရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (၇)

ဘာပဲဖြစ်ဖြစ် အဲဒီနေ့က မေမိတို့ မိသားစုနဲ့ ကျွန်တော် ရင်းနှီးမှု ကောင်းကောင်းရခဲ့ပါတယ်။ ဆေးတက္ကသိုလ်က ပါမောက္ခ ဆရာဝန်ကြီးတစ်ဦးအနေနဲ့ ကျွန်တော် ပေါက်ကရ လျှောက်ဖြေတာကိုစိတ်မဆိုးတဲ့အပြင် ကျွန်တော့်ကိုလည်း အဘိုးကြီးက သဘောကျသွားပုံရတယ်။

"မင်းကြည့်ရတာ ပျော်တတ်ပုံရတယ် . . . ဟာသလေးတွေလည်း အတော်ပြောတတ်တယ် . . . ကောင်းတယ်ကွာ . . . မင်းနဲ့ စကားပြောလိုက်တာ ငါလည်း အသက်တောင် ပြန်ငယ်သွားသလိုပဲ . . . အေးပေါ့လေ မင်းကျင်လည်နေရတဲ့ဘဝကလည်း ကြမ်းတာကိုး . . . ကောင်းတယ်ကွ . . . စိတ်ဓာတ်တော့ မကျနဲ့ . . . လောကကြီးမှာ ပျော်ပျော်နေနိုင်တာ အကောင်းဆုံးပဲ"

ကျွန်တော်ကတော့ သူနဲ့ စကားပြောတဲ့အချိန်မှာ ဘုရားတ,နေရတယ်။ ဘယ်တော့ အလိမ်တွေ ပေါ်သွားမလဲဆိုပြီး ဘုရား





တ,နေမိတယ်။ ဒီကြားထဲ မေမို့လို မိန်းကလေးတစ်ယောက်ကို ရည်းစားစကား မပြောသင့်မှန်းသိပေမယ့် မနေနိုင်လို့ ဖွင့်ပြောမိလိုက်ပြီ။ မေမိကလည်း သဘောကောင်းပြီး ကျွန်တော့်ကို စိတ်မဆိုးတဲ့အပြင် သူ့အဖေနဲ့တိုင်ပင်ပြီး ကျွန်တော့်ကို အဖြေပြန်ပေးမယ်တဲ့။

ကျွန်တော့်အတွက်ကတော့ အတိုင်းထက်အလွန်ပါပဲ။ ဒါပေမယ့် အဲဒီကိစ္စကို ကြည်နူးလို့မဆုံးသေးပါဘူး။ ကျွန်တော့်ညီမ ရွှေစင်ရဲ့ကိစ္စက ခေါင်းထဲရောက်လာပြန်ပါတယ်။ ဒီနေ့ သုံးရက်ပြည့်တဲ့နေ့။ ဦးသောင်းဒန်ကို အဖြေပြန်ပေးရမယ့်နေ့။ ကျွန်တော် အခုထိ တိတိကျကျမဆုံးဖြတ်ရသေးဘူး။ ဆိုင်ကိုရောက်ပြီး တစ်နာရီလောက်အကြာမှာတော့ ဦးသောင်းဒန်ဆီက ဖုန်းလာပါတော့တယ်။

"ကဲ . . . ဘယ်လိုလဲ ရာဇာ . . မင်း စဉ်းစားပြီးပြီလား"

"ကျွန်တော် စဉ်းစားပြီးပါပြီ"

"ဟုတ်ပြီ . . . ဒီလိုဆို အဖြေက ဘာတဲ့လဲ"

"ကျွန်တော့်မှာ ရွေးချယ်စရာလမ်းမှ မရှိတော့တာ . . လုပ်ရတော့မှာပေါ့ . . ဒါပေမယ့် ခင်ဗျားနဲ့ ကျွန်တော် ညှိဖို့တော့ လိုသေးတယ်"

"ကောင်းပြီ. . . ငါကလဲ ဒါမျိုးမှကြိုက်တယ် . . . ဒီတော့ မင်း ငါပြောတဲ့နေရာကို လာခဲ့ . . . ငါစောင့်နေမယ်"

ဦးသောင်းဒန်က လိပ်စာတစ်ခုကို ရွတ်ပြပါတယ်။ ပြီးတော့ ဖုန်းချသွားတယ်။ ကျွန်တော်လည်း အဲ့ကိုတင်းတင်းကြိတ်လိုက်မိပါတယ်။

"ကြွက်နီနဲ့ ဝင်းမြင့် . . . ငါ အပြင်ခဏသွားလိုက်ဦးမယ် . . . လုပ်စရာရှိတာတွေ ကြည့်လုပ်ထားလိုက်ကြ"



www.burmeseclassic.com

www.burmeseclassic.com



ဦးသောင်းဒန် ချိန်းတဲ့နေရာဟာ ရန်ကုန်မြို့လယ်ခေါင်က တိုက်ခန်းတစ်ခန်းမှာပါ။ အခန်းထဲကို ကျွန်တော် ရောက်သွားတဲ့အခါ အခန်းထဲမှာ ဦးသောင်းဒန်နဲ့အတူ မင်းခေါင်လည်း ရှိနေတဲ့အပြင် နောက်ထပ် လူစိမ်းနှစ်ယောက်လဲ ရှိနေပါတယ်။

"လာကွာ . . ထိုင် မင်း ဘီယာသောက်မလား"

"မသောက်ဘူး"

"စိတ်အေးအေးထားပါကွ . . . ဘာမှ စိတ်လှုပ်ရှားမနေနဲ့ . . . ငါတို့ မင်းအရည်အချင်းကို ယုံတယ် . . . တို့တွေ အောင်မြင်မှာပါ . . . ကဲ လာ တို့ဒီစားပွဲမှာ တိုင်ပင်လိုက်ကြရအောင်"

"ခဏလေး ဦးသောင်းဒန် . . . ဘာပဲဖြစ်ဖြစ် . . . ခင်ဗျားခိုင်းတဲ့ကိစ္စကို ကျုပ်လုပ်မယ် . . . ဒါပေမယ့် အောင်မြင်ခဲ့ရင် ခင်ဗျား ကတိတည်ဖို့တော့ လိုတယ် . . . ကျုပ်အတွက်ကတော့ ခင်ဗျား ကတိမတည်ရင် လူသတ်ဖို့ ဝန်မလေးဘူးနော်"

"ဟား ဟား တို့က . . . ပေးထားတဲ့ ကတိတစ်လုံးကို အရမ်းတန်ဖိုးထားတဲ့ကောင်တွေ . . . အေး တို့တွေ တန်ဖိုးထားသလို မင်းကလည်း တာဝန်ကျေဖို့လိုတယ် . . . ရဲကိုတိုင်တာတို့ ဘာတို့ဆိုရင်တော့ . . . မင်းညီမ ရေစုန်မျောပြီသာမှတ်"

"ဟား . . . ဦးလေးကလည်း ရာဇာက အဲဒီလိုကောင်မျိုး မဟုတ်ပါဘူး . . . ဒီကောင် ပါးနပ်ပါတယ်"

"မင်းပါးစပ် ပိတ်ထားစမ်း မင်းခေါင် . . . မင်းကို ငါ အစကတည်းက သိပ်ကြည့်ရခဲ့တာ မဟုတ်ဘူး"

ကျွန်တော် ဟောက်လိုက်တော့ မင်းခေါင် ငြိမ်သွားပါတယ်။ ဦးသောင်းဒန်ကလည်း မင်းခေါင်ကို သိပ်မကြည်သလို ကြည့်လိုက်တော့ ဒီကောင် အမြီးကုပ်သွားပါတယ်။





"ဒီလိုကွ ရာဇာ . . . တို့လုပ်မယ့် ကိစ္စကကြီးတယ် . . . တစ်ခုခုအမှားအယွင်းဖြစ်သွားတာနဲ့ ငါတို့အားလုံး ထောင်ထဲရောက်သွားမှာ . . . ဒီတော့ တို့တွေ တစ်ယောက်နဲ့တစ်ယောက် ယုံကြည်ဖို့လိုတယ် . . . ဟုတ်ပြီလား . . ကဲ ဟောဒီ ဓာတ်ပုံတွေ မင်းကြည့်စမ်း"

ဦးသောင်းဒန်က ကျွန်တော့်ရှေ့ကို ဓာတ်ပုံတချို့ ပစ်ချပေးတယ်။ ကျွန်တော် ဓာတ်ပုံတွေကို ကောက်ယူပြီး ကြည့်လိုက်တဲ့အခါ တိုက်တစ်တိုက်ရဲ့ အနေအထားကို နေရာမျိုးစုံက ရိုက်ထားတဲ့ပုံတွေ ဖြစ်နေတာ တွေ့ရပါတယ်။ ဒီတိုက်ပုံစံမျိုးကို ကျွန်တော် ဘယ်မှာ မြင်ဖူးပါလိမ့်လို့စဉ်းစားနေတုန်းမှာပဲ ဦးသောင်းဒန် ဆက်ပြောလိုက်တဲ့ စကားကြောင့် ကျွန်တော့် လက်ထဲကဓာတ်ပုံတချို့ လွှတ်ကျသွားပါတယ်။

"အဲဒါ စိန်ကြီးရှိနေတဲ့ တိုက်ပဲ ရာဇာ . . . အဲဒီတိုက်ကြီးရဲ့ပိုင်ရှင်ကတော့ မင်းသိမှာပါ . . . ပါမောက္ခဒေါက်တာ ဦးကောင်းမြတ်ပဲ . . . သူ့သမီး မေမီကိုတော့ ငါ အထူးမိတ်ဆက်ပေးနေစရာမလိုဘူး ထင်တယ်"

ကျွန်တော် တောက်တစ်ချက် ခေါက်လိုက်မိပါတယ်။ ကျွန်တော့်ဘက်ကတော့ ပေးဆပ်ရမယ့် အရာတွေ များနေပါပြီ။ တစ်ချက်က ညီမလေးရွှေစင်ရဲ့ ဘဝနှင့် အရှက်၊ ဂုဏ်သိက္ခာ ကိစ္စ။ ဒုတိယတစ်ချက်က ဒေါက်တာ ဦးကောင်းမြတ်ရဲ့အိမ်မှာ ရှိနေတဲ့ စိန်ကြီးရဲ့ကိစ္စ။ ကျွန်တော် ဘာဆက်လုပ်ရမလဲ။ မေမီတို့အိမ်က စိန်ကြီးကိစ္စကို ကျွန်တော် ပြတ်ပြတ်သားသား ငြင်းလိုက်လျှင် ဦးသောင်းဒန်တို့က ကျွန်တော့်ညီမကိစ္စကို လူသိရှင်ကြား ဖြစ်အောင် လုပ်တော့မှာ။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဦးကောင်းမြတ်တို့အတွက် ဘာမှ အကျိုးမယုတ်ပေမယ့် ကျွန်တော့် ညီမလေးခမျာတော့ တံတွေးခွက် ပက်လက်မျောတော့မှာ။ ဒီကိစ္စကြီးကို ဆက်လုပ်လျှင်လည်း မေမီတို့ ဒုက္ခရောက်မှာ။ ဒီလူတွေက လူယုတ်မာတွေ၊ ဘာကိုမှ ငဲ့ညှာ ထောက်ထားနေမယ့် လူတွေမဟုတ်ဘူး။

"မင်းကြည့်ရတာ သိပ်အံ့သြနေတယ်ထင်တယ် . . . ဒါပေမယ့် အံ့သြစရာတော့ မရှိပါဘူးကွာ . . တိုက်ဆိုင်နေတယ်လို့ပဲ သဘောထား. . . ကဲ မင်းကို ငါရှင်းပြမယ် . . . မင်းလုပ်ရမယ့်အလုပ်က ဦးကောင်းမြတ်တို့ အိမ်ထဲကို မင်း ခိုးဝင်ပြီးတော့ မီးခံသေတ္တာကို ဖွင့်ရမယ်"

"ခင်ဗျားမှာ လူအင်အား ပြည့်စုံနေတာပဲ . . . ဘာဖြစ်လို့ ခင်ဗျားတို့ကိုယ်တိုင် အဲဒီအိမ်ကို ဓားပြဝင်မတိုက်သလဲ . . . ဦးကောင်းမြတ် ကိုယ်တိုင်ကိုတောင် မီးခံသေတ္တာ ဖွင့်ခိုင်းလို့ ရနိုင်တာပဲ"

"ဘာဖြစ်လို့ ဓားပြတိုက်ဖို့ တို့စိတ်မကူးတာလဲဆို စိတ်မချရလို့ပဲကွ . . အဲဒီကိစ္စကြီးက မသေချာဘူး . . . နောက်ပြီး ဓားပြတိုက်ပြီဆိုကတည်းက သတ်ဖြတ်ရတဲ့ သွေးထွက်သံယိုကိစ္စတွေက ပါလာနိုင်တယ်။ မင်းတစ်ယောက်တည်း ဝင်ခိုးဖို့ကျတော့ သိပ်မခက်ဘူး . . . နောက်ပြီး မင်းကလည်း ကံကောင်းပြီး အဲဒီအိမ်ကို ရောက်ဖူးတော့ ပိုအဆင်ပြေတာပေါ့ကွာ"

သော့ဝိဇ္ဇာဘဝကနေ သူခိုးဖြစ်ရတော့မယ်။ ဒီကိစ္စကြီးက ထင်သလောက် မလွယ်ဘူး။ ကျွန်တော် ကျောချမ်းသွားမိပါတယ်။

"ရော့ . . . ဟောဒီပုံကို သေသေချာချာကြည့်။ အဲဒါ ဦးကောင်းမြတ်တို့ ခြံတံခါး . . . ခတ်ထားတဲ့ သော့အမျိုးအစားကို





မင်းသိပါတယ်။ မင်းက သော့ဝိဇ္ဇာပဲ . . . အဲဒီသော့ကို မင်း လွယ်လွယ်ကူကူ ဖွင့်နိုင်မှာပါ . . . ရော့ ဒါက သူတို့အိမ်ရဲ့သံဘာဂျာတံခါး . . . ဒါလည်း မင်း အလွယ်ဟကူ ဖွင့်နိုင်မယ် ထင်တယ်"

"အိမ်ထဲကို ကျုပ်တစ်ယောက်တည်း ဝင်ရမှာလား"

"အိမ်ထဲကိုတော့ . . . မင်းတစ်ယောက်တည်း ဝင်ရမယ် . . . ဒါပေမယ့် မင်း ဘာမှမပူပါနဲ့ . . . ခြံပြင်မှာရော . . . အိမ်ပြင်မှာရော တို့တွေ အဆင်သင့်ရှိနေမယ်"

"အဲဒီအိမ်က လူတွေနဲ့ ပတ်သက်လို့ ခင်ဗျား ဘာလေ့လာထားတာ ရှိသေးလဲ"

"ရှိတယ်ကွ . . . ဦးကောင်းမြတ်ဆီမှာ ခြံစောင့်လဲဖြစ် . . မာလီလည်း ဖြစ်တဲ့ ကိုအေးကိုဆိုတဲ့ လူတစ်ယောက်ရှိတယ် . . . သူက ခြံထဲက အိမ်လေးမှာပဲ နေတယ် . . . အိမ်ကြီးပေါ်မှာတော့ ဦးကောင်းမြတ်တို့ လင်မယားရယ် . . . မေမီရယ် . . . ထမင်းချက် ဒေါ်သန်းသန်းဆိုတာရယ် . . . လက်တို့လက်တောင်းခိုင်းတဲ့ ရွှေမိဆိုတဲ့ ကောင်မလေးတစ်ယောက်ရယ် . . . ဒါပဲ ဒီတော့ အဲဒီအိမ်မှာ လူခြောက်ယောက်လောက်ပဲရှိတယ်"

"အိမ်မှာ လုံခြုံရေးကိရိယာတွေ တပ်ထားသေးလား"

"တို့ လေ့လာကြည့်ရသလောက်တော့ မရှိဘူးကွ . . . အင်း သိပ်တော့ မသေချာဘူးပေါ့ကွာ . . . မင်းလည်း အဲဒီအိမ် ရောက်ဖူးတာပဲ . . . ရှိ မရှိ မင်းခန့်မှန်းကြည့်ပေါ့"

"ကျွန်တော် သူခိုးမဟုတ်ဘူး . . . ဒါကြောင့် သူတို့အိမ် ရောက်တုန်းက အဲဒါတွေ စိတ်မဝင်စားလို့ . . . သေသေချာချာ မကြည့်မိဘူး"

"ကိစ္စမရှိပါဘူးကွာ. . . ဒါသိပ်ခက်ခဲတဲ့ ကိစ္စမဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



. . . မင်းအနေနဲ့ ဒီတစ်ရက်နှစ်ရက်ကို မေမီတို့အိမ်ကို နောက်တစ်ခေါက် လောက်သွားလည်ပေါ့ . . . အဲဒီတော့မှ ပြည့်ပြည့်စုံစုံ လေ့လာခဲ့ပေါ့ . . . တစ်ခုတော့ မင်းသိထားရမှာက . . . မင်းတစ်ယောက်တည်းပဲ အိမ်ထဲဝင်ခိုးရမှာဆိုတော့ မင်းအတွက် မင်းကြိုးစားရမှာပဲ ရာဇာ . . . မင်းကိုယ်မင်းပဲ အန္တရာယ် ကင်းအောင် လုပ်ရမှာ"

တကယ့် ဘေးကြပ်နံကြပ်ပင် ဖြစ်ပါတယ်။ စားပွဲပေါ်က ဓာတ်ပုံတွေကို ကျွန်တော် အသေးစိတ် တစ်ခုချင်း ပြန်ကြည့်နေမိတယ်။

"ကိုအေးကိုဆိုတဲ့ မာလီက ဆယ့်တစ်နာရီလောက်ဆို အိပ်ပြီ . . ထမင်းချက် ဒေါ်သန်းသန်းနဲ့ ရွှေမိကတော့ တီဗွီဇာတ်လမ်းတွဲတွေပြီးတာနဲ့ အိပ်တယ် . . . မေမီ့ သူ့အမေကလည်း ဆယ့်တစ်နာရီလောက်ဆိုအိပ်ပြီ . . အင်း . . . ဒေါက်တာ ကောင်းမြတ်ကတော့ နည်းနည်းပါးပါး အိပ်ချိန်မမှန်ဘူး . . . တစ်ခါတစ်လေ ကိုးနာရီလောက်ကတည်းက အိပ်တတ်တယ် . . . တစ်ခါတစ်လေ တော့လည်း ဆယ့်နှစ်နာရီ၊ တစ်နာရီလောက်ထိ မအိပ်ဘူး . . . ဒီတော့ မင်းဝင်ဖို့ အချိန်ကောင်းက နှစ်နာရီနဲ့ သုံးနာရီ ကြားပဲကွ . . . အဲဒီအချိန်ဆို လူအတော်များများဟာ အိပ်မောကျနေတတ်တယ်"

"ကျွန်တော် တွေးပူနေတာ တစ်ခုရှိတယ်ဗျ၊ ဦးကောင်းမြတ်ဟာ သူ့အိမ်မှာ ဒီလောက်တန်ဖိုးကြီးမားတဲ့ စိန်ကြီးကို လွယ်လွယ်ကူကူဖွင့်လို့ရမယ့် မီးခံသေတ္တာမျိုးနဲ့တော့ထားမယ် မထင်ဘူး"

"ဟား ဟား လွယ်လွယ်ကူကူနဲ့ ဖွင့်လို့ရမယ့် မီးခံသေတ္တာမျိုးဆိုရင် မင်းကိုတောင် မခေါ်ဘူး ရာဇာ . . . ဟိုကောင် . .





မင်းခေါင်နဲ့တင် အလုပ်ဖြစ်နေပြီ . . . ဒါပေမယ့် ငါ ထင်ပါတယ် . . . မင်း အဲဒီ မီးခံသေတ္တာကို ဖွင့်နိုင်မှာပါ"

ကျွန်တော် ခေါင်းကို ရမ်းလိုက်မိတယ်။

"အချိန်ဗျ . . . အချိန် . . ဒီကိစ္စမှာ အချိန်ဟာ ခန့်မှန်းလို့မရအောင် ကြာသွားနိုင်တယ် . . . အဲဒါဆိုရင် ကျွန်တော့်ကို မိသွားနိုင်တယ်"

"သိန်းပေါင်းများစွာရမယ့်ကိစ္စဟာ လွယ်လွယ်နဲ့တော့ ဘယ်ဖြစ်မလဲကွာ . . . ဪ . . မင်းရဲ့စွန့်စားမှုအတွက်လည်း ထိုက်သင့်တဲ့ ဝေစုရမှာကိုးကွ"

"ကျွန်တော် ဘာဝေစုမှ မလိုချင်ဘူး . . ဟိုအခွေရဲ့ မူရင်းကိုပဲ ယူမယ်"

"ကောင်းပြီလေ . . . မင်းကိုယ်တိုင်က မယူချင်ဘူးဆိုတော့လဲ ဘာမှမတတ်နိုင်ဘူးပေါ့ . . . ဒါပေမယ့် မင်းတစ်ခုတော့ စဉ်းစားဖို့ ကောင်းတယ် ရာဇာ . . . မင်းညီမလေး ရွှေစင်ဟာ ချို့ချို့ငဲ့ငဲ့နဲ့ ဆေးတက္ကသိုလ် တက်နေရရှာတယ် . . မင်း သူ့အတွက် ပြည့်စုံတဲ့ အခြေအနေမျိုး ဖန်တီးပေးသင့်တယ်"

"တော်ပါဗျာ . . . မရိုးမသားတဲ့ငွေနဲ့ ကျွန်တော့်ညီမကို ဘယ်တော့မှ ကျောင်းမထားဘူး . . . ကိစ္စမရှိဘူး . . ကျွန်တော့် ဝေစုကိုလုံးဝမယူဘူး . . နောက်ပြီး မေမီတို့ရဲ့ ပိုက်ဆံနဲ့ ကျွန်တော် မချမ်းသာချင်ဘူး"

ဦးသောင်းဒန် တဟဲဟဲနဲ့ ရယ်ပါတယ်။

"ကောင်မလေးနဲ့ မင်းရည်းစားဖြစ်နေပြီလား"

"ဟင့်အင်း"

"ဒါပေမယ့် ကြည့်ရတာ . . မင်းတို့နှစ်ယောက် ခပ်ကျွန်



www.burmeseclassic.com

www.burmeseclassic.com



က ချစ်သူတွေကျနေတာပဲ . . . မင်းကံကောင်းမှာပါကွ . . ကောင်မလေးကလဲ မင်းကို ပြန်ကြိုက်မယ့်ပုံပဲ . . . အင်း မင်းတော့ သူဌေးသမက် ဖြစ်ဦးမှာပဲ”

“ကျွန်တော် ဆုံးဖြတ်ပြီးပြီ ဦးသောင်းဒန် . . . မေမီနဲ့ ကျွန်တော့်ဇာတ်လမ်းက ဒီမှာတင်ပဲ ရပ်သွားပြီ. . . တကယ်တော့ မေမီနဲ့ကျွန်တော်နဲ့ မတန်ပါဘူးဗျာ”

ကျွန်တော့်အသံ လိုက်ကျသွားပါတယ်။ ဦးသောင်းဒန်က ကျွန်တော့်ကို အကဲခတ်နေပါတယ်။ သူတို့ဆီက ကျွန်တော်ပြန်တော့ နေ့လယ် ထမင်းစားချိန်တောင် ရောက်နေပြီ။ ဘယ်ကိုမှ သွားချင်လာချင် စိတ်မရှိတာနဲ့ ဆိုင်ကိုပဲ တန်းပြန်လာခဲ့ပါတယ်။ နောက်တော့ ကြွက်နီတို့နဲ့အတူ ထမင်းစားတယ်။ သူတို့ နှစ်ယောက်ကတော့ ထုံးစံအတိုင်းပဲ စ,လိုက် နောက်ပြောင်ကျီ ဟားလိုက်နဲ့။ ဒါပေမယ့် ကျွန်တော်ကတော့ သူတို့ ပြောတာတွေကို လိုက်မရယ်မိပဲ ငေါင်နေမိပါတယ်။

ညရောက်တော့လည်း ဘယ်မှမသွားဖြစ်ဘဲ ထမင်းစားပြီးတာနဲ့ ခုတင်ပေါ် တက်လှဲပြီး ဖြစ်ပျက်ခဲ့သမျှတွေကို ပြန်စဉ်းစားမိပါတယ်။ သည်ကိစ္စတွေကို ကျွန်တော့်အသိ ဒုရဲအုပ်ကိုစိုးနဲ့ တိုင်ပင်ကြည့်ရင်ကောင်းမလားလို့ စဉ်းစားကြည့်တယ်။ တစ်ခုရှိတာက မေမီတို့အိမ်ကို ဝင်နိုးဖို့ဆိုတဲ့ကိစ္စကြီးက ဥပဒေနဲ့ပတ်သက်နေတယ်။ နောက်ပြီး ကျွန်တော့် ညီမရွှေစင်ရဲ့ကိစ္စကလည်း လူသိရှင်ကြားလုပ်လို့ မဖြစ်ဘူး။

ဒီအတိုင်း ကျွန်တော့်ဘာသာ တစ်ယောက်တည်း ကြိတ်ပြီး လျှောက်လုပ်နေရင်လည်း တရား ဥပဒေနဲ့ မလွတ်ကင်းတဲ့ ကိစ္စဖြစ်လို့ ကျွန်တော်ဒုက္ခရောက်သွားနိုင်တယ်။ ကျွန်တော့် ပြဿနာက





သူငယ်ချင်း အရင်းကြီးဖြစ်တဲ့ ကြွက်နီကိုတောင် ဖွင့်မပြောရဲဘူး ဖြစ်နေပါတယ်။

“ဟာ . . . ဒီဂျာနယ်ထဲကသတင်းက တို့လိုလူပျိုတွေအတွက် သတင်းကောင်းပဲဟေ့ . . . နေပါဦး . . ဘာတဲ့ . . . ရှေ့နှစ်မှာ ဂျပန်နိုင်ငံက လူသားနဲ့ တစ်ပုံစံတည်း တူတဲ့စက်ရုပ်တွေ ထုတ်တော့မယ် ဆိုပဲ”

“ဟယ် . . ဟုတ်လား . . အဲဒါဆို ကိုယ်လိုချင်တဲ့ စက်ရုပ်မျိုး အော်ဒါမှာလို့ ရမှာပေါ့နော်”

“ဒါပေါ့ကွ . . . မင်းလိုချင်တဲ့ စက်ရုပ်မျိုး ရုပ်ရည်မျိုး. . စိတ်ကြိုက်မှာလို့ရတာပေါ့ . . . ဟဲ ဟဲ ငါသာဆိုရင်တော့ စက်ရုပ်မိန်းမကို မှာလိုက်မှာ”

“အို . . . ဘာလုပ်မှာလဲ . . . သူများသာဆိုရင်လေ . . . . . . . . နဲ့တူတဲ့ စက်ရုပ်ပဲ မှာ,မှာ”

“အင်း . . . မင်းအတွက်ဆိုရင်တော့ . . . ဟိုစက်ရုပ်က ပိုကောင်းမလားလို့”

“ဘယ်စက်ရုပ်လဲ . . . . . . . . . . နဲ့တူတဲ့ စက်ရုပ်လား”

“မဟုတ်ဘူးကွ . . . ပဒုမပေါင်တိုစက်ရုပ်”

“ဗန္ဓုလပေါင်တို ဟုတ်လား . . ဗန္ဓုလက ပေါင်တိုလို့လား . . . ဟင်း ဟင်း”

“ဟာ ပေါက်ကရ လျှောက်ပြောနေပြန်ပါပြီ . . . ဗန္ဓုလပေါင်တို မဟုတ်ပါဘူးဟ. . . ပဒုမပေါင်တိုပါ . . . သိတယ်မဟုတ်လား . . . ဇာတ်တိုထဲကလေ”

“ဩော် . . . လုပ်ပြန်ပြီ ဇာတ်တော်ပါ . . . ဘယ်နှယ် ဇာတ်တို ကမလဲ”



www.burmeseclassic.com

www.burmeseclassic.com



ကြွက်နီနဲ့ ဝင်းမြင့်တို့ရဲ့က တဟီးဟီး တဟားဟား အသံတွေ ကျွန်တော့်နားထဲ ဝင်လာပါတယ်။

"အင်း ပြောမယ့်သာပြောတာ . . . သူများတော့လေ အဲဒီပဒုမပေါင်တိုဇာတ်ကို သိပ်ဘဝင်မကျဘူး"

"ပြောစမ်းပါဦး . . . မင်းက ဘာဘဝင်မကျဖြစ်နေရတာတုန်း"

"သြော် . . မိဖုရားလုပ်တဲ့ လူကိုအံ့သြလို့ပါ . . ဒီလောက်လူစင်မမီတဲ့လူကို သူမို့လို့ လင်တော်ချင်တယ် . . . ကြည့်လေလက်တွေ၊ ခြေထောက်တွေလဲ တိုလို့"

"မင်းကလည်း အခြောက်ပီပီ ပေါက်ပေါက်ရှာရှာကိုလျှောက်တွေးတယ်"

"သူများသာ အဲဒီဇာတ်တော်ထဲက ပဒုမမိဖုရားဖြစ်ရင်လေ . . . အဲဒီလို ပေါင်တိုကြီးတော့မယူဘူး သိလား"

"ဒါဆို နင်က ဇာတ်တော်ကိုတောင် ပြောင်းပစ်ချင်နေတယ်ပေါ့ . . . ကဲ ပြောစမ်းပါဦး . . နင်သာ ပဒုမမိဖုရားဖြစ်ရင် ဘယ်သူ့ကို ယူမှာလဲ"

"ဟင်း ဟင်း မပြောချင်ပါဘူး . . . ရှက်တယ်"

"ဟယ် . . ရုပ်ကြမ်းကြီးနဲ့ နွဲ့နေပြန်ပါပြီ . . ပြောမှာသာ ပြောစမ်း"

"ဟင်း ဟင်း . . ."

"ဟား"

"ဟုတ်တယ် . . . သူများသာ ပဒုမမိဖုရား ဖြစ်ရင် တောင်းကလေးထဲမှာထည့် . . ဟောဒီလို တောင်းကို ရွက်ပြီး"

ကျွန်တော်လည်း အမြင်ကတ်ကတ်နဲ့ ခေါင်းအုံးနဲ့ ကောက်





ပေါက်လိုက်မှ ဝင်းမြင့်လည်း ထ,ပြေးတော့တယ်။

"ဟော့ကောင် ရာဇာ . . . မင်းနဲ့ ဦးသောင်းဒန် တွေ့တဲ့ကိစ္စ အဆင်ပြေတယ်တဲ့လား"

"အင်း . . . ဆိုပါတော့ကွာ"

"မင်းကြည့်ရတာ မှိုင်နေတယ် . . . ဘာလဲ မေမီနဲ့ အဆင်မပြေ ဖြစ်လာလို့လား"

"မဟုတ်ပါဘူး"

"မဟုတ်ရင်လဲ ထကွာ. . . လက်ဖက်ရည်သွားသောက်ရအောင်"

ကျွန်တော်တို့တွေ လက်ဖက်ရည်ဆိုင်သွားထိုင်ကြပါတယ်။ သူငယ်ချင်းနဲ့ စကားတွေပြောနေမိပေမယ့် စိတ်ကတော့ ပြဿနာဆီပဲ ရောက်ရောက်သွားပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (၈)

မေမီ့ဆီကို ကျွန်တော်တယ်လီဖုန်းဆက်ပြီး အခုပဲ လာလည်မယ့်အကြောင်း ပြောလိုက်တယ်။ ပြီးတော့မှ သူတို့ခြံရှေ့ကို ကျွန်တော် ရောက်သွားတယ်။ ခြံမှ ခတ်ထားတဲ့သော့ကို ကြည့်ရင်းနဲ့ ဒီပတ်ဝန်းကျင်မှာ လျှပ်စစ်သူခိုးဖမ်းကိရိယာတွေများ တပ်ထားသလားလို့လဲ အကဲခတ်ရတယ်။ ငါးမိနစ်လောက် အကဲခတ်ကြည့်လိုက်တဲ့အခါမှာတော့ မသင်္ကာစရာ သူခိုးဖမ်းကိရိယာနဲ့တူတဲ့အရာ ဘာမှမတွေ့သလို စီစီတီဗွီ လုံခြုံရေးကင်မရာမျိုးတွေလည်း မရှိဘူးလို့ ကောက်ချက်ချလိုက်မိပါတယ်။

လူခေါ် ခေါင်းလောင်းလေးကို ကျွန်တော် နှိပ်လိုက်တဲ့အခါ အရုပ်အမောင်းကောင်းကောင်း အသားညိုညိုနဲ့ လူတစ်ယောက် တံခါးလာဖွင့်ပေးပါတယ်။ ကိုအေးကိုဆိုတဲ့လူပဲ ဖြစ်ပါလိမ့်မယ်။ သူက ကျွန်တော့်ကို အိမ်ဝအထိ လိုက်ပို့ပေးတယ်။





"ဟော . . . အစ်ကို . . . လာ လာ အစ်ကိုရောက်လာတာ မြန်သားပဲ"

မေမီနဲ့ အတူ ဧည့်ခန်းထဲကို ဝင်လိုက်တာနဲ့ အရင်တစ်ခါလာတုန်းကလို မဟုတ်ဘဲ တစ်အိမ်လုံးရဲ့ အနေအထားကို ခပ်သွက်သွက် အကဲခတ်ရပါတော့တယ်။ ဧည့်ခန်းထဲမှာတော့ မီးခံသေတ္တာနဲ့တူတာ ဘာမှမရှိဘူး။ ကျွန်တော့် စိတ်ထင်တော့ မီးခံသေတ္တာလိုဟာမျိုးကို အိပ်ခန်းတွေထဲမှာပဲ ထားတတ်ကြလို့ ဦးကောင်းမြတ်ရဲ့ အခန်းမှာပဲ ရှိလိမ့်မယ်ထင်တယ်။

"မေမေကတော့ သူ့သူငယ်ချင်းတစ်ယောက်ဆီ ခဏ သွားတယ် . . . နာရီဝက်၊ တစ်နာရီလောက်ဆိုရင်တော့ ပြန်ရောက်လာပါလိမ့်မယ်"

"အိမ်ကြီးက ကျယ်တယ်နော်. . . အပေါ်ထပ်ရဲ့ အခန်းဖွဲ့စည်းပုံကလဲ ဒီအကျယ်လောက်ရှိမယ် ထင်တယ်"

"ဟုတ်တယ် . . . အပေါ်ထပ်မှာက အိပ်ခန်းချည်းပဲ လေးခန်းရှိတယ် . . . ဖေဖေနဲ့ မေမေတို့က အိပ်ခန်းတစ်ခန်း. . မေမီက တစ်ခန်း . . . နောက်နှစ်ခန်းကတော့ ဧည့်သည်တွေ ဘာတွေလာရင် နေနိုင်အောင်လုပ်ထားတာ"

ဒီလိုဆိုရင် ဦးကောင်းမြတ်တို့ရဲ့ အိပ်ခန်း ဘယ်အခန်းလဲဆိုတာပဲ သိအောင် လုပ်ဖို့လိုတော့တယ်။ ဒါပေမယ့် သေချာပေါက်တော့ ဦးကောင်းမြတ်တို့ အခန်းထဲမှာ မီးခံသေတ္တာရှိလိမ့်မယ်လို့ ပြောလို့မရနိုင်ပြန်ဘူး။ မေမီ့အခန်းထဲမှာကော မီးခံသေတ္တာ မရှိနိုင်ဘူးလား။ ခက်တာက ကျွန်တော်က ဧည့်သည်။ ပြီးတော့ မေမီတို့အိမ်ကို ရောက်ဖူးတာ အခုတစ်ခါနဲ့မှ နှစ်ခါပဲ ရှိသေးလို့ အိမ်ပေါ်ထပ်အထိ တက်ချောင်းဖို့ကလည်း မဖြစ်နိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ခဏထိုင်ဦးနော် အစ်ကို . . . မေမီ အအေး သွားဖျော်လိုက်ဦးမယ်"

ပထမတော့ မဖျော်နဲ့လို့ တားလိုက်ဦးမလို့ပဲ။ ဒါပေမယ့် အိမ်မှာ ဦးကောင်းမြတ်နဲ့ သူ့ဇနီးလည်း မရှိတာတစ်ချက်ရယ်၊ မီးဖိုထဲမှာ ထမင်းချက်ဒေါ်သန်းသန်းနဲ့ ရွှေမိဆိုတဲ့ ကောင်မလေး ရှိနေတာ တစ်ချက်ရယ်တွေးမိပြီး မေမီသွားဖျော်လာမယ့် အအေး အတွက် ကျွန်တော် မတားလိုက်တော့ဘူး။ ပြီးတော့ မေမီ မီးဖိုဘက် ဝင်သွားတာနဲ့ ကျွန်တော်လည်း မြင်နေရတဲ့ လှေကားကြီးအတိုင်း အပေါ်ကို ခပ်သွက်သွက် တက်သွားလိုက်တယ်။ အအေးဖျော်ချိန် ဟာ ငါးမိနစ်လောက်ပဲရှိမှာမို့ ကျွန်တော့်အတွက် ငါးမိနစ်လောက် အချိန်ရနေပါတယ်။

ပထမဆုံး မြင်ရတဲ့ အခန်းတစ်ခန်းရဲ့ တံခါးကို ကျွန်တော် တွန်းဖွင့်လိုက်တယ်။ တံခါးက စေ့ရုံစေ့ထားလို့ အသာပွင့်သွားပြီး အထဲကို ကျွန်တော် လှမ်းကြည့်လိုက်တယ်။ ဒီအခန်းဟာ မေမီ အခန်းပဲ ဖြစ်ပါလိမ့်မယ်။ ခုတင်ရဲ့ ခြေရင်းမှာ လှမ်းထားတဲ့ ပင်တီ ဘောင်းဘီ နှစ်ထည်ကြောင့်ပဲ ဖြစ်ပါတယ်။ ကျွန်တော်လည်း အချိန် ကလေးရခိုက်၊ နောက် အခန်းတံခါး တစ်ခုကို တွန်းဖွင့်ကြည့်လိုက် ပါတယ်။ ဒီအခန်းကတော့ ဟာလာဟင်းလင်းအခန်းပါ။ အခန်းထဲ မှာ ဘာပစ္စည်းမှ ရှိမနေပါဘူး။

ဒါကြောင့် နောက်ထပ် အခန်းတစ်ခုကို တွန်းဖွင့်ကြည့် လိုက်မိပြန်ပါတယ်။ ဒီအခန်းမှာတော့ ကျန်းမာရေးအတွက် လေ့ကျင့်တဲ့ပစ္စည်း ကိရိယာတွေပဲ တွေ့ရပါတယ်။ မီးခံသေတ္တာနဲ့ တူတာဆိုလို့ ဘာမှမရှိဘူး။ ဒါကြောင့် နောက်ဆုံးတစ်ခန်းကို အသာဖွင့်ကြည့်လိုက်တဲ့အခါ ကျွန်တော် ခန့်မှန်းသလိုပဲ ဦးကောင်း





မြတ်တို့ လင်မယားအခန်း ဖြစ်နေပြီးတော့ ကျွန်တော် အရမ်းတွေ့ ချင်နေတဲ့ မီးခံသေတ္တာကြီးကိုလည်း တွေ့ရပါတယ်။ မီးခံသေတ္တာရဲ့ ပုံသဏ္ဍာန်နဲ့ ထုထည်ကို ကျွန်တော် ခပ်သွက်သွက်ပဲ လေ့လာလိုက် ပါတယ်။

ဖွင့်ရခက်မယ့် မီးခံသေတ္တာမျိုးပါပဲ။ ဒါပေမယ့် ခေတ် တော့ သိပ်မမီတော့တဲ့ အမျိုးအစားပါ။ ပြဿနာတစ်ချက် ရှိတာက ဒီအခန်းထဲ ကျွန်တော်ရောက်ပြီး မီးခံသေတ္တာကို ဖွင့်နေတဲ့ အချိန် မှာ မလိုလားအပ်တဲ့ အသံတစ်ချို့ကြောင့် ဦးကောင်းမြတ်တို့ လင်မယား နိုးလာနိုင်ပါတယ်။ သိပ်တော့ မလွယ်ကူတဲ့ ပြဿနာပါ။

နောက်ထပ် ပြဿနာက မမျှော်လင့်၊ မခန့်မှန်းနိုင်တဲ့ အချိန် ပြဿနာပါ။ မီးခံသေတ္တာတစ်လုံးကို ဖွင့်ဖို့ဆိုတာ လွယ်တဲ့ ပြဿနာမှ မဟုတ်တာ။ တစ်နာရီပဲ ကြာမလား၊ နှစ်နာရီကြာ မလား၊ သုံးနာရီ၊ လေးနာရီလောက် ကြာမလား ဒါမှမဟုတ် တစ်ရက်၊ နှစ်ရက်လောက် ကြာမလား။ အဲဒီလောက် ကြာသွားရင် ဘယ်လိုလုပ်မလဲ။

မီးခံသေတ္တာကို ကျွန်တော် အားရအောင် ကြည့်ပြီးတာနဲ့ ဦးသောင်းဒန်ပေးလိုက်တဲ့ ဒစ်ဂျစ်တယ် ကင်မရာလေးနဲ့ မီးခံ သေတ္တာအပါအဝင်၊ တစ်ခန်းလုံးကို ဓာတ်ပုံသုံးလေးပုံ ရိုက်လိုက် တယ်။ ပြီးတော့ အခန်းတွေရဲ့ အနေအထားကိုလည်း ရှင်းရှင်း လင်းလင်းသိဖို့ ဓာတ်ပုံလှမ်းရိုက်လိုက်တယ်။

လှေကားထိပ်ကို ကျွန်တော်ပြန်ရောက်တော့ ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားပါတယ်။ မေမီဟာ အအေးလင်ဗန်းလေးကို ကိုင် ပြီး ဧည့်ခန်းဝကို ရောက်နေပြီ။ အခုအချိန်မှ ကျွန်တော် ဆင်းသွား လို့ ဘယ်လိုမှ မမီတော့ဘူး။ ကျွန်တော်လည်း ချက်ချင်း ချွေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာတယ်။ ဒုက္ခတော့ ကောင်းကောင်းရောက်နေပါပြီ။ သူ တစ်ပါးအိမ်ထဲက မသွားသင့်တဲ့ နေရာတွေကို လျှောက်သွားနေလို့ မေမီသာ ကျွန်တော့်ကို တွေ့သွားရင် ပြဿနာပဲ။

"အစ်ကိုရေ့ . . . ဟော . . အစ်ကို ဘယ်ရောက်သွား ပါလိမ့်"

ကျွန်တော်လည်း ကပျာကယာနဲ့ မေမီ ကျွန်တော့်ကို မမြင် အောင် ရုတ်တရက်ကုန်းချလိုက်ပြီး အိမ်ရှေ့ ဝရန်တာဘက် ခပ် သွက်သွက် ပြေးရတယ်။ မေမီ့အသံ ခပ်တိုးတိုးလေးကို ကြားနေရ တုန်းပဲ။ မတတ်နိုင်တော့ဘူး။ ဝရန်တာကနေ အောက်ကို ကျော် ဆင်းရမှာပဲ။ ပြီးတော့မှ ခြံထဲက ပန်းပင်တွေ ဟိုလျှောက်ကြည့် ဒီလျှောက်ကြည့်နေသလို လုပ်ရမှာပဲ။ တစ်စိမ်းတစ်ယောက်ဟာ အိမ်ရဲ့အတွင်းခန်းတွေနားမှာ ရောက်နေတာထက် ခြံထဲမှာ ရောက် နေတာက ပိုပြီးသင့်လျော်ပါတယ်။ ဒါနဲ့ ကျွန်တော်လည်း မထူး တော့ဘူးလို့ ယူဆပြီး ဝရန်တာကနေကျော်ပြီး အောက်ကို ဆင်းဖို့ ကြိုးစားမိပါတော့တယ်။

အရေးထဲမှ ဒီနေ့ ဘောင်းဘီဝတ်မလာမိဘဲ ပုဆိုးပဲ ဝတ် လာမိလို့ အတော်တော့ဒုက္ခရောက်ပါတယ်။ ကျွန်တော်လည်း ဆင်ဝင်ကနေ တွဲလောင်းကြီး လုပ်ပြီး ဆင်းချလိုက်တဲ့ အချိန်မှာပဲ မေမီက အိမ်ရှေ့ကို ထွက်လာလို့ အံကိုက်ပဲ ဖြစ်သွားပါတယ်။

"ဟိတ် . . အစ်ကို . . . အပြင်မှာ ဘာလုပ်နေတာလဲ"

"ဟို . . . ဟို . . . ဟဲဟဲ ပန်းပင်တွေကို စိတ်ဝင်စားလို့ ထွက်ကြည့်နေတာ"

"ဩော် . . . အစ်ကိုက ပန်းပင်တွေကို စိတ်ဝင်စားတာကိုး . . . ကောင်းတယ် ကောင်းတယ် . . လာ မေမီလိုက်ပြမယ် . .





မေမီကတော့လေ . . . ပန်းဆို ဘယ်ပန်းကိုမဆို သဘောကျတယ် သိလား"

ကျွန်တော်ကတော့ ပန်းဆို ခွေးသေးပန်းနဲ့ စပယ်ကို တောင် သိပ်ခွဲတတ်တဲ့ကောင် မဟုတ်ဘူး။ ပြီးတော့ အနံ့ပြင်းတဲ့ ပန်းမျိုးဆို ကျွန်တော်မုန်းတယ်။ မေမီက ကျွန်တော့်ကို သူတို့ ခြံထဲက ပန်းတွေကို လိုက်ပြပါတယ်။ ကျွန်တော်က ပန်းတွေထက် အိမ်ရဲ့ အနေအထားကို ပိုပြီး အကဲခတ်နေမိပါတယ်။ ခဏကြာတော့မှ မေမီနဲ့ ကျွန်တော် ဧည့်ခန်းထဲ ပြန်ရောက်သွားတယ်။

"အစ်ကိုတို့ စာမေးပွဲနီးပြီဆို . . ဖေဖေကတောင် အစ်ကို့ ကို မေးနေသေးတယ် . . . ကျောင်းမှာလဲ မတွေ့ရဘူးတဲ့ . . . ကျောင်းတက်မှန်ရဲ့လားတဲ့"

"မှန်ပါတယ် မေမီရဲ့ . . ဆရာ့အချိန်တွေမှာ လူကလည်း များတော့ ဆရာ . . . အစ်ကို့ကို မတွေ့တာဖြစ်မှာပါ"

"အစ်ကို"

"ဟင်"

"မေမီ . . . ဖေဖေနဲ့ တိုင်ပင်ပြီးပြီ"

"ဟင် . . . ဘာကိုလဲဟင်"

"ဟောကြည့် လုပ်ပြီ . . . ကိုယ်ပြောခဲ့တဲ့စကား ကိုယ် မမှတ်မိတော့ဘူးလား . . . အစ်ကိုပဲ မေမီ့ကို ရည်းစားစကား ပြောခဲ့တယ်လေ . . အဲဒါ မေမီ . . . ဖေဖေနဲ့ တိုင်ပင်ပြီးပြီ"

ကျွန်တော့်နှလုံးခုန်သံ မြန်လာပါတယ်။

"အဲဒီတော့ အဲဒီတော့ . . . အဖြေက ဘာလဲဟင်"

ချစ်စဖွယ် မျက်စောင်းလေးထိုးတယ်။

"အခုတော့ မပြောသေးဘူး . . . နောက်မှ"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ပါ . . . အရိပ်အမြွက်လောက်ဖြစ်ဖြစ် . . ."

"အို နောက်မှလို့ ဆိုနေမှ"

ကျွန်တော် သက်ပြင်းတစ်ချက်ရှိုက်လိုက်မိပါတယ်။ ကျွန်တော့် အဖြစ်က ဘာနဲ့တူသလဲဆိုတော့ အနူလက်နဲ့ ရွှေခွက်နှိုက်မိတဲ့ လူလိုပါပဲ။

"အစ်ကို . . . သိပ်တော့ မစောင့်ရပါဘူး . . . အလွန်ဆုံးတစ်လပေါ့နော် . . . ကဲ . . . လာ ဧည့်ခန်းထဲသွားရအောင် . . . အအေးတွေက နွေးကုန်တော့မယ်"

မေမီနဲ့ ကျွန်တော် ဧည့်ခန်းထဲမှာ စကားထိုင်ပြောနေမိတယ်။ ဒါပေမယ့် ကျွန်တော့်မျက်လုံးကတော့ မီးခံသေတ္တာကြီးကိုပဲ မျက်လုံးထဲ မြင်နေမိတယ်။



"မင်းပြောတဲ့ အချက်တွေက စိတ်ဝင်စားဖို့တော့ ကောင်းတယ်ကွ . . . အဲဒီတော့ မီးခံသေတ္တာရဲ့ အနေအထားကိုလဲ တွေ့ခဲ့ရပြီဆိုတော့ . . . ဘယ်လိုလဲ မင်းဖွင့်နိုင်မလား"

"သိပ်တော့ လွယ်မယ့်ပုံတော့ မရဘူး . . . ဒါပေမယ့် ကြိုးတော့ကြိုးစားကြည့်ရမှာပဲ . . . ကျွန်တော် စိုးရိမ်နေတာ တစ်ခုက အချိန်ပဲဗျ . . . ဖွင့်နေတဲ့အချိန်ဟာ ခန့်မှန်းထားတာထက် ပိုကြာသွားနိုင်တယ် . . . နောက်ပြီး အသံတွေထွက်လို့ အဘိုးကြီးတို့ လင်မယား . . . နိုးလာမှာလည်း စိုးရတယ်"

"အဲဒါအတွက်တော့ မင်းဘာမှမပူပါနဲ့ . . . မင်းကို ရာဘာတုတ်တစ်ချောင်းထည့်ပေးလိုက်မယ် . . . နိုးလာရင်လဲ ပြန်အိပ်ခိုင်းလိုက်ပေါ့ကွာ"

ကျွန်တော် ကျောချမ်းသွားမိပါတယ်။ ဒီလူတွေက လောဘအတွက် ဘာကိုမှငဲ့မယ့်ပုံ မရဘူး။

"ကဲ . . . ဒီတော့ တို့တွေ အသေးစိတ် တိုင်ပင်ကြစို့"



www.burmeseclassic.com

www.burmeseclassic.com



"နေဦး . . . ကျွန်တော့်ညီမရဲ့ အခွေကိစ္စကို ပြောချင်တယ် . . . အဲဒီအခွေကို ခင်ဗျားတို့ ကူးထား မထား ကျွန်တော် ဘယ်လို ယုံကြည်ရမှာလဲ"

"ဟား ဟား . . . ရာဇာ ရာဇာ . . . ငါ့လက်ထဲ အဲဒီ စိန်ကြီးရောက်ရင် အဲဒီအခွေဟာ ငါ့အတွက် ဘာမှ အသုံးမဝင်တော့ဘူး . . . ဒီအခွေကို လူသိရှင်ကြား လုပ်လိုက်လို့ရော . . ငါ့အတွက် ဘာအကျိုးအမြတ်ရမှာမို့လဲ . . . စိတ်ချပါကွာ . . . မင်းညီမရဲ့ အဲဒီဗီဒီယိုက ငါ့ကွန်ပျူတာရဲ့ ဟတ်ဒစ်ထဲက လွဲလို့ ဘယ်မှမရှိဘူး . . . နောက်ပြီး မင်းနဲ့ငါကလဲ ဒီတစ်ကြိမ်ပဲ ဆက်ဆံမှာပါ . . . အင်း နောက်ဆို မင်းငါတို့ကို တွေ့ချင်လို့တောင် တွေ့ရတော့မှာ မဟုတ်ဘူး"

ကျွန်တော်သိလိုက်ပါတယ်။ ဒီလူတွေ ကျွန်တော်ဆီက စိန်ကြီးကိုရတာနဲ့ အမြန်ဆုံးလစ်ကြတော့မှာ သူတို့ ဘယ်ကို သွားကြမှာလဲ။ ကျွန်တော့်အထင်တော့ နိုင်ငံခြားကိုပဲ ပြေးကြလိမ့်မယ် ထင်တယ်။ ကျွန်တော်လည်း အခန်းထဲက ကွန်ပျူတာကို မျက်စိတစ်ချက် ဝေ့ကြည့်လိုက်တယ်။ ဒီကွန်ပျူတာကတော့ ဦးသောင်းဒန်ရဲ့ ကွန်ပျူတာ မဟုတ်ဘူး။ ဦးသောင်းဒန်ရဲ့ ကွန်ပျူတာက သူ့အိမ်မှာရှိတာ။

"ဒီတော့ မင်း ငါ့ကို စိတ်ချပါကွာ. . . ဟုတ်လား . . . ငါလည်း မင်းကို ကိုယ်ချင်းစာပါတယ် . . . မင်းညီမအပေါ်မှာ နစ်နာစေလိုတဲ့ စိတ်မျိုး ငါ့မှာလုံးဝမရှိဘူး . . အဲဒါကိုတော့ မင်းယုံ"

"ဓာတ်ပုံတွေရော ကူးထားတာ မရှိနိုင်ဘူးလား"

"မင်းကို ကူးပေးလိုက်တဲ့ ပုံကလွဲရင် ဘာမှမရှိဘူး"

"ဗီဒီယို ခိုးရိုက်တဲ့ကောင်ဆီမှာရော . . . ကော်ပီကူးထား





တာ မရှိနိုင်ဘူးလား"

"အဲဒါကိုလည်း မင်း စိတ်ချလက်ချ ယုံကြည်ကွာ . . . ငါ့ ကွန်ပျူတာ ဟတ်ဒစ်ထဲကလွဲပြီး ဒီဟာတွေ ဘယ်မှမရှိဘူး . . အေး ငါ့လက်ထဲ စိန်ကြီးရောက်တာနဲ့ . . . အဲဒီဟာတွေကို ငါ့ ကွန်ပျူတာကဖျက်ပေးမယ် . . . ဒါပေမယ့် မင်းဘက်က မဟုတ်က ဟုတ်က တစ်ခုခုလုပ်တာနဲ့ ငါက ဒီဟာတွေကို အင်တာနက်တင်လိုက်မှာပဲ . . . နားလည်လား"

"ကျွန်တော့်ဘက်ကလဲ ထပ်ပြောမယ် ဦးသောင်းဒန်. . ခင်ဗျားဘက်က မဟုတ်ကဟုတ်က လုပ်ရင်လဲ ကျွန်တော် ခင်ဗျားကို လိုက်သတ်မယ် . . . နားလည်လား"

"ကောင်းပြီ . . . မင်းနဲ့ သဘောတူညီချက်လဲ ရပြီးပြီဆိုတော့ . . . ငါတို့ လုပ်ငန်းအကြောင်းကို အသေးစိတ်ပြောတော့မယ် . . . သန်ဘက်ခါ တနင်္ဂနွေနေ့ညမှာ ဦးကောင်းမြတ် မန္တလေးကို သွားလိမ့်မယ်. . . ဒါကြောင့် အဲဒီနေ့ညကို မင်း ဝင်ခိုးရမယ် . . . အိမ်မှာ ကျန်ခဲ့မယ့်လူတွေက မေမီ . . . သူ့အမေ . . . ကိုအေးကို . . . ဒေါ်သန်းသန်းနဲ့ ရွှေမိတို့ပဲဆိုတော့ မင်းအတွက် သိပ်တော့ပြဿနာမရှိဘူး . . . နောက်ပြီး မေမီ့အမေက အအိပ်ကြီးတယ်ကွ"

"ခင်ဗျား ဘယ်လိုလုပ်သိလဲ"

"လွယ်လွယ်လေးပါကွာ . . . ဦးကောင်းမြတ် ရန်ကုန်မှာ မရှိတဲ့ညတွေမှာ သူ့မိန်းမဆီ ငါတို့ ဖုန်းဆက်ကြည့်တယ်. . . ဖုန်းကို အတော်နဲ့မကိုင်ဘူး. . . သုံးလေးခါလောက် ထပ်ဆက်မှ မေမီ လာကိုင်တယ်. . . ဒီတော့ တော်ရုံတန်ရုံ အသက်လောက်ကိုတော့ မင်း ဂရုစိုက်မနေပါနဲ့ . . . အဘွားကြီး မနိုးပါဘူးကွာ . . . ဟား



www.burmeseclassic.com

www.burmeseclassic.com



ဟား တယ်လီဖုန်းအသံတောင် မနိုးတာကွာ . . အေး ဒါပေမယ့် တယ်လီဖုန်းသံထက်တော့ ပိုမကျယ်စေနဲ့ပေါ့"

ကျွန်တော် စိတ်နည်းနည်းအေးသွားပါတယ်။ အဲဒီတုန်းမှာပဲ ဦးသောင်းဒန်က ဆက်ပြောတယ်။

"ည တစ်နာရီတိတိမှာ တို့တွေစပြီးလှုပ်ရှားမယ်. . ရာဇာ့ကို ဂျီအက်စ်အမ် ဖုန်းတစ်လုံး ပေးထားမယ်. . . လိုအပ်တာတွေ အခက်အခဲတွေကို မက်ဆေ့ချ်နဲ့ပဲပို့ . . . တို့ကလည်း အခြေအနေတွေ အားလုံး မင်းဆီကို မက်ဆေ့ချ်နဲ့ပဲ ပို့မယ် . . . မက်ဆေ့ချ်ကိုလည်း ဗိုင်ဗရေ တာအလမ်းနဲ့ပဲ လုပ်ကြမယ် . . အသံလုံးဝထွက်လို့တော့ မဖြစ်ဘူး . . . ကြားလား . . တစ်နာရီတိတိမှာ မင်းက ဦးကောင်းမြတ်တို့ ခြံတံခါးကို စ,ဖွင့်ရမယ်"

"မီးရောင်အောက်မှာ ပေါ်တင်ကြီး ဖွင့်ရမှာလား"

"ခပ်လှမ်းလှမ်းက လမ်းမီးတိုင်ကို တို့ငြိမ်းပေးထားမယ် . . . ခြံတံခါးပွင့်သွားတာနဲ့ ခြံထဲကို မင်းရယ် . . . အော်ကြီးရယ် . . ဘပုရယ် . . သုံးယောက်အတူ ဝင်ရမယ် . . . အိမ်ထဲကိုတော့ မင်းတစ်ယောက်တည်းပဲ ဝင်ရလိမ့်မယ် ရာဇာ . . . အော်ကြီးနဲ့ ဘပုကတော့ ခြံထဲမှာပဲ နေခဲ့လိမ့်မယ်. . . ဒရဝမ်ကိုအေးကို နိုးလာရင် သူတို့တာဝန်ယူပြီး ပြန်အိပ်ခိုင်းလိမ့်မယ် . . . အေး ငါနဲ့ မင်းခေါင်ကတော့ ဦးကောင်းမြတ်တို့ လမ်းထိပ်နားမှာ ကားနဲ့ စောင့်နေမယ် . . . ဟုတ်ပြီလား . . ကဲ ဘာမရှင်းတာရှိသေးလဲ"

"တကယ်လို့ပေါ့ဗျာ. . . မျှော်မှန်းလို့ မရနိုင်တဲ့ ပြဿနာ တစ်ခုခုဖြစ်လာခဲ့ရင် ကျွန်တော် ဘာဆက်လုပ်ရမလဲ"

"ဘယ်လို . . . မျှော်မှန်းလို့ မရတဲ့ ပြဿနာဟုတ်လား. . မင်းဘက်ကလား . . . တို့ဘက်ကလား"





"ကျွန်တော့်ဘက်ကပါ . . . ဥပမာဗျာ မေမို့အမေဖြစ်ဖြစ် . . . မေမီဖြစ်ဖြစ် နိုးလာတာမျိုးပေါ့ . . . ဒါမှမဟုတ်လဲ မီးခံသေတ္တာ ဖွင့်မရတာမျိုးပေါ့ . . . ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပေမယ့် ဘယ်လိုမှမပွင့်ခဲ့ရင်ပေါ့"

"အင်း . . . ငါတို့ဘက်ကတော့ အပ်နဲ့ထွင်းဖို့ပဲ မျှော်လင့်ထားတာကွ . . . အေး တကယ်လို့ မင်းပြောသလို မျှော်မှန်းလို့ မရတဲ့ ပြဿနာမျိုး ဖြစ်လာရင်တော့ ပေါက်ဆိန်နဲ့ ပေါက်ကြတာပေါ့ကွာ . . . အဲဒါဆိုရင် တို့တွေဟာ သူခိုးတွေ မဟုတ်ကော့ဘူး . . . အလိုလို ဓါးပြတွေ ဖြစ်ကုန်ကြမှာ . . . နားလည်လား . . . ဒီလောက် ကြိုးစားခဲ့ပြီးမှတော့ . . . တို့လွယ်လွယ်နဲ့ မလျှော့နိုင်ဘူး"

အန္တရာယ်အငွေ့အသက်တွေကို ကျွန်တော် ရှူမိပါတော့တယ်။ ဦးသောင်းဒန်တို့ဟာ အဲဒီအချိန်ကျရင် သူပြောသလိုပဲ ဓားပြတွေဖြစ်ကုန်နိုင်ပါတယ်။ အဲဒီအခါမျိုးမှာ သွေးထွက်သံယိုတွေ။ ကျွန်တော် စိတ်မသက်မသာနဲ့ သက်ပြင်းကြီး ကြိတ်ချလိုက်မိတယ်။

"ရော့ . . . ရာဇာ ငွေနှစ်သိန်း . . . ဒါဟာ မေမီတို့ စိန်နဲ့ ဘာမှမပတ်သက်ဘူး . . . ဒီကိစ္စအတွက် မင်းမှာလည်း ကုန်ကျထားတာလေးတွေ ရှိလို့ စရိတ်အနေနဲ့ပေးတာ . . အေး တို့ကိစ္စကြီး အောင်မြင်ခဲ့ရင်တော့ . . . မင်းဝေစုကို မင်းမယူလဲ ကိစ္စမရှိဘူး . . . သိန်းနှစ်ရာကို ဘဏ်တစ်ခုခုမှာ မင်းညီမရဲ့ကျောင်းစရိတ်အနေနဲ့ ထည့်ပေးခဲ့မယ် . . . သူ့ခမျာ ဆေးတက္ကသိုလ်တက်နေရတာကွ . . . လုံလောက်တဲ့ ပိုက်ဆံရှိမှ ဖြစ်မှာ"

"မလိုပါဘူးဗျာ"

"ကဲ . . . ဟုတ်ပါပြီလေ . . မင်းခေါင်ရေ . . . ရာဇာ့ကို



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းတစ်လုံးပေးလိုက်ပါ . . . ဒီဖုန်းကိုတော့ လုပ်ငန်းသုံး ဖုန်းလို့ သဘောထား . . . ဒီဖုန်းနဲ့ တို့တွေကလွဲလို့ အပြင်လူကို မဆက်နဲ့ . . . ဖုန်းနံပါတ်ကိုလည်း အတတ်နိုင်ဆုံး လျှို့ဝှက် . . . ကြားလား"

"ကျွန်တော် သိတယ်"

"အေး . . . ဒါဆိုလဲ မင်းပြန်တော့ . . . မှင်းခေါင် ရာဇာ့ကို လိုက်ပို့လိုက်"

ကျွန်တော့်အိမ်ကို ပြန်ရောက်တော့ ညခုနစ်နာရီ ထိုးနေပြီ။ ကြွက်နီနဲ့ ဝင်းမြင့်က ထမင်းမစားကြသေးဘဲ ကျွန်တော် ပြန်အလာကို စောင့်နေကြတယ်။ ကျွန်တော်လည်း လမ်းက ဝယ်လာတဲ့ ဒန်ပေါက်ထုပ် တွေကိုထမင်းစားပွဲပေါ်တင်လိုက်တယ်။

"ဟာ . . . ဟော့ကောင် မိုက်လှချည်လား . . . အင်း မစားရတာတောင် အတော်ကြာပြီ . . . လုပ်ကွာ ဗိုက်ဆာပြီ၊ နှိပ်လိုက်ကြရအောင်"

"အို ဒီမှာ ထမင်းတွေ ဟင်းတွေ ရှိနေတာပဲ . . . ဒါနဲ့ပဲ ဖြစ်သလို စားလိုက်ပြီး ဒန်ပေါက်တွေကို မနက်အတွက် သိမ်းထားလိုက်မယ်လေ . . ."

"မနက်ကျတော့ ဒီဒန်ပေါက်တွေက သိုးသွားမှာပေါ့ကွာ"

"ဟင် . . . အဲဒါဆို ဒီထမင်းတွေ ဟင်းတွေ နှမြောစရာ"

"ဒီလိုလုပ်ကွာ . . . ဒီထမင်းတွေ ဟင်းတွေကို ထမင်းထုပ်ထုတ်ပြီး အောက်ထပ်က အိမ်တွေ သွားပေးရင် ကောင်းမလား"

ကြွက်နီစကားကြောင့် ကျွန်တော်ရယ်လိုက်မိပါတယ်။ ဝင်းမြင့်ကတော့ စပ်ဖြဲဖြဲ ရယ်ရင်း . . .

"သူတို့ခမျာ . . . ဟိုတလောကလည်း ထမင်းထုပ် စားပြီးပြီ . . . အခုလည်း ထမင်းထုပ်ကြိုကျွေးနေပြန်ပြီ . . အင်း ဒီ





တစ်ခါ မီးထပ်လောင်ရင်တော့ ခေါင်မိုးပေါ်က ခုန်ချရလိမ့်မယ်"

အဲဒီနောက်မှာတော့ ကျွန်တော်လည်း ခပ်သွက်သွက် အဝတ်အစားလဲပြီး ထမင်းဝိုင်း ဝင်ရတယ်။ ဗိုက်ဆာနေလို့လား မသိဘူး။ ကျွန်တော်တို့သုံးယောက်စလုံး ခေါင်းမဖော်စတမ်း စားပစ်လိုက်ကြတယ်။

"ဒါနဲ့ ပြောစမ်းပါဦး . . . ဦးသောင်းဒန်က မင်းကို ဘာတွေ ခိုင်းလိုက်သလဲ"

ကျွန်တော် ကြွက်နီမျက်နှာကို ဖျတ်ခနဲ ကြည့်လိုက်တယ်။

ဒီကိစ္စကြီးကို ကြွက်နီကို ပေးသိလို့ ဖြစ်မလား။ ကြွက်နီက သူငယ်ချင်းဆိုပေမယ့် ခပ်ကြောင်ကြောင်။ မတော်တဆ ဟိုကောင် ဝင်းမြင့်ကိုများ အာသွားချောင်မိရင် သွားပြီ။ အချိန်တိုတိုအတွင်းမှာ ပတ်ဝန်းကျင်တစ်ခုလုံး သိသွားလိမ့်မယ်။

"ဘာရယ် မဟုတ်ပါဘူးကွာ . . . ကုမ္ပဏီတစ်ခုက လိုနေတဲ့ သော့တွေကိစ္စပါ"

ကျွန်တော် လိမ်လိုက်မိပါတယ်။

"နေ့လယ်ကတောင် . . . ကိုစိုး . . . ငါတို့ဆိုင်ကို ရောက်လာသေးတယ်"

"ဘာတဲ့လဲ . . ."

ကျွန်တော် အလောသုံးဆယ် မေးလိုက်မိပါတယ်။ ဒုရဲအုပ်ကိုစိုး။ ကျွန်တော့်အပေါ်မှာ ညီတစ်ယောက်လို ခင်မင်ပြီး ကျွန်တော့်ကိုယ်ကျင့်တရားကို ကောင်းကောင်းနားလည်တဲ့သူ။ သူတာတွေ သတင်းရလို့ ကျွန်တော့်ဆီကို လာတာလဲ။ သူ့ကို ကျွန်တော် ထိန်ဝှက်ထားလို့ ကောင်းပါ့မလား။

www.burmeseclassic.com

www.burmeseclassic.com



(၉)

ကျွန်တော့်ပစ္စည်းတွေကတော့ အတော်ကလေးကို စုံပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သော့တွေက တစ်ခုပြီးတစ်ခု ဖွင့်ရမှာဖြစ်တဲ့အပြင် မီးခံသေတ္တာလိုဟာမျိုးကို ဖွင့်ရမှာလဲ ဖြစ်လို့ပါ။ သော့အမျိုးအစားပေါင်းစုံပါတဲ့ အိတ်ကြီးက တစ်လုံး၊ ပလာယာ၊ ဝက်အူလှည့်မျိုးစုံ။ သံပျော့နဲ့ ပြုလုပ်ထားတဲ့ သော့တံတချို့၊ ပြီးတော့ ကွန်ပျူတာဆော့ဖ်ဝဲလ် ထည့်သွင်းအသုံးပြုထားတဲ့ ဂဏန်းဖော်စက်။

အဲဒါတွေအပြင် မီးခံသေတ္တာကို သော့တွေနဲ့ ဘယ်လိုမှ ဖွင့်မရတော့တဲ့အခါ တံခါးကိုဖောက်ဖို့ လျှပ်စစ်လွန်ပူတစ်ခုနဲ့ လွန်သွားမျိုးစုံ၊ ကျွန်တော့်ပစ္စည်းတွေ အားလုံးကို ပခုံးသိုင်း သားရေအိတ်အနက်ကလေးထဲမှာ ထည့်ပြီး ကိုယ်မှာ စလွယ်သိုင်းလွယ်လိုက်ပါတယ်။

"ဦးကောင်းမြတ် မန္တလေးကိုသွားတာ သေချာပြီလား"





"အေးကွာ . . . ငါတို့ သူတို့အိမ်ရှေ့က စောင့်ကြည့်လိုက်တယ် . . . မင်းစိတ်ချလက်ချသာ လုပ်"

ညဆယ်နာရီတိတိမှာ ကျွန်တော်တို့အဖွဲ့ဟာ ပါပလစ်ကာကားလေးနဲ့ ဦးကောင်းမြတ်ရဲ့ ခြံနားကို ရောက်သွားကြပါတယ်။ အဲဒီ နောက်မှာတော့ ကျွန်တော်တို့ရဲ့ လှုပ်ရှားမှုကြီးက စတင်ခဲ့ပါပြီ။ ကျွန်တော်တို့အားလုံး အနက်ရောင်ဝတ်စုံတွေ ဝတ်ထားပေမယ့် ဦးသောင်းဒန်တစ်ယောက်ကတော့ အနက်မဝတ်ပါဘူး။

"ပတ္တရောင်ရဲတွေနဲ့ တွေ့ရင် . . . မင်းတို့အားလုံး ကိုယ်ရောင် ဖျောက်နေကြ . . . ငါကတော့ သူတို့ကို ကြည့်လှိမ့်လိုက်မယ်"

ဆယ်မိနစ်လောက်အကြာမှာ ဦးကောင်းမြတ်တို့အိမ်နဲ့ မလှမ်းမကမ်းမှာရှိတဲ့ လမ်းမီးတိုင် မီးမှိတ်သွားပါတယ်။ မီးလုံးကို ခွဲလိုက်တာလား။ ကြိုးတက်ဖြုတ်လိုက်တာလားတော့ မသိပါဘူး။ ကျွန်တော်လည်း ညကြည့်လက်နှိပ်ဓာတ်မီးလေးကို အသာ ထုတ်ယူလိုက်တယ်။ စိတ်လှုပ်ရှားလွန်းလို့ ကျွန်တော့်လက်တွေဟာ တဆတ်ဆတ်တုန်နေပါတယ်။

"ကဲ . . . ရာဇာ စ,လှုပ်ရှားပေတော့"

ဦးသောင်းဒန်က ကျွန်တော့်ပခုံးကို အသာလေးပုတ်လိုက်တာနဲ့ ကျွန်တော်ကားပေါ်က အသာလေးဆင်းပြီး ခြံတံခါးနားကပ်သွားလိုက်တယ်။ ညကလည်း မှောင်နေပြန်။ ကျွန်တော်ကလည်း အနက်ရောင်ဝတ်ထားတာဆိုတော့ ကျွန်တော့်ကို အလွယ်တကူတော့ မြင်နိုင်မှာ မဟုတ်ပါဘူး။ ကျွန်တော်လည်း ခြံသော့ကို စ,ဖွင့်တယ်။ ဒီသော့မျိုးကတော့ ကျွန်တော့်အတွက် သိပ်မခက်ပါဘူး။ ကျွန်တော့်မှာရှိတဲ့ မာစတာကီးနဲ့တင် ပွင့်ပြုတ်သွားပါတယ်။ သော့ပွင့်



www.burmeseclassic.com

www.burmeseclassic.com



သွားတာနဲ့ ကျွန်တော်လည်း ခြံတံခါးကို အသာလေးတွန်းဖွင့်ပြီး အထဲကို ဝင်လိုက်တဲ့အခါ အောင်ကြီးနဲ့ ဘပုက နောက်ကလိုက် ဝင်လာပါတယ်။

ခြံထဲက မီးအိမ်တချို့ရဲ့ အလင်းရောင်ရယ်၊ တိုက်ကြီးရဲ့ ရှေ့မျက်နှာစာနဲ့ ဘေးဖက်တွေက အလင်းရောင်ရယ်ကြောင့် ကျွန်တော်တို့ အားလုံး ပန်းပင်တွေကြားမှာ ဝပ်နေရတယ်။

“တို့ ဒီမှာပဲ . . . အခြေအနေကြည့်နေခဲ့မယ် ရာဇာ၊ ကိစ္စ ထူး ရင်လည်း Message ပို့လိုက်မယ် . . . မင်းဘက်က ထူးရင်လဲ ပြန်ပို့”

“အိုကေ . . . ငါ သွားတော့မယ်”

ကျွန်တော်လည်း တိုက်အိမ်ကြီးရဲ့ဘေးက မာလီ ကိုအေး ကိုနေတဲ့အိမ်ကလေးကို တစ်ချက်လှမ်းကြည့်လိုက်တယ်။ ကိုအေးကို လည်း အိပ်မောကျနေပြီ ထင်ပါတယ်။ ပတ်ဝန်းကျင်က ခြံတွေကို တော့ ကျွန်တော် သိပ်ဂရုမစိုက်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီလို ဆိတ်ငြိမ်ရပ်ကွက်မျိုးက ခြံတွေက ပတ်ဝန်းကျင်ကို စပ်စုတတ်တဲ့ လူမျိုးတွေ မဟုတ်လို့ပါဘဲ။

ကိုယ့်အိမ်၊ ကိုယ့်ခြံထဲမှာပဲ ကိုယ့်ကမ္ဘာ တည်ဆောက် နေတတ်ကြတဲ့ လူတန်းစားမျိုးပါ။ ကျွန်တော် နေရာ စ,ရွှေ့တယ်။ ပြဿနာ တစ်ခုက အိမ်ရှေ့သံဘာဂျာ တံခါးက သော့ကို ကျွန်တော် ဖွင့်နေတဲ့ အချိန်မှာ ဆင်ဝင်အောက်က မီးလုံးကြီးက လင်းထိန်နေ တာ တစ်ချက်ပါ။ တကယ်လို့များ လမ်းမက ပတ္တရောင်ရဲတွေ ကင်းလှည့်လာတာနဲ့ကြုံရင် ကျွန်တော့်ကိုမြင်ပြီး ပြဿနာတွေ ဖြစ် လာနိုင်ပါတယ်။

အောင်ကြီးနဲ့ဘပုဆီ ဒီပြဿနာကို Message ပို့မလို့





စဉ်းစားမိပေမယ့် သော့ဖွင့်တဲ့အချိန်မှာ ပတ္တရောင်ရဲတွေလည်း ရောက်မလာနိုင်တာရယ်၊ ဒီလို မီးလင်းလင်းထင်းထင်းကြောင့် သော့ကို ပိုမြင်ရနိုင်တာရယ်ကြောင့် ဒီကောင်တွေကို အကူအညီ မတောင်းမိတော့ဘူး။

နောက်တော့ အိမ်ရှေ့ သံဘာဂျာတံခါးကြီးကို ကျွန်တော် စ,ဖွင့်တယ်။ ဒီသော့က ခြံတံခါးသော့ထက်စာရင် ပိုပြီး မျိုးကောင်း တယ်။ ဒါကြောင့်မို့ ကျွန်တော် မိနစ်နှစ်ဆယ်လောက် ဖွင့်လိုက်ရ တယ်။ အခုဆိုရင် ညဆယ်နာရီ ရှိနေပြီ။ ကျွန်တော်တို့ ခန့်မှန်းထား တဲ့ အချိန်ထက် စောနေသေးတယ်။ ဒါကြောင့် ကျွန်တော်လည်း မှောင်ရိပ်ပြန်ခိုပြီး အဆင်သင့် ရေးထားတဲ့ Message စာသား can (လုပ်နိုင်ပြီ) ကို ဦးသောင်းဒန်ဆီ ပို့လိုက်တယ်။

ခဏအကြာမှာ ဦးသောင်းဒန်ဆီက Message ပြန်လာပါ တယ်။ OK, Let's start တဲ့။ သူ ကျွန်တော့်ကို စ,ခိုင်းနေပြီ၊ ဒါ ကြောင့် ကျွန်တော်လည်း ခပ်သွက်သွက်ပဲ ပတ်ဝန်းကျင် အခြေ အနေရယ်၊ အထဲကအခြေအနေတွေရယ်ကိုအကဲခတ်ပြီး သံဘာဂျာ တံခါးကိုခပ်ဖြည်းဖြည်း ဖွင့်လိုက်တယ်။ တံခါးရွက်တွေက ဆီမထည့် ထားလို့ တကျီကျီမြည်သံ ခပ်တိုးတိုးထွက်သွားတယ်။

ကျွန်တော့် နှလုံးခုန်သံကို ကျွန်တော် ပြန်ကြားနေရတယ်။ ကျွန်တော် အသက်တောင်မရှူမိဘဲ အိမ်ထဲက အရိပ်အခြည်ကို အကဲခတ်လိုက်တယ်။ ဒါပေမယ့် အိမ်ထဲက ဘာလှုပ်ရှားမှုမှမတွေ့ရ သလို ဘာသံမှလည်း မကြားရဘူး။ ဧည့်ခန်းက ကျွန်တော် ရောက် ဖူးနေလို့ ဘယ်နေရာမှာ ဘာရှိသလဲသိပေမယ့် တစ်စုံတစ်ခုကို ခလုတ်တိုက်မှာစိုးလို့ လက်နှိပ်ဓာတ်မီးလေးကို ဖွင့်လိုက်ရတယ်။

ဘယ်လောက် အံ့ဩစရာကောင်းတဲ့ ကျွန်တော့်ဘဝပါလဲ။



www.burmeseclassic.com

www.burmeseclassic.com



သော့ဝိဇ္ဇာက သူခိုးလာဖြစ်နေပြီ။ သူခိုးတောင်မှ ရိုးရိုးသူခိုး မဟုတ်ဘူး၊ ခေတ်မီသူခိုး၊ ဂျီအက်စ်အမ်ဖုန်းနဲ့၊ မျက်နှာဖုံးစွပ်နဲ့၊ အိတ်ထဲမှာလည်း ခေတ်မီပစ္စည်းကိရိယာတွေနဲ့။ နောက်ပြီး ခိုးရမယ့် ပစ္စည်းကလည်း ငွေတွေမဟုတ်ဘူး။ ဘာတဲ့ ရန်နိုင်အောင်စိန်ကြီးတဲ့။ ကာလတန်ဖိုးကလည်း သိန်းပေါင်း ငါးထောင်လောက် တန်တယ်တဲ့။ ပိုပြီးထူးခြားတာက ကျွန်တော်ခိုးရတဲ့ အိမ်က ကျွန်တော်ချစ်ရတဲ့ မေမိရဲ့အိမ်။ မေမိတို့ရဲ့ ပစ္စည်းဖြစ်နေလို့ပါပဲ။

ကျွန်တော် ဧည့်ခန်းထဲကနေ အပေါ်ထပ်ကို လှမ်းအကဲခတ်လိုက်တယ်။ အဲဒီတုန်းမှာ ကျွန်တော့်ခြေထောက်ကို တစ်စုံတစ်ခုက ပွတ်တိုက်သွားလို့ ကျွန်တော် လန့်သွားမိတယ်။ ဘာကြီးလဲဟ။ မီးရောင်နဲ့ ခပ်ဖွဖွလေးထိုးကြည့်လိုက်မှ ကြောင်ကြီး တစ်ကောင်ဖြစ်နေတာ သိရတယ်။ ကြောင်ကြီးက အတော်ကြီးတယ်။ အမွေးကလည်း ခပ်ပွပွနဲ့ သာမန်အချိန်မှာဆို ကြောင်ချစ်တတ်တဲ့ ကျွန်တော် ကြောင်ကြီးကို ကောက်ချီဖြစ်မှာဖြစ်ပေမယ့် အခုတော့ ကြောင်ကြီးကို ခြေထောက်နဲ့ လှမ်းကန်လိုက်မိတယ်။

"ညောင် ညောင်"

ဘာ ဒုက္ခပါပဲ။ ကြောင်ကလဲ သူ့ကို ကျွန်တော် ညှဉ်းနေတယ်များ မှတ်နေလို့လားမသိဘူး။ ကျွန်တော့်ခြေထောက်ကို ထပ်ခွေ့ရင်းနဲ့ အသံတွေပါ ထွက်လာတယ်။ ဒါ မျှော်မှန်းမရတဲ့ ပြဿနာပဲ။ ဒီကြောင်ကို ဘာလုပ်ရရင်ကောင်းမလဲ။ ခက်တာက ဒီအိမ်မှာ ဒီကြောင်ကြီး ရှိနေတာကို ကျွန်တော်လည်း မသိသလို ဦးသောင်းဒန်တို့လဲမသိဘူး။ ကျွန်တော့်ကို ပွတ်သီးပွတ်သပ် လာလုပ်နေတဲ့ ကြောင်ကြီးကို အဝေးထွက်သွားဖို့ အသားကုန်ဆောင့်ကန်ထုတ်လို့လည်း မဖြစ်ဘူး။





တော်ကြာ ဟိုတိုက် ဒီတိုက်နဲ့ အသံတွေ ထွက်ကုန်လိမ့်မယ်။ နောက်မှ ကျွန်တော်လည်း အကြံတစ်ခုရပြီး ကျွန်တော့်ကို ပွတ်သပ်လာလုပ်နေတဲ့ကြောင်ကို အသာလေး မ,ပြီး အမြီးကို ခပ်ဆတ်ဆတ်လေး ဆောင့်, ဆောင့်ဆွဲပေးလိုက်တော့မှ ငနဲသားလေးက ခွီးခနဲအော်ပြီး ကျွန်တော့်အနားက ထွက်ပြေးသွားတယ်။ အဲဒီနောက်မှာတော့ တစ်အိမ်လုံးဟာ ပြန်လည် တိတ်ဆိတ် ငြိမ်သက်သွားတယ်။ ကျွန်တော်လည်း အခြေအနေကို အကဲခတ်လိုက်ပြီးတာနဲ့ လှေကားအတိုင်း အပေါ်ထပ်ကို စ,တက်တယ်။

စိတ်တွေလှုပ်ရှားလွန်းလို့ အသက်ရှူတောင် မှားတယ်။ လှေကားပေါ်ကို တက်နေတဲ့ ကျွန်တော့်ခြေလှမ်းတွေမှာ အသံမထွက်အောင် စိတ်ကို ထိန်းထားရလို့ ကျွန်တော့်တစ်ကိုယ်လုံး ချွေးတွေရွှဲနစ်နေပါတယ်။ လှေကားပေါ်ရောက်တော့ ရှေ့ဆက်မသွားသေးဘဲ မေမို့အခန်းကို လှမ်းအကဲခတ်ရတယ်။ နွေညမို့ ပူအိုက်လွန်းလို့ ထင်ပါရဲ့။ သူမရဲ့ အခန်းတံခါး ပွင့်နေတယ်။ ဒါပေမယ့် အထဲမှာတော့ သူမ နိုးနေတဲ့ပုံသဏ္ဌာန်မျိုး မရှိပါဘူး။

ဒါနဲ့ ကျွန်တော်လည်း ခြေသံမကြားအောင် ခပ်ဖွဖွ လှမ်းရင်း သူမရဲ့အခန်းရှေ့ကိုရောက်တော့ အထဲကို မရဲတရဲနဲ့ ချောင်းကြည့်လိုက်တဲ့အခါ ခုတင်ပေါ်မှာ ခွေခွေလေးအိပ်နေတဲ့ မေမို့ကို တွေ့လိုက်ရတယ်။ ပူအိုက်တဲ့ညမို့ ချည်ထည်ပါးပါးလေး ဝတ်ထားပြီး၊ အောက်ဘက်ကလည်း ချည်ဘောင်းဘီတိုလေး တစ်ထည် ဝတ်ထားတယ်။

အမှန်အတိုင်းပြောရရင် ကျွန်တော် လာရင်းကိစ္စကို တောင်မေ့သွားတယ်။ ကိုယ်ချစ်ရသူရဲ့ လွတ်လွတ်လပ်လပ် ငြိမ်းငြိမ်းချမ်းချမ်း အိပ်စက်နေတဲ့သဏ္ဌာန်လေးကို တစ်ညလုံး ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ချင်နေမိပါတယ်။ နောက်တော့မှ သူမရဲ့အခန်းကနေ ဦးကောင်းမြတ်တို့ အခန်းဘက်ကို အသာလေး ကပ်သွားလိုက်မိတယ်။ ဦးကောင်းမြတ်တို့ အခန်းကတော့ တံခါးစေ့ထားတယ်။

ကျွန်တော်လည်း စေ့ထားတဲ့တံခါးကို အသာလေး တွန်းဖွင့်လိုက်တဲ့အခါ တံခါးက ကျွီခနဲ မြည်ပြီး ပွင့်သွားတယ်။ ဒါပေမယ့် အထဲကတော့ ဘာသံမှ မကြားရပါဘူး။

ခဏလောက်စောင့်နေပြီး ဘာမှမထူးခြားတော့မှ ကျွန်တော်လည်း အခန်းထဲကို ချောင်းကြည့်လိုက်တဲ့အခါ အံ့အားသင့်စရာမြင်ကွင်းကို တွေ့လိုက်ရပါတယ်။ ဦးကောင်းမြတ်ရဲ့ဇနီးဟာ ခုတင်ပေါ်မှာ ပိုးစိုးပက်စက်အိပ်နေတယ်။

ကျွန်တော်လည်း ချက်ချင်းပဲ ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်သွားတယ်။ ဒုက္ခပါပဲ။ သည်ပုံပုံစံမျိုးနဲ့ အိပ်နေတဲ့ မိန်းမတစ်ယောက်ရဲ့ အခန်းထဲကို ကျွန်တော် ဝင်လို့ ဖြစ်ပါ့မလား။ နောက်ပြီး မေမီ့အမေက အရွယ်ကလည်း ရှိသေးတယ်။ ကျွန်တော့်စိတ်ထင်တော့ လေးဆယ့်ငါးလောက်ပဲ ရှိဦးမယ်ထင်တယ်။ ပြီးတော့ လှလည်းလှတယ်။

ကျွန်တော်လည်း ကြံမိကြံရာနဲ့ တယ်လီဖုန်းကို ထုတ်ပြီး ဦးသောင်းဒန်ဆီကို Message ပို့ဖို့ ကြိုးစားပါတယ်။ အဆင့်ဆင့် ရေးထားတဲ့ cannot ဆိုတဲ့ စကားလုံးလေးကို ဦးသောင်းဒန့် ပို့လိုက်တဲ့အခါ သူ့ဆီက ချက်ချင်းပဲ Why ဆိုတဲ့ Message ပြန်ဝင်လာပါတယ်။ ဒါနဲ့ ကျွန်တော်လည်း အခြေအနေတွေကို ဦးသောင်းဒန် ရိပ်စားမိနိုင်အောင် နည်းနည်းပြည့်ပြည့်စုံစုံလေး ရေးလိုက်ပါတယ်။

သူကလည်း ချက်ချင်း မက်ဆေ့ချ် ပြန်ပို့ပါတယ်။





"Who" (ဘယ်သူလဲတဲ့ )

အရေးထဲဗျာ သူမို့ ဘယ်သူလဲလို့ စိတ်ဝင်စားနေတယ်။ မေမီ့ကိုများ ထင်နေလို့လား မသိဘူး။ ဒါပေမယ့် ကျွန်တော်လည်း ခပ်တိုတို မက်ဆေ့ချ်တစ်ခု ပြန်ပို့လိုက်မိပြန်ပါတယ်။

"Dr. U Kaung Myat' Wife" ဒေါက်တာ ဦးကောင်းမြတ်ရဲ့ ဇနီးလို့လည်း ဆိုလိုက်ရော သူက. . . .

"No problem" တဲ့။ ကိစ္စမရှိဘူးတဲ့။ ဆက်လုပ် ဆိုတဲ့ သဘောပဲ။

ဒါပေမယ့် ကျွန်တော်ကလည်း အိပ်နေတဲ့ မေမီ့အမေရဲ့အခန်းထဲကို မဝင်ရဲတာနဲ့ မက်ဆေ့ချ်တစ်ကြောင်း ရေးပို့လိုက်မိပြန်ပါတယ်။

"I am afraid ..."

ကျွန်တော် ကြောက်တယ်လို့ ပို့လိုက်တဲ့အခါ သူကလည်း "Who" ဆိုပြီး ပြန်ပို့ပါတယ်။ ဒုက္ခပါပဲ။ ကျွန်တော်တို့ အခြေအနေက ဖုန်းနဲ့စကားပြောလို့လဲ မဖြစ်။ ကျွန်တော်ကလဲ အင်္ဂလိပ်စာ သိပ်မကျွမ်းတော့ ကိုယ်ခံစားနေရတာ၊ ကိုယ်ကြောက်နေတာကို ပွင့်ပွင့်လင်းလင်း မရေးတတ်ဘူး။ ဒီအတိုင်းသာဆိုရင် သူနဲ့ ကျွန်တော် မက်ဆေ့ချ် အပြန်အလှန်ပို့နေတာနဲ့ မိုးလင်းသွားလိမ့်မယ်ထင်တယ်။

နောက်ဆုံးမှာတော့ ကျွန်တော်လည်း အရဲစွန့်ရတော့မှာမို့ သူ့ဆီကို ခပ်တိုတို မက်ဆေ့ချ်ပဲ ပို့လိုက်တော့တယ်။

" OK ... No problem, I can "

အဲဒီလို ပို့လိုက်ပြီးတာနဲ့ ကျွန်တော်လည်း အခန်းထဲက အရိပ်အခြည်ကို အကဲခတ်ပြီး အထဲကို ခပ်သွက်သွက် ဝင်လိုက်မိပါ



www.burmeseclassic.com

www.burmeseclassic.com



တယ်။ မေမီရဲ့ မိခင်ဟာ ပက်လက် အနေ အထားကို ပြောင်းလိုက် ပြန်ပါတယ်။ ဒုက္ခပါပဲ။

အခုနေများ သူနိုးသွားရင်၊ ဒါမှမဟုတ် ဒီအခန်းထဲကို တစ်ယောက်ယောက်များ ရောက်လာခဲ့ရင် ကျွန်တော်တော့ ဒုက္ခပဲ။ ကျွန်တော့်အမှုဟာ ရိုးရိုးခိုးမှုကနေ မုဒိမ်းမှုအထိ စွဲချက် တင်ခံရ နိုင်နေပြီ။

အခန်းထဲမှာ ည မီးမှိန်မှိန်လေး ထွန်းထားပြီး မီးခံသေတ္တာ ဘက်မှာတော့ ခပ်ဝါးဝါးလေး လင်းနေတယ်။ ကျွန်တော်လည်း ခုတင်ကိုပတ်ပြီး မီးခံသေတ္တာဘက်ကို ခပ်ကုန်းကုန်းနဲ့ သွားတယ်။ စိတ်လှုပ်ရှားလွန်းလို့ နှလုံးအိမ်တစ်ခုလုံးလည်း ပေါက်ထွက်တော့ မယ်။

ဒါနဲ့ပဲ ကျွန်တော်လည်း မီးခံသေတ္တာရှေ့မှာ ဖင်ချထိုင်ပြီး မီးခံသေတ္တာကို ဖွင့်ဖို့ ကြိုးစားရပါတော့တယ်။ ဖွင့်နေတုန်းမှာ အဘွားကြီး နိုးမလာပါစေနဲ့လို့လည်း ဆုတောင်းနေမိတယ်။

မိနစ်တွေ တရွေ့ရွေ့ကုန်ဆုံးသွားပါတယ်။ မီးခံသေတ္တာ က ဖွင့်လို့ မရသေးဘူး။ ကျွန်တော် ချွေးတွေပြန်လာတယ်။ အခုဆို ဒီအခန်းထဲ ရောက်တာ နာရီဝက်လောက်ရှိပြီ။

နောက်ထပ် အချိန်ဘယ်လောက်ကုန်ဦးမလဲ မသိဘူး။ မီးခံသေတ္တာနဲ့ ခုတင်ကြားက နေရာလေးကကျဉ်းတော့ ကျွန်တော် လည်း ကပ်ကပ်သပ်သပ်နဲ့ ကြိုးစားနေရတယ်။

အဲဒီတုန်းမှာပဲ အခန်းမီးက ရုတ်တရက် လင်းလာပါ တယ်။ ကျွန်တော်တော့ ဒုက္ခကောင်းကောင်း ရောက်ပါပြီ။ ပစ္စည်း တွေကလည်း ကြမ်းပေါ်မှာ အားလုံးပြန့်ကျဲနေပြီး ဖွင့်လက်စ သော့တံကြီးကလည်း မီးခံသေတ္တာသော့အိမ်မှာ တန်းလန်းကြီး။





အခုအချိန်မှာ ထွက်ပြေးတာဟာ အကောင်းဆုံးပဲလို့ ကျွန်တော်တွေးပြီး ကပျာကယာထ,ရပ်လိုက်ချိန်မှာတော့ အခန်း တံခါးဟာ ဖြည်းဖြည်းလေး ပွင့်သွားတယ်။

တံခါးဝမှာတော့ ဒေါက်တာဦးကောင်းမြတ် ရပ်နေတယ်။ သူ့လက်ထဲမှာ လိုင်စင်နဲ့ ကိုင်ပုံရတဲ့ သေနတ်တစ်လက်၊ သူ့နောက် မှာတော့ မေမီ။ ကျွန်တော့်အတွက်ကတော့ အားလုံးဆုံးရှုံးသွား ပါပြီ။

"မင်း လက်ကို ဖြည်းဖြည်းလေးမြှောက် . . . ဟုတ်ပြီ . . လာ . . . တို့တွေ ဟိုဖက်ခန်းထဲ သွားကြရအောင်"

ကျွန်တော်လည်း လက်နှစ်ဖက်ကို မြှောက်ပြီး သူတို့ ရှေ့နေ တစ်ဖက်ခန်းထဲကို ဝင်ခဲ့ရပါတယ်။ ဦးသောင်းဒန်တို့ဆီလည်း မက်ဆေ့ချ်ပို့ဖို့ ခက်နေပါတယ်။ သူတို့ သားအဖဟာ ခုချိန်ထိ ကျွန်တော်ဘယ်သူလဲ မသိသေးပါဘူး။ ကျွန်တော်ကလည်း မျက်နှာ ဖုံးစွပ်ကြီးနဲ့ကိုး။ အဲဒီအခန်းထဲ ကျွန်တော်ရောက်သွားတဲ့အခါ အဲဒီအခန်းထဲမှာ ဒုရဲအုပ်ကိုစိုး ထိုင်နေတာ တွေ့လိုက်ရပါတယ်။

"လာကွာ . . . ထိုင် ငါမင်းကို စောင့်နေတာ"

ကျွန်တော်လည်း အံ့အားသင့်သွားပါတယ်။

"ဟုတ်ပြီ . . . မင်း ခေါင်းစွပ်ကြီးလဲ ချွတ်လိုက်ပါတော့ . . . ဒါမှ မင်း ဘယ်သူလဲဆိုတာ သူတို့ သိရအောင်"

"အစ်ကို . . . ကျွန်တော် မချွတ်ရဲဘူး အစ်ကို"

"ဒီအခြေအနေမှတော့ မထူးတော့ပါဘူး ငါ့ညီရာ . . . ရဲရဲတင်းတင်း ရင်ဆိုင်လိုက်ဝာ အကောင်းဆုံးပါ"

ကျွန်တော်သက်ပြင်းတစ်ချက် ခပ်လေးလေး ချလိုက်မိပါ တယ်။ ကျွန်တော့်အတွက်ကတော့ စိတ်ကူးယဉ်ကမ္ဘာကြီး ပြိုကျခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပါပြီ။ ကျွန်တော့်ညီမရဲ့ အနာဂတ်ဟာလည်း မှုန်ဝါးသွားခဲ့ပါပြီ။ ကျွန်တော့်ရဲ့ ခေါင်းစွပ်ကို ခပ်ဖြည်းဖြည်း ကျွန်တော် ချွတ်လိုက်မိပါတယ်။ ခေါင်းစွပ်ကျွတ်သွားတဲ့အခါ မေမီနဲ့ ဦးကောင်းမြတ်ဆီက အာမေဋိတ်သံ ထွက်လာပါတယ်။

"ဟယ် . . . အစ်ကို"

"ဟင် . . . မောင်ရာဇာ"

ကျွန်တော်လည်း သူတို့ကို မကြည့်ရဲတော့နဲ့ ကိုစိုးရဲ့ ဘေးမှာဝင်ထိုင်ပြီး ကျွန်တော့်လက်နှစ်ဖက်ကို သူ့ရှေ့ကို ထိုးပေးလိုက်ရင်း . . .

"ကျွန်တော့်ကို ဖမ်းပါတော့ အစ်ကို . . ."

"နေဦးကွ . . . တို့တွေ နည်းနည်း တိုင်ပင်စရာ ရှိသေးတယ် . . . ခဏလေးနော် . . . ဒီက အန်ကယ်ကြီးနဲ့ ညီမလေး မေမီတို့လည်း အံ့ဩနေပြီ ထင်တယ်. . . ကဲ ခဏလေးထိုင်ကြဦး . . . ကျွန်တော် ခပ်သွက်သွက်ပဲ ရှင်းပြတော့မယ်. . ဒီလိုပါ ဟောဒီက မောင်ရာဇာဟာ အန်ကယ်တို့ ထင်နေသလို ဆေးတက္ကသိုလ် တက်နေတဲ့ ဆေးကျောင်းသား မဟုတ်ပါဘူး . . . သူဟာ သော့ဝိဇ္ဇာတစ်ယောက်ပါ . . . သူ့မှာ သော့ဆိုင်တစ်ဆိုင် ရှိပါတယ်"

"ဟင် . . . မင်း လူလိမ်ပဲကွ"

"ရှင် . . . ယုတ်မာလှချည်လား ကိုရာဇာ"

"ခဏလေး. . . ကျွန်တော့်စကားမဆုံးသေးဘူး . . မောင်ရာဇာဟာ ဆေးကျောင်းသားလို့ လိမ်ညာမိတာကလွဲရင် ရိုးသားဖြူစင်တဲ့ . . . ကိုယ်ကျင့်တရားကောင်းမွန်တဲ့ လူငယ်လေး တစ်ယောက်ပါ အန်ကယ် . . သူ့အကြောင်းကို ကျွန်တော် ကောင်းကောင်းသိပါတယ်. . . သူ့ကြောင့်မို့ ရာဇဝတ်မှုတစ်ချို့ကိုလည်း





ကျွန်တော်တို့ ဖော်ထုတ်နိုင်ခဲ့ပါတယ်. . အခုကိစ္စကတော့ ဒီလိုပါ အန်ကယ် . . . မောင်ရာဇာက ကျွန်တော့်ကို မနေ့ကမှ ဒီကိစ္စကို ဖွင့်ပြောတိုင်ပင်ပါတယ် . . . သူ့မှာ သူ့ညီမရဲ့ ပြဿနာကြောင့် ဦးသောင်းဒန်တို့ခိုင်းတာကို မဖြစ်မနေ လုပ်ရတော့မယ့်အကြောင်း ဖွင့်ပြောပါတယ်. . . အဲဒါနဲ့ပဲ ကျွန်တော်လည်း ဒီကိစ္စကို ဘယ်လို ဖြေရှင်းရမလဲဆိုတာ အချိန်ယူစဉ်းစားခဲ့ပြီး အန်ကယ်နဲ့ တိုင်ပင်ခဲ့တာပါ . . . အန်ကယ့်ကို မန္တလေးအသွားပြပြီး အနောက်ဘက်ကနေ အိမ်ထဲ ပြန်ဝင်ခိုင်းတာ. . . ကျွန်တော်ကလည်း ဒီတိုက်ထဲမှာကြိုရောက်နေရတာတွေ အကုန်လုံး စီစဉ်ခဲ့ပါတယ်. . . ဒါပေမယ့် ဇာတ်လမ်းက မပြီးသေးပါဘူး အန်ကယ် . . . အခုနေ ရပ်လိုက်ရင် ဟိုလူတွေကိုလည်း ကျွန်တော်တို့ လွတ်သွားလိမ့်မယ် . . . ရာဇာရဲ့ ညီမလေးလည်း သူများ တံတွေးခွက်မှာ မျောသွားလိမ့်မယ်. . . ဒါကြောင့်မို့ အန်ကယ်တို့အနေနဲ့ သူ့အပေါ် အပြစ်တင်ရင်လဲ နောက်မှတင်ပါ . . . အခုတော့ ကျွန်တော့်တို့ ဆက်လုပ်စရာရှိသေးလို့"

အဲဒီတုန်းမှာပဲ ကျွန်တော့် ဂျီအက်စ်အမ်ဖုန်းကလေးက တုန်ခါလာလို့ ဖွင့်လိုက်တဲ့အခါ ဦးသောင်းဒန်ရဲ့ မက်ဆေ့ချ် ရောက်လာပါတယ်။

"How are you? Are you OK? တဲ့။ ကျွန်တော်လည်း တယ်လီဖုန်းကို ကိုစိုးကို လှမ်းပေးလိုက်မိတယ်။ ကိုစိုးက ကျွန်တော့် တယ်လီဖုန်းကို လှမ်းကြည့်ပြီးပြုံးတယ်။ ပြီးတော့ ကျွန်တော့် ကိုယ်စား သူကပဲ မက်ဆေ့ချ်စာသားတွေရေးပြီး ဦးသောင်းဒန်ဆီ ပြန်ပို့လိုက်တယ်။ သူပို့လိုက်တဲ့ စာသားက "I am trying, Please wait " တဲ့၊ 'ငါကြိုးစားနေပါတယ်။ ကျေးဇူးပြုပြီး စောင့်ပါ'တဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ် . . . ဒီဂျီအက်စ်အမ်နဲ့ မက်ဆေ့ချ်တွေ ပို့ပြီး တို့တွေအတွက် အခွင့်အရေး ယူကြရမယ် . . . ကဲ ဟုတ်ပြီ . . . အချိန်သိပ်မရှိတော့ဘူး . . . မင်း ဝတ်စုံနဲ့ မျက်နှာဖုံးကို ငါ့ပေးခဲ့. . . ငါက မင်းကိုယ်စား ဝင်သရုပ်ဆောင်ရတော့မယ် . . . မင်းကတော့ အိမ်နောက်ဖေးကနေ မြန်မြန်ထွက် . . . နောက်ဖေးကလမ်းမှာ ရဲကားနှစ်စီး ရှိတယ် . . . အဲဒီကို မင်း ရောက်အောင် သွား . . . ငါ ဖုန်းကြိုဆက်ထားမယ် . . . သူတို့ မင်းကို မင်းသွားချင်တဲ့ နေရာပို့ပေးလိမ့်မယ်"

"ကျွန်တော်က ဘယ်နေရာ သွားရမှာလဲ အစ်ကို"

"ဟ . . . ဦးသောင်းဒန်ရဲ့ အိမ်ကို သွားလေကွာ . . သူ့အိမ်မှာ အခု ဘယ်သူမှမရှိ . . ဒီတော့ မင်းအတွက် အခွင့်အရေးပဲ . . . မင်းရဲ့ပညာနဲ့ သူ့အိမ်တံခါးတွေကို ဖွင့်ဝင်. . . ပြီးရင် သူ့ကွန်ပျူတာထဲက မင်းညီမရဲ့ ပြဿနာတွေကို ဖျက်ပစ်လိုက်"

အခက်အခဲတွေ၊ ပြဿနာတွေကြားက ကျွန်တော် ပထမဆုံး ရှားရှားပါးပါး အားရပါးရ ပြုံးလိုက်မိပါတယ်။ ကျွန်တော့်ဘက်က အသာစီး ပြန်ရလာပါပြီ။ အဲဒီနောက်မှာတော့ ကျွန်တော်လည်း ဝမ်းသာအားရနဲ့ အဝတ်တွေကို ရုတ်တရက် ချွတ်ချလိုက်မိတယ်။

"အို . ."

"ဟာ . . ဒီကောင် ဘယ်လိုလုပ်တာလဲ"

"ဟေ့ . . . ရာဇာ . . ဩော် ဒီကောင် မပြောမဆိုနဲ့ ချွတ်ချလိုက်တာကိုး . . . ဒုက္ခပါပဲ ရော့ ရော့ ဒီဘောင်းဘီ မြန်မြန်ဝတ်လိုက် . . . ဟုတ်ပြီ . . . မင်းဝတ်စုံကို ငါ့ကိုပေး. . . ဟား





ဟား ကောင်းတယ်ကွာ . . . ငါက မင်းဝတ်စုံဝတ်ပြီး ဒီမှာ တတ်နိုင်သလောက် အချိန်ဆွဲထားပြီးတော့ မင်း ဦးသောင်းဒန်တို့အိမ်ကို ရောက်လောက်ပြီဆိုမှ ဟောဒီက ပုလင်းကွဲအစကြီးကို ကိုင်ပြီး အိမ်ထဲက ထွက်မယ် . . . ဒီကောင်တွေ မျက်နှာဖုံး စွပ်ထားတဲ့ ငါ့ကို မင်းပဲ ထင်ကြမှာ . . . ဟား ဟား ငါ သူတို့ ကားပေါ်ရောက်မှ အားလုံးကို ဖမ်းလိုက်မယ်"

ကျွန်တော် ဒုတိယအကြိမ် ထပ်ပြုံးလိုက်မိပြန်ပါတယ်။ နောက်တော့ ကျွန်တော်လည်း အဝတ်အစားတွေ လဲပြီးသွားလို့ အိမ်နောက်ဖေးဘက်ကနေ ထွက်ဖို့ပြင်တော့ ကိုစိုးက သတိပေးတယ်။

"မင်းပစ္စည်း တချို့လည်း ယူသွားဦးကွ . . . ပလာယာတို့ ဝက်အူလှည့်တို့ . . . မာစတာကီးတို့ပေါ့ကွာ"

"ဟေ့ကောင် . . . ငါတို့ အခန်းထဲ မင်းထပ်မဝင်နဲ့တော့ . . ငါပဲ မင်းပစ္စည်းတွေ သွားယူလာပေးမယ် . . . အင်း မိန်းမကလဲ အိပ်ပုပ်ကြီးတာနဲ့ . . . ရာသီဥတုကလဲ ပူတာနဲ့တော့ ခက်နေပါပြီ"

ဆရာဝန်ကြီးဟာ ပါးစပ်ကပွစိပွစိပြောရင်းက သူတို့ အခန်းထဲက ကျွန်တော့်ပစ္စည်းတွေကို သွားယူလာပေးပါတယ်။ ကျွန်တော်လည်း အဲဒီထဲက လိုချင်တဲ့ ပစ္စည်းတချို့ကို ရွေးလိုက်ပြီး

"ကျွန်တော် လစ်တော့မယ် အစ်ကို"

"အေး အေး"

ဦးကောင်းမြတ်ကတော့ ကျွန်တော့်ကို မျက်ကြောကြီး ရှုံ့ပြီးကြည့်နေတယ်။ မေမီကတော့ ကျွန်တော့်ကို အံကြိတ်ပြီး ကြည့်နေတယ်။ ပြီးသွားပါပြီ။ ကျွန်တော့်ရဲ့ စိတ်ကူးယဉ် အိပ်မက်ကလေးကတော့ ဒီနေရာမှာပဲ နိဂုံးတံသွားပါပြီ။ ကျွန်တော် ပင့်သက်



www.burmeseclassic.com

www.burmeseclassic.com



ရှိုက်လိုက်မိပြီး သူတို့ကို ကျောခိုင်းလိုက်မိပါတယ်။

ပြီးတော့ အိမ်ရဲ့ နောက်ဖေးတံခါးတွေကို ဖွင့်ပြီး အပြင်ကို ထွက်လိုက်တယ်။ ခြံရှေ့ဘက်က ပန်းရုံတွေကြားမှာတော့ ကုန်းကုန်း ကုန်းကုန်းဖြစ်နေတဲ့ အော်ကြီးနဲ့ ဘပုတို့ကို လှမ်းတွေ့ရပါတယ်။ ကျွန်တော်လည်း တစ်ချက်ပြုံးပြီး ခြံစည်းရိုးကိုကျော်တက်ပြီး နောက်ဖေးလမ်းကြားထဲကို ဆင်းလိုက်တယ်။ ပြီးတာနဲ့ ကိုစိုးပြော တဲ့ ရဲကားတွေဆီ ခပ်သွက်သွက်လျှောက်သွားလိုက်ပါတယ်။

"ရာဇာ ဆိုတာလား"

"ဟုတ်ကဲ့ပါ . . ကျွန်တော့်ကို ကိုစိုးလွှတ်လိုက်တာပါ"

"ဟုတ်ပြီ . . . တို့ဆီကို ဖုန်းဆက်ထားတယ် . . . လာ ကားပေါ်တက် . . . ဘယ်ကိုပို့ပေးရမလဲ ပြော"

ကျွန်တော်လည်း ကားပေါ်တက်ရင်း ဦးသောင်းဒန်ရဲ့ လိပ်စာကိုပြောပြလိုက်ပါတယ်။ ရဲကားလေးဟာ တိတ်တိတ် ဆိတ် ဆိတ်လေးပဲ ထွက်လာပြီး နာရီဝက်လောက်အကြာမှာတော့ ဦး သောင်းဒန်ရဲ့တိုက်ရှေ့ကိုရောက်သွားပါတယ်။ ရဲတွေဟာ ကျွန် တော့်ကို တိုက်ရှေ့မှာ ချပေးပြီးတာနဲ့ ကျွန်တော့်ကို နှုတ်ဆက်ပြီး ပြန်ထွက်သွားကြပါတယ်။

ဒီနောက်မှာတော့ ကျွန်တော်လည်း ကျွန်တော် တတ် ထားတဲ့ပညာတွေကို အသုံးချပြီး ဦးသောင်းဒန်ရဲ့ တံခါးတွေကို ဖွင့်တယ်။ ကျွမ်းကျင်ရာ လိမ္မာဆိုတဲ့ စကားအတိုင်းပါပဲ။ သိပ်မကြာ ခင် အချိန်အတွင်းမှာ ကျွန်တော် ဦးသောင်းဒန်ရဲ့အခန်းထဲကို ရောက်သွားတယ်။ အခုအချိန်မှာ ဘာကိုမှ ပုန်းလျှိုးကွယ်လျှိုးလုပ် စရာမလိုတော့လို့ တစ်အိမ်လုံးက မီးတွေကို လိုက်ဖွင့်လိုက်တယ်။

အားလုံး လင်းထိန်သွားမှ ကျွန်တော်လည်း ဦးသောင်းဒန်





ရဲ့ ကွန်ပျူတာကို ဖွင့်လိုက်ပါတယ်။ ကွန်ပျူတာဟာ တဖြည်းဖြည်း ပွင့်လာတယ်။ ကျွန်တော်ကလည်း ရင်တွေ တဖြတ်ဖြတ် ခုန်လာပါ တယ်။ စိတ်လှုပ်ရှားလွန်းလို့ မောက်စ်ကို ကိုင်ထားတဲ့ ကျွန်တော့် ညာလက်ဟာ တဆတ်ဆတ်တုန်နေတယ်။ ကျွန်တော့် ဘဝ၊ ညီမ လေးရဲ့ ဘဝ၊ ဒါတွေ အားလုံးဟာ ဒီကွန်ပျူတာထဲမှာ။

ကျွန်တော် လိုချင်တဲ့ ဖိုင်ကို သိပ်မရှာလိုက်ရပါဘူး။ ဒါပေ မယ့် ဦးသောင်းဒန်ကလဲ ဒီလို အခြေအနေမျိုးတွေ ဖြစ်လာမှာစိုးလို့ ဖိုင်ကို ကုတ် password ပေးထားတယ်။ အဲဒီ ဂဏန်း သင်္ကေတ မသိရင် သူကလွဲရင် ဘယ်သူမှ မဖွင့်နိုင်ဘူးပေါ့။ အခုလည်း ညီမ လေးရဲ့ ဖိုင်ကို ကျွန်တော်ဖွင့်မရဘူး။ ဒါပေမယ့်ဗျာ။ ကျွန်တော်ပဲ။ ဒီကိစ္စမှာ ကျွန်တော်တို့ နိုင်သွားပြီပဲ။ ဒီကွန်ပျူတာကို ကျွန်တော် လုပ်ချင်သလို လုပ်လို့ရပြီပ။

ကျွန်တော်လည်း ဝက်အူလှည့်ကို ထုတ်ပြီး ဦးသောင်းဒန် ကွန်ပျူတာရဲ့ system unit ကြီးကို ဖွင့်လိုက်တယ်။ ကျွန်တော် တွေ့ချင်တဲ့ ဟတ်ဒစ်ကိုလည်းတွေ့ရော နောက်ဖက်က ပလပ်ကြိုး တွေဆွဲဖြုတ်ပြီး ဟတ်ဒစ်ကို အသာဆွဲထုတ်လိုက်တယ်။ ရပြီ။ ဒါဆို ကျွန်တော်နိုင်သွားပြီ။ ညီမလေးရဲ့ ဘဝငြိမ်းချမ်းသွားပြီ။

ကျွန်တော့်လက်ထဲ ရောက်လာတဲ့ ဟတ်ဒစ်ရဲ့ နောက်ဖက် က ပလပ်ခေါင်းနေရာလေးတွေကို လျှပ်စစ်မီးကြိုးနဲ့ တေ့ဆက်ပြီး မီးကိုဖွင့်လိုက်တဲ့အခါ ဖောင်းခနဲ မြည်သံတစ်ချက်ထွက်ပြီး ဟတ်ဒစ်က မီးခိုးတွေ ထွက်လာတယ်။ စိတ်ချသွားရပြီ။ အထဲက ဟာတွေတော့ သွားပြီ။

အဲဒီနောက်မှာတော့ ကျွန်တော်လည်း ဦးသောင်းဒန်ရဲ့ ရေခဲသေတ္တာထဲက ရေခဲရေတစ်ပုလင်းကို ဆွဲထုတ်လိုက်ပြီး ဦး



www.burmeseclassic.com

www.burmeseclassic.com



သောင်းဒန်ရဲ့ ဆံလည်ကုလားထိုင်မှာ ဝင်ထိုင်လိုက်တယ်။ ရှေ့က စားပွဲမှာတော့ တယ်လီဖုန်း အနီလေးက အဆင်သင့်ရှိနေတယ်။

ကျွန်တော် နာရီကြည့်လိုက်တယ်။ သုံးနာရီထိုးဖို့ ဆယ့်ငါး။ ဘာမှသာ မဟုတ်တာ။ မိုးတောင်လင်းတော့မှာ ပါလား။ ကျွန်တော် ကိုစိုးဆီကို ဖုန်းဆက်လိုက်ပါတော့တယ်။

"ရာဇာလား . . . ဘယ်လိုလဲကွ . . . မင်းအခြေအနေ"

"ကျွန်တော် လုပ်ပြီးသွားပြီ အစ်ကို. . . အားလုံး အိုကေပဲ . . . အစ်ကို့ဘက်ကရော"

"အင်း . . . ငါ့ဘက်ကလဲ အားလုံး အိုကေပဲ. . . အခုလေးတင်ပဲ သူတို့အားလုံးကိုဖမ်းလိုက်ပြီ . . ဟား ဟား ဦးသောင်းဒန်က ငါ့ကို မင်းပဲထင်နေပြီး . . . ဟော့ကောင် ရာဇာတဲ့ . . စိန်တုံးကြီးရခဲ့ပြီလားတဲ့ . . . ငါလဲ ပုလင်းကွဲကြီး ထုတ်ပေးလိုက်တော့ . . . သူက ဝမ်းသာအားရနဲ့ အဲဒီပုလင်းကွဲကြီးကို စိန်တုံးအမှတ်နဲ့ ကြည့်တော့မှ ငါသူ့ကို ဖမ်းလိုက်တာ . . . မင်း သူနဲ့ စကားပြောလိုက်ဦးကွ . . . သူ အခု ငါ့ဘေးမှာ"

ကျွန်တော် ပြုံးလိုက်မိပါတယ်။ ပြီးတော့မှ . . .

"ဦးသောင်းဒန်လား . . . ဟဲ ဟဲ နေကောင်းတယ် မဟုတ်လား"

"ခွေးမသား ရာဇာ . . . မင်းညီမတော့ ဘဝလုံးဝပျက်စေရမယ်ကွ . . . သိလား . . . ငါ့အကြောင်း မင်း ကောင်းကောင်း သိစေရမယ် . . . ငါ အဲဒီဟာတွေကို အင်တာနက်မှာ တင်လိုက်မယ်"

"တင် တင် . . . ခင်ဗျား ကြိုက်သလို တင်ဗျို့ . . . အခုလေးတင် ခင်ဗျားဟာတ်ဒစ်ကို ကျွန်တော် မီးရှို့လိုက်ပြီ. . .





ခင်ဗျား အနံ့ခံကောင်းရင် အဲဒီဘက်ကနေ ဟာတ်ဒစ်ညှော်နံ့ကို ခံကြည့်တော့ . . ."

"ခွေးသူခိုးကောင် . . . မင်းတော့လားကွာ"

ကျွန်တော် ရယ်လိုက်တဲ့အချိန်မှာပဲ ကိုစိုးရဲ့ အသံပြန်ပေါ်လာ တယ်။

"မင်းကတော့ ဒီအမှုမှာ အစိုးရသက်သေ ဖြစ်ဦးမှာပဲ. . . ဩော် . . ဟော့ကောင် မေမီလည်း အနားမှာ ရှိတယ် . . . ပြောဦး မလား"

ကျွန်တော် ပင့်သက် ရှိုက်လိုက်မိပါတယ်။ အခုအချိန်မှာ ကျွန်တော် ဘာကောင်လဲဆိုတာ သူတို့ သိသွားကြပြီဆိုတော့ ဆင်ဖြူမျက်နှာ ဆင်မည်းမကြည့်တော့တာဘဲ ကောင်းပါလိမ့်မယ်။

"မပြောတော့ပါဘူး အစ်ကိုရာ"

"အေး အေး . . . ဒါဆိုလဲ . . . ဒါပဲ"

ကိုစိုးဘက်က ဖုန်းချသွားပါတယ်။ ကျွန်တော်လည်း တယ်လီဖုန်းကို ကိုင်ထားရင်းနဲ့ ငိုင်နေမိတယ်။ ခဏကြာတော့မှ ဖုန်းနံပါတ်တစ်ခုကို ကောက်နှိပ်မိပြန်ပါတယ်။ ဖုန်းမြည်သံကြားနေပေမယ့် အတော်နဲ့ ဖုန်းလာမကိုင်ဘူး။ ဒါနဲ့ သုံးလေးကြိမ်လောက် ထပ်ခေါ်မှ ဖုန်းကိုလာကိုင်တယ်။

"ဟဲလို . . . မိုးတောင် မလင်းသေးဘူး . . . ဘယ်ဒို လူတွေလဲ . . . ဒီမှာ သူများတွေ အိပ်ကောင်းတုန်း"

"စိတ်မဆိုးပါနဲ့ ညီမလေး . . . အစ်ကိုပါ. . ကိုရာဇာပါ"

"ဟင် . . . ကိုကိုကလဲကွာ. . . ကိစ္စရှိလဲ မိုးလင်းမှ ဆက်ပြီးရော . . ."

"သိပ်အရေးကြီးလို့ ညီမလေး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ဟုတ်တယ် ညီမလေး. . . ညီမလေး စိတ်အေးအေးထား တော့ . . . ဟိုပုံတွေကို ကိုကို ဖျက်ဆီးပစ်လိုက်ပြီ"

"ဟင် ဟုတ်လား. . ဝမ်းသာလိုက်တာကိုကိုရယ်. . . ညီမ လေးလေ ကောင်းခန့်ကို အားရပါးရ ဆူပစ်လိုက်တယ်. . . "

"ကောင်းခန့်ဆိုတာ စကားမပီတဲ့ ကောင်လား"

"ဟင်း ဟင်း . . . ဟုတ်ကဲ့ကိုကို. . ဒါပေမယ့် သူက အများကြီး မပီတာ မဟုတ်ပါဘူး . . . ဘဒူဆိုတာရယ် . . . ရှိဆို တာကို စိလို့ မပီတာရယ် . . . အင်း . . . နောက်ပြီး သူများ ဆို တာကို တူများ . . . အဲဒီလောက်လေးပါပဲ . . . အင်း သူက စကား သာ မပီတာ ကိုကိုရဲ့ . . . ချောတော့ချောတယ် . . . ညီမလေး လေ . . သူ့ကိုပဲ ချစ်တယ် . . . သူနဲ့ပဲ လက်ထပ်မယ်နော်ကိုကို"

အင်း ကျွန်တော့်ညီမ မျက်စိကျယ်ပြီးတော့ စကားတွေ များနေပြီ။

"ကိုကို့ကို ညီမလေး ကတိတစ်ခုတော့ပေး"

"ဘာကတိလဲ ကိုကို"

ညီမလေးဆီက သက်ပြင်းချသံ ကြားရပါတယ်။

"ညီမလေးလဲ နောင်တရပါပြီ ကိုကို . . . ကောင်းခန့်လဲ အရမ်းကြောက်သွားတယ် . . . နောက်ကို ညီမလေး အဲဒီလို မဖြစ် စေရဘူးလို့ ကတိပေးပါတယ် . . . အင်း ဒါပေမယ့် ကိုကိုလဲ အဲဒီလို မဖြစ်အောင် နေနော် . . . တော်ကြာ ညီမလေး ကိုကို့မျက်နှာကြီး ကို အင်တာနက်မှာ ကြည့်နေရဦးမယ် ခစ် ခစ်"

"နွေးမ"

"ကိုကို"





"ဟင်"

"ညီမလေးလေ . . . ကိုကို့ကို အရမ်း ကျေးဇူးတင်တယ် . . . ပြီးတော့ အရမ်းချစ်တယ် . . . ဒါပဲနော် ကိုကို. . . ညီမလေး ပြန်အိပ်လိုက်ဦးမယ်"

ညီမလေးဘက်က ဖုန်းချသွားမှ ကျွန်တော်လည်း ဖုန်းကို ပြန်တင်လိုက်မိတော့တယ်။ အဲဒီတော့မှ ကျွန်တော့် မျက်လုံးအိမ် ထဲမှာ မျက်ရည်တွေပြည့်နေတာ သတိထားလိုက်မိပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



(၁၀)

"ငါ ကြားဖူးတဲ့ ဟိုစကားလေး တစ်ခုကို သွားသတိရတယ် ကွာ"

"ဘာစကားလဲ"

"လမ်းမှာ တွေ့ခဲ့သော သစ်ပင်တစ်ပင်တဲ့"

ကျွန်တော် ပြုံးလိုက်မိပါတယ်။ ကြွက်နီဆိုလိုတဲ့ အဓိပ္ပာယ်ကို ကျွန်တော် ချက်ချင်းနားလည်လိုက်ပါတယ်။ တကယ်တော့ လူ့ဘဝဆိုတာ ခရီးသွားနေတာပဲ မဟုတ်လား။ ဒီနေ့ ဒီလူတွေနဲ့၊ ဒီပတ်ဝန်းကျင်နဲ့။ နောက်နေ့မှာ နောက်လူတွေနဲ့ နောက် ပတ်ဝန်းကျင်နဲ့ ချက်ချင်းပြောင်းလဲသွားနိုင်တာပဲ။ လမ်းလျှောက်သွားတဲ့ လူတစ်ယောက်အတွက် ပတ်ဝန်းကျင်မှာ ကြုံခဲ့ရတဲ့ သူတစ်ယောက်ဟာ လမ်းမှာတွေ့ခဲ့သောသစ်ပင်တစ်ပင်ပဲ ဖြစ်ပါလိမ့်မယ်။

ကြာရင် မှတ်တောင်မှတ်မိကြမှာ မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော့်အတွက်တော့ မေမီဟာ လမ်းမှာ တွေ့ခဲ့သော





သစ်ပင်တစ်ပင် ဟုတ်နိုင်ပါ့မလား။ အခုဆိုရင် အဖြစ်အပျက်တွေ ပြီးခဲ့တာ တစ်လပဲ ကျော်လာပြီ။ ကျွန်တော့်နားထဲမှာ မေမီ့အသံကလေးကို ကြားနေတုန်း။ မေမီ့မျက်နှာကလေးကို မြင်နေတုန်း။

အမှန်အတိုင်း ပြောရရင် မေမီ့အပေါ်မှာ မဖြစ်နိုင်မှန်း သိပေမယ့် ကျွန်တော် အချစ်ကြီး ချစ်ခဲ့မိပါတယ်။ မေမီကတော့ ကျွန်တော့်ကို လူလိမ်လူညာ တစ်ယောက်အဖြစ် ရှုမုန်းနေမှာ သေချာပါတယ်။ မိန်းမ တစ်ယောက်ရဲ့ ချစ်ခြင်းမေတ္တာကို ရယူဖို့အတွက် မရှိတဲ့ဂုဏ်ဒြပ်တွေ၊ ပညာတွေနဲ့ လိမ်ညာဖြားယောင်းတတ်တဲ့ ယောကျ်ားတွေ အပြင်လောကကြီးမှာ တကယ်ရှိပါတယ်။

ဒါပေမယ့် ကျွန်တော်ကတော့ အဲဒီလို ရည်ရွယ်ချက်မျိုး မရှိခဲ့ပါဘူး။ မေမီ့ကို ကျွန်တော် အမှန်တကယ် ချစ်ခဲ့ပေမယ့် မေမီ့လို ပြည့်စုံတဲ့ မိန်းကလေးတစ်ယောက်နဲ့ ကျွန်တော် ဘယ်လိုမှ မထိုက်တန်ကြောင်း သိခဲ့ပြီးသားပါ။ ကျွန်တော် သူ့ကို ရည်းစားစကားပြောခဲ့တယ် ဆိုတာကလည်း ကျွန်တော့်စိတ်ကို မထိန်းလိုက်နိုင်လိုက်လို့ ရုတ်တရက်ပြောထွက်သွားတဲ့ စကားပါ။

တကယ်လို့သာ သူမက ကျွန်တော့်ကို ပြန်ချစ်မယ်ဆိုရင်လည်း ကျွန်တော် ရှောင်ထွက်သွားဖို့ စဉ်းစားပြီးသားပါ။

"မင်း သူနဲ့ တွေ့သေးလား ရာဇာ"

"ဟင့်အင်း"

"အေးကွာ . . . မင်းက မင်းနှလုံးသားထဲကို သူ့ကို အဝင်ခံလိုက်တာကိုး . . . ဒါမျိုးက ဘဝချင်းမတူဘူးလေ . . အစကတည်းက မင်းနှလုံးသားကို သော့ခတ်ထားရမှာ . . . အဲဒါဆို သူ ဘယ်လိုမှဝင်လို့ရမှာ မဟုတ်ဘူး . . . အဲဒါဆို မင်း အခုလို ခံစားနေရမှာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘာမှပြန်မပြောမိဘဲ ခြင်ထောင်အမိုးကိုသာ မော့ ကြည့်နေမိပါတယ်။

"အင်း . . . တစ်ခုတော့ ရှိတယ်ကွ. . မင်းရဲ့ နှလုံးသား ထဲကို သူဝင်လာသလို သူ့နှလုံးသားတံခါးကိုလဲ မင်းဝင်သွားသလား တော့ တို့မသိဘူး"

"မင်းစကားတွေက ကဗျာသိပ်ဆန်နေပြီကွ . . ကြွက်နီ ဘာတဲ့ . . နှလုံးသားတံခါး ဟုတ်လား . . . ရယ်ရတယ်ကွာ"

"ဒါ ရယ်စရာ မဟုတ်ဘူးကွ . . . အချစ်ဆိုတာမျိုးနဲ့ ပတ်သက်ရင် စကားလုံးတွေက နုမှ . . ရွှမှကွ . . အဲဒါမှ ခံစားလို့ ကောင်းတာ. . . ငါ့စိတ်ကြိုက်စကားလုံး ရွေးရရင် နှလုံးသားတံခါး လို့တောင် သိပ်မသုံးချင်ဘူး"

"တယ်ဆိုတဲ့ စာပါလား . . လုပ်စမ်းပါဦး"

"နှလုံးအိမ်လို့ပဲ သုံးချင်တယ် . . . အင်း ဟုတ်တယ် . . မေမီရဲ့ နှလုံးအိမ်ကို မင်းက သော့နဲ့ သွားဖွင့်ဖို့ ကြိုးစားတာကိုးကွ"

ကျွန်တော် အသံထွက်ပြီး ရယ်လိုက်ပါတယ်။

"ဟား ဟား သူ့နှလုံးအိမ်ကို ငါ့သော့နဲ့ သွားဖွင့်မိသလား . . . မမိသလားတော့ မသိဘူး. . . သေချာတာကတော့ သူ့အိမ် တံခါးကိုတော့ ငါသွားဖွင့်မိတယ် . . . သူတို့ မီးခံသေတ္တာကိုလဲ ငါဖွင့်ဖို့ ကြိုးစားခဲ့တယ်"

"ခွေးကောင် . . . မင်းဟာက ကဗျာလည်း မဆန် . . စာလည်း မဆန်ဘဲကိုးကွ . . ."

အဲဒီတုန်းမှာပဲ အိပ်ပျော်နေပြီဖြစ်တဲ့ ဝင်းမြင့်ကနေ ယောင်ပြီးပြောလိုက်တဲ့ စကားသံတစ်ချို့ ထွက်လာပါတယ်။

"ကိုကိုရယ်. . . ကိုကိုနေရယ်. . ဟင့် . . ."





"ဟာ ဒီကောင့်ရောဂါကလဲ မသေးဘူးကွ . . မင်းလိုပဲ"

ကျွန်တော်တို့ နှစ်ယောက် ပြိုင်တူ ရယ်လိုက်မိကြပါတယ်။ ရယ်သံတွေဆုံးတော့ အခန်းလေးဟာ ပြန်တိတ်ဆိတ်သွားပါတယ်။ အပြင်ဘက်မှာတော့ မုတ်သုန်မိုးဟာ အငြိုးတကြီးနဲ့ ရွာချနေပါပြီ။ အိမ်ရှေ့ဘက် ပြတင်းပေါက်တွေကို ဖွင့်ထားလို့ မိုးစက်မိုးမှုန်တွေ ဟာ ကျွန်တော့် အိပ်ရာဘက်ဆီကိုတောင် ပျံ့လွင့်လာပါတယ်။

"အင်း . . . လူရဲ့ တန်ဖိုးဟာ ဘာလဲ သိလား ရာဇာ"

"ပြောစမ်းပါဦး"

"ရိုးသားဖြူစင်မှုပဲကွ"

"ဟား ဟား အဲဒီ ရိုးသားဖြူစင်သူတွေထဲမှာတော့ ငါ့ကို မေမီထည့်မှာ မဟုတ်ဘူး . . . ငါ သူ့ကို လိမ်ခဲ့တာကိုးကွ"

"မဟုတ်ဘူးကွ . . . ရိုးသားဖြူစင်မှုဆိုတာ ကိုယ်ကျင့် တရားပိုင်းကို ပြောတာ . . . ဘာပဲဖြစ်ဖြစ် မင်းဟာ ရိုးသား ဖြူစင်တဲ့ကောင် တစ်ကောင်ပါကွာ . . . ဘယ်သူအသိအမှတ် ပြုပြု မပြုပြု ငါပြုတယ် . . . မင်းကို ငါချီးကျူးတယ်"

ကျွန်တော် ပြုံးလိုက်မိပြန်ပါတယ်။

"အင်း . . . မနက်ဖြန် မင်းဘာစားချင်သလဲ ကြွက်နီ . . . ငါ ဝယ်ကျွေးမယ်"

"အောင်မာ . . . ငါ့ဆီကတောင် ပိုက်ဆံပြန်ချေးနေရတဲ့ ကောင်က . . ."

"သူငယ်ချင်း အရင်းကြီးတွေပဲကွာ"

"ဟား ဟား တော်ပြီကွာ . . . အိပ်တော့မယ်"

ကြွက်နီက တစ်ဖက်ကိုလှည့်ပြီး အိပ်ပျော်သွားပါတော့ တယ်။ ကျွန်တော်ကတော့ အိပ်လို့မရသေးတာမို့ အိမ်ရှေ့ခန်းတာ



www.burmeseclassic.com

www.burmeseclassic.com



ကို ထွက်ခဲ့တယ်။ မိုးက စောစောကထက်စာရင် နည်းနည်း စဲသွားပြီ။ လမ်းမမှာ လူခြေအသွားအလာ သိပ်မရှိတော့ဘူး။

ဘာပဲဖြစ်ဖြစ် ကျွန်တော် ကျေနပ်ပါတယ်။ တစ်ခုပဲ စိတ်မကောင်းတာက မေမီတို့သားအဖကို ကျွန်တော် တောင်းပန်ခွင့် မရလိုက်တာကိုပါပဲ။ တယ်လီဖုန်းနဲ့ ဆက်ပြီး တောင်းပန်ဖို့ ဆိုတာကလည်း မရဲဘူး။ အင်းလေ တစ်နေ့နေ့တော့ မေမီ ကို ကျွန်တော် လမ်းမှာတွေ့ခဲ့သော သစ်ပင်တစ်ပင်အဖြစ် သဘောထားနိုင်လိမ့်မယ် ထင်ပါတယ်။



(၁၁)

ကားလေးရဲ့ အနားမှာ ကုန်းကုန်းကွကွ လုပ်နေတဲ့ လူတစ်ယောက်ကို တွေ့ရပါတယ်။ သူက တံခါးရွက်ကို ပုတ်တယ်။ မှန်တံခါးကို လက်နဲ့ ပုတ်တယ်။ ပြီးတော့ သူ့အိတ်ထဲက သော့တံတချို့ကို ထုတ်ယူပြီး ကားသော့ကို ဖွင့်ဖို့ ကြိုးစားပါတော့တယ်။ အဲဒီတုန်းမှာပဲ ကျွန်တော်က သူ့အနီးရောက်သွားတယ်။ သူက ကျွန်တော့်ကို ဖျတ်ခနဲ မော့ကြည့်တယ်။

"ဟင် . . အန်ကယ်"

ဟုတ်ပါတယ်။ အဲဒီလူကြီးဟာ ဆရာဝန်ကြီး ဒေါက်တာဦးကောင်းမြတ်ပါပဲ။ သူကလည်း ကျွန်တော့်ကို ကောင်းကောင်း မှတ်မိပါတယ်။

"ရာဇာ"

"အန်ကယ့်ကားတံခါး ဖွင့်မရဘူး ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွ. . အသက်ကြီးလာတော့လဲ သတိက မကောင်းတော့ဘူးကွာ . . . သတိထားနေတဲ့ကြားကပဲ ကားသော့ အထဲမှာ ကျန်ခဲ့တယ်"

"ခဏလေး အန်ကယ် . . . ကျွန်တော် ကြည့်လိုက်ဦးမယ်"

ကျွန်တော် သူ့ကားသော့ကို စစ်ဆေးကြည့်လိုက်ပါတယ်။ သိပ်အခက်အခဲမရှိဘဲ ဖွင့်နိုင်မယ့် သော့ဖြစ်လို့ ကျွန်တော့် အိတ်ထဲက ပစ္စည်းကိရိယာလေးတွေရဲ့အကူအညီနဲ့ သူ့ကားတံခါးကို ဖွင့်ပေးလိုက်မိပါတယ်။

"အင်း . . . တော်တယ် . . . ဒါပဲကွ. . . ကျွမ်းကျင်ရာလိမ္မာဆိုတာ . . ကျေးဇူးပဲကွာနော် . . ကဲ . . အန်ကယ် သွားမယ်"

အဘိုးကြီးက စကားခပ်တိုတိုပဲ ပြောပြီး ကားပေါ်တက်ထိုင်ပါတယ်။ ပြီးတော့ ကားကို ခပ်ဖြည်းဖြည်း မောင်းထွက်သွားတယ်။ ဒါပေမယ့် ခပ်လှမ်းလှမ်းလောက်လည်းရောက်ရော ကားကို ကျွန်တော့်ဆီ ခပ်ဖြည်းဖြည်း ပြန်ဆုတ်လာပါတယ်။

"မင်း ဘယ်သွားမလို့လဲ . . . လာ ကားပေါ်တက်"

"ရပါတယ် အန်ကယ် . . . ကျွန်တော် ဘတ်စ်နဲ့ပဲ သွားပါမယ်"

"လာပါကွ . . မင်းနဲ့ စကားပြောစရာလေးတွေ ရှိတယ်"

ကျွန်တော်လည်း မငြင်းသာတော့ဘဲ သူ့ဘေးက ခုံမှာဝင်ထိုင်လိုက်တယ်။ အဲဒီတော့မှ သူက ကားကို ခပ်ဖြည်းဖြည်းမောင်းထွက် တယ်။

"မင်း ဘယ်သွားမှာလဲ"

"အိမ်တစ်အိမ်ရဲ့ တံခါးသော့ကို သွားပြင်ပေးမလို့"

"မင်း ညီမလေးက. ငါ့တပည့်ပဲကွ"





"ဟုတ်ကဲ့ အန်ကယ်"

"ရွှေစင် . . . ရွှေစင်ကတော်တယ်ကွ. . . ဉာဏ်ကောင်းတယ် . . . ဆရာဝန်ကောင်းတစ်ယောက်ဖြစ်နိုင်တယ် . . . အင်း ဘာပဲဖြစ်ဖြစ် မင်းရဲ့ရိုးသားမှုကိုတော့ ငါချီးကျူးပါတယ်ကွာ"

ကြွက်နီဆီက စကားမျိုး အဘိုးကြီးဆီက ကြားလိုက်ရလို့ ကျွန်တော် ပြုံးလိုက်မိပါတယ်။

"ကျွန်တော် အန်ကယ်တို့ကို လိမ်ညာခဲ့မိပါတယ်"

"မဟုတ်ဘူးကွ . . . မင်း ငါ့ကိုလိမ်တာ ငါ့မှာ ဘာမှ မထိခိုက်ဘူး . . ဆေးကျောင်းသားမဟုတ်ဘဲ ဆေးကျောင်းသားဆိုပြီး ငါ့ဆီက ဘာမှ မင်း အမြတ်မထုတ်ခဲ့ဘူး . . . . နောက်ပြီး မင်း ရိုးသားဖြူစင်ခဲ့လို့ ငါ့ဆီက စိန်ကြီးကို ခိုးမယ့်လူတွေကိုလည်း ဖမ်းနိုင်ခဲ့တယ်။ တကယ်လို့သာ မင်းက ဒုရဲအုပ် ကိုစိုးနဲ့ မဆက်သွယ်ခဲ့ဘူးဆိုရင် အခုအချိန်လောက်ဆို ငါ့စိန်ကြီးလည်း ဟိုကောင်တွေ လက်ထဲပါသွားလောက်ပြီ . . . ငါ့မိန်းမလည်း . . . "

"ဟာ . . . အန်ကယ်. . . ကျွန်တော် အန်တီ့ကို မရိုးမသားစိတ်နဲ့ မ . . . . "

"ငါ သိပါတယ်ကွာ . . . မင်းခမျာ . . . ဟား ဟား လုပ်တောင်မလုပ်ရဲဘူး . . . အင်း ငါဆိုလိုတာက မင်းတို့သာ မီးခံသေတ္တာတံခါးဖွင့်လို့မရရင် ဓားပြတိုက်ကြတော့မှာ မဟုတ်လား. . အဲဒါဆို ငါ့မိန်းမလဲ အသက်အန္တရာယ်ရှိတယ်လေ . . ဘာပဲဖြစ်ဖြစ် ကျေးဇူးတော့တင်ထိုက်တယ်ကွ"

ကျွန်တော် သူ့ဘက်ကို လှည့်လိုက်တော့ သူက ကျွန်တော့်ဘက်ကိုလှည့်ပြီး ပြုံးပြနေတယ်။

"ရိုးသားဖြူစင်မှုဟာ ချစ်စရာကောင်းတယ်ကွ . . ကြော်



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ မင်း ဇာတ်တော်ထဲက ငဆွံ့အကြောင်း ကြားဖူးလား . . ”

“မကြားဖူးပါဘူး အန်ကယ်”

“ဒီလိုကွ . . . ဇာတ်တော်ရဲ့နာမည်နဲ့ အသေးစိတ်ကို တော့ ငါ သိပ်မမှတ်မိဘူး . . . ဒီတော့ ဇာတ်ကြောင်းလောက်ကိုပဲ ပြောပြမယ် . . . တစ်ခါကပေါ့ကွာ . . . ရွာတစ်ရွာမှာ ငဆွံ့ ဆိုတဲ့ ကောင်လေး တစ်ယောက်ရှိတယ်. . ခြေလက်လေးတွေက ဆွံ့နေ ရှာတယ်. . . တစ်နည်းအားဖြင့် ပြောရရင် လူစဉ်မမီဘူးပေါ့ကွာ . . . ဒါပေမယ့် အဲဒီကောင်လေးဟာ လေးခွပစ်တာတော့ အံ့မခန်း တော်တယ်ဆိုပဲ . . . တစ်နေ့တော့ သူ့သူငယ်ချင်းတွေနဲ့ ရွာနားက ညောင်ပင်ကြီးအောက်မှာ လေးခွတွေ ကိုယ်စီနဲ့ ဆော့နေကြသတဲ့ . . . ငဆွံ့လေးက လေးခွပစ်ကျွမ်းတော့ ညောင်ရွက်တွေကို လေးခွ နဲ့ ပစ်ချတဲ့အခါ ကျွဲရုပ်ပုံ . . . ဆင်ရုပ်ပုံ. . . မြင်းရုပ်ပုံ . . . စသဖြင့် အဲဒီလို ပုံသဏ္ဍာန်ပေါ်အောင် ပစ်နိုင်စွမ်းရှိတယ် . . . အဲဒီလို သူတို့ဆော့ကစားနေတုန်း ဘုရင်ကြီးက တိုင်းခန်းလှည့် လည်ရင်း အဲဒီရွာနား ရောက်လာတယ်. . . စစ်သားတွေ စစ်သည် တွေကို ကလေးတွေမြင်တော့ ကြောက်ပြီး ထွက်ပြေးကြတာပေါ့ . . . ဒါပေမယ့် ငဆွံ့လေးခမျာမှာတော့ သူများကလေးတွေလို ထွက်မပြေးနိုင်ရှာဘဲ အဲဒီနားမှာတင် ပုန်းနေရရှာသတဲ့ . . . ဘုရင်ကြီးလဲ ညောင်ပင်ကြီး အောက်ရောက်ရော . . . မြေပြင်မှာ ပြုတ်ကျနေတဲ့ ကျွဲရုပ်၊ ဆင်ရုပ်၊ မြင်းရုပ်သဏ္ဍာန် ညောင်ရွက်တွေ ကို တွေ့တော့ အံ့သြသွားသတဲ့ . . . ဒါဟာ သဘာဝအတိုင်းတော့ မဖြစ်နိုင်ဘူး . . . အံ့ဖွယ်သူရဲ . . . လက်အလွန်ဖြောင့်တဲ့ လူတစ် ယောက်ရဲ့ လက်ချက်ပဲဖြစ်ရမယ်လို့ တွေးပြီး လက်ရာရှင်ကို ရှာခိုင်း တဲ့အခါ ပုန်းနေတဲ့ ငဆွံ့လေးကို သွားတွေ့ကြသတဲ့ . . . ဒီတော့မှ





ဘုရင်ကြီးက ငဆွံ့လေးကို ဒီဟာတွေ မင်းပစ်ထားတာလားလို့ မေး လိုက်တော့ ငဆွံ့လေးက သူပစ်ထားကြောင်းဝန်ခံတယ် . . . အဲဒါနဲ့ပဲ ဘုရင်ကြီးက ငဆွံ့လေးကို နန်းတော်ကို ခေါ်သွားတယ် . . . နန်းတော်ထဲမှာလဲ အဲဒီအချိန်က ဟောင်ဖွာ ဟောင်ဖွာလုပ် တတ်တဲ့ . . . စကားအလွန်များတဲ့ အမတ်ကြီး တစ်ယောက်ရှိ တယ်တဲ့ . . . ဘုရင်ကြီးက အဲဒီ အမတ်ကြီးကိုဆုံးမဖို့ ငဆွံ့လေး ကို ခေါ်သွားတာ . . ဒါနဲ့ပဲ နန်းတော်ထဲရောက်တဲ့အခါ ဘုရင်ကြီး က နန်းတော်ရဲ့ ကန့်လန့်ကာအကွယ်မှာ အပေါက်ဖောက်စေပြီး ဆိတ်ချေးတစ်ပြည်နဲ့ လေးခွတစ်လက်နဲ့ ငဆွံ့လေးကို ကန့်လန့် ကာ နောက်ကွယ်မှာ နေစေတယ် . . ညီလာခံလည်း စ,ရော အဲဒီ စကားအလွန်များတဲ့ အမတ်ကြီးက စကားများပါ လေရော . . . ငဆွံ့လေးကလည်း အဲဒီအမတ်ကြီး ပါးစပ်ဟ,တာနဲ့ ဆိတ်ချေးတုံးကို လောက်စာလုံးလုပ်ပြီး အမတ်ကြီး ပါးစပ်ထဲကို လေးခွနဲ့ ပစ်,ပစ် ထည့်သတဲ့”

ကျွန်တော် ရယ်လိုက်တဲ့အခါ အဘိုးကြီးကလည်း လိုက် ရယ် တယ်။

“အင်း . . . အဲဒီလို ပစ်,ပစ်ထည့်တော့ အမတ်ကြီးက လည်း ပြောလက်စ, စကားမပြတ်ရအောင် အဲဒီ ဆိတ်ချေးကို မြို ချပြီး . . . ဟား ဟား . . . စကားဆက်ပြောသတဲ့. . သူကလဲ စကားပြောချင်ဇောနဲ့ပြော . . အဲဒီအခါ ပါးစပ်ဟ,တိုင်း ငဆွံ့လေး ကလဲ ဆိတ်ချေးတုံးကို လေးခွနဲ့ ပစ်,ပစ်ထည့်သတဲ့. . . ဒါနဲ့ပဲ ဆိတ်ချေးတစ်ပြည်လဲကုန်ရော ဆိုပါတော့ကွာ . . . ဒီတော့မှ အမတ်ကြီးလဲ ပျို့တက်လာပြီး ထိုးအန်လိုက်မှ ဆိတ်ချေးတွေ ပါးစပ် က ပြန်ထွက်လာလို့ ညီလာခံမှာ အရှက်ကွဲရသတဲ့ . . . အေး



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့ကစပြီး အဲဒီ စကားများတဲ့ အမတ်ကြီးလဲ ဟောင်ဖွာ ဟောင်ဖွာမလုပ်တော့ဘဲ ပုံမှန်အတိုင်း ဖြစ်သွားတော့သတဲ့ . . . အဲဒီတော့မှ ဘုရင်ကြီးကလည်း အံ့ဖွယ်သူရဲ . . . လေးခွပစ်ပညာမှာ ထူးချွန်ပြောင်မြောက်တဲ့ ဆွဲ့လေးကို ဆုတော်လာဘ်တော်တွေပေးပြီး . . . အောင်မာ . . . ရွာတစ်ရွာတောင် အပိုင်ပေးသေးဆိုပဲ"

ကျွန်တော် ပြုံးတော့ သူလည်း လိုက်ပြုံးပါတယ်။

"ကြည့်စမ်း . . . တို့အနေနဲ့ ကြည့်ရင် လေးခွပစ်တဲ့ အတတ်ဟာ ဘာမှအထင်ကြီးစရာ မရှိဘူး . . . ပညာလို့တောင် မထင်ရဘူး. . . ဒါပေမယ့် အဲဒီပညာကို ဆွဲ့လေးက အံ့မခန်း ထူးချွန်တော့ သူ့ဘဝဟာ ကြီးပွားတိုးတက်သွားတယ် . . . တကယ်တော့ကွာ . . . လောကကြီးမှာ ဘယ်ပညာကမှ ပိုပြီး ကောင်းတယ် ဆိုတာ မရှိပါဘူး . . . လူတွေကို တိုက်ရိုက် အကျိုးပြုတဲ့ ပညာတွေသာ လူတွေက ကောင်းတယ်ထင်နေကြတာ . . . ဆပ်ကပ်တွေထဲက ထူးချွန်နေတဲ့လူတွေ မင်းတွေ့ဖူးလား . . . တချို့ဆို ပန်းကန်ပြားတွေ ဆယ်ချပ်လောက်ကို လေထဲပစ်မြှောက်ပြီး တစ်ချပ်မှကျ မကွဲအောင် ကစားပြတယ် . . . ဒါလဲ အံ့ဖွယ်သူရဲ အတတ်ပညာပဲ . . . ဘာပဲဖြစ်ဖြစ် သူတို့ရဲ့ ပညာကို လေးစားလို့ . . . အံ့သြကြလို့ ဆပ်ကပ်တွေကို လူတွေ သွားကြည့်ကြရတာပဲ"

အဘိုးကြီး စကားကို အတော်ကြာကြာ ပြောနိုင်တာပဲ။ ကျွန်တော်တော့ ဆွဲ့လေး တစ်ယောက်ရှာဖို့ လိုပြီထင်တယ်။ ရယ်စရာအနေနဲ့သာ ကျွန်တော်စဉ်းစားမိတာပါ။ တကယ်တော့ သူ ပြောချင်တဲ့ အဓိပ္ပာယ်ကို ကျွန်တော် ရိပ်မိပါတယ်။

"မင်းဆိုလည်း ကြည့် . . . သော့နဲ့ ပတ်သက်ရင် အတော်





ကို ကျွမ်းတယ် . . . ဒါပေမယ့် လူကလေး . . . ကြီးပွားချမ်းသာဖို့ ဆိုတာ တစ်ခါတစ်ရံမှာ ကိုယ့်ဘာသာကိုယ် ဖန်တီးယူရတာကွ . . . ပညာချည်းပဲ အားကိုးနေလို့ မရဘူး . . . ဒီတော့ အန်ကယ် တစ်ခုစဉ်းစားနေတာရှိတယ် . . . ဒီလိုကွ . . . အန်ကယ်လည်း ပင်စင်နီးနေပြီ . . . အဲဒီတော့ ကုမ္ပဏီလေး တစ်ခုလောက် ထောင်မလားလို့ စဉ်းစားနေတယ်"

သူ ဘာကိုဆိုလိုပြန်ပြီလဲ။ အဘိုးကြီးက ဆက်ပြောပါတယ်။

"မီးနဲ့ အထွေထွေ လုံခြုံရေး ဝန်ဆောင်မှု ကုမ္ပဏီမျိုးပေါ့ကွာ"

ကျွန်တော် အံ့သြသွားပါတယ်။

"မီးနဲ့ပတ်သက်ရင်လည်း မင်းက ကိုယ်တိုင် မီးဘေးဒုက္ခသည်ဖြစ်ဖူးတော့ အပြင်လူတစ်ယောက်ထက် ပိုသိမယ်. . ဥပမာပေါ့ကွာ . . . မီးသတ်ဆေးဘူးနဲ့ မီးအန္တရာယ်ကာကွယ်ပေးမယ့် ကိရိယာတွေ . . . အစီအစဉ်တွေ . . . အဲဒီလိုပဲ . . ကုမ္ပဏီတွေရဲ့ လုံခြုံရေးကိစ္စတွေကိုလည်း. . . တို့က ဝန်ဆောင်မှုပေးမယ်ကွာ . . အသေးစိတ်တော့ ငါလည်း သိပ်မသိဘူး . . . အဲဒါမျိုးတွေ မင်း ခေါင်းဆောင်ပြီး လုပ်နိုင်မလား"

"ကျွန်တော် ကျွမ်းကျင်တာကတော့ သော့ပဲ အန်ကယ်"

"တိုက်ရိုက် မဟုတ်ပေမယ့် . . သွယ်ဝိုက်ပြီး ပတ်သက်နေတဲ့ လုပ်ငန်းမျိုးပဲ . . . လုပ်ပဲကွာ . . . ကြိုးစားရင်တော့ ဖြစ်ကို ဖြစ်ရမှာပဲ မဟုတ်လား"

"ဟုတ်ကဲ့ . . . အဲဒါ ဆိုရင်တော့ ဖြစ်နိုင်ပါတယ်"

" May be လား . . . Must be လား . . . "

"ဟုတ်ကဲ့ . . . Must be ပါ"



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးရဲ့ မျက်နှာမှာ အပြုံးရိပ်ကလေး ပေါ်သွားပါတယ်။ အဲဒီတုန်းမှာပဲ အဘိုးကြီးရဲ့ လက်ကိုင်ဖုန်းလေးဟာ အသံမြည်လာပါတော့တယ်။

"အင်း . . . ပြော . . . သမီးလား . . သြော် . . . သမီး အမေနဲ့သွားပေါ့ . . . ဈေးဝယ်တာလေးများ သမီးရယ် . . . ဖေဖေ လိုက်မပို့လဲ ဖြစ်တာပဲ . . . သမီး သူငယ်ချင်းတွေ မအားကြဘူးလား . . . ဘယ်လို . . . မအားကြဘူး ဟုတ်လား . . . ဒါဆို သူတို့အားတဲ့ အချိန်မှသွားပေါ့ . . . ဟာ . . . သမီးကလည်း . . . ဖေဖေ့မှာ အရေးကြီးတဲ့ကိစ္စလေး တစ်ခုရှိလို့ . . . နေဦးနော် . . . ဟေ့ကောင် . . . မင်း အခုအားလား"

"ဟုတ် . . . ဟုတ်ကဲ့"

"ဒါဆို အတော်ပဲ . . . ဒီလိုလုပ် သမီးရေ . . . အခု သမီး ဘယ်မှာလဲ . . . သင်တန်းမှာ ဟုတ်လား . . ဟုတ်ပြီ . . ဟုတ်ပြီ . . . ဖေဖေ သမီးဆီကို လာခဲ့မယ် . . . ဒါပဲနော် . . ဖုန်းချလိုက်တော့မယ် . . . သြော် . . . ဟေ့ကောင် . . . မင်း ကားမောင်းတတ်တယ် မဟုတ်လား. . ."

"ဟုတ် . . . ဟုတ်ကဲ့"

"လိုင်စင်ရော ရှိသလား"

"ဟုတ် . . . ဟုတ်ကဲ့"

"ငါ့သမီး ကွန်ပျူတာ သင်တန်းနားကျ ငါဆင်းနေခဲ့မယ် . . . မင်း ကားမောင်းသွားပြီး ငါ့သမီးကို ရွှေ့ပင်းစင်တာ လိုက်ပို့လိုက် . . . ကြားလား"

"ဟုတ် . . . ဟုတ်ကဲ့ . . . ဟို . . . ဟိုဒင်း အန်ကယ်က ရော ဘာနဲ့သွားမှာလဲ ခင်ဗျ"





"ငါတော့ တက္ကစီနဲ့ပဲ သွားတော့မယ်"

"ဟုတ်ကဲ့ . . . အဲဒါ ကောင်းပါတယ်"

"ဘာကွ . . တက္ကစီနဲ့သွားရတာ ကောင်းတယ် ဟုတ်လား"

"မဟုတ်ပါဘူးခင်ဗျ . . . တက္ကစီနဲ့ သွားတာဟာ ဘတ်စ်ထက် ပိုကောင်းတယ်လို့ ပြောတာပါ"

"ခွေးကောင်"

ကွန်ပျူတာသင်တန်းနား ရောက်တော့ အဘိုးကြီးက ကားကိုရပ်ခိုင်းပြီး တက္ကစီတစ်စီးနဲ့ ဆက်ထွက်သွားပါတယ်။ ကျွန်တော် သင်တန်းရှေ့ရောက်တော့ မေမီက ကားဆီကို ကသောကမျော ပြေးလာပါတယ်။ ပြီးတော့ ကျွန်တော့ကိုလည်းတွေ့ရော မျက်နှာ ပျက်သွားတယ်။

"ဖေဖေရော . . ."

"အရေးကြီးလို့ဆိုပြီး တက္ကစီနဲ့ သွားပြီ . . . ကဲ . . . ကားပေါ်တက် . . . ဘယ်ရွှေ့ပင်းစင်တာ ပို့ပေးရမလဲ"

"ဖေဖေတို့ကတော့ လုပ်ချလိုက်ပြန်ပြီ . . . သူ လိုက်မပို့နိုင်ဘူးဆိုလည်း ပြတ်ပြတ်သားသား ပြောလိုက်တာ မဟုတ်ဘူး . . . အရေးထဲ အိမ်ကကားကလည်း ဝပ်ရှော့ပို့ထားတာ မပြီးသေးဘူး . . . စိတ်ညစ်တယ် . . ."

"ကဲပါ . . . ညစ်မနေပါနဲ့ . . . ကားပေါ်တက်"

သူမ ဘာမှ ဆက်မပြောတော့ဘဲ နောက်ခန်းမှာ ဝင်ထိုင်တယ်။ ကျွန်တော်နဲ့ ဘေးချင်းယှဉ်မထိုင်ချင်တဲ့သဘော။ ကျွန်တော် ကားကို ညင်ညင်သာသာပဲ မောင်းထွက်ခဲ့တယ်။ မေမီကတော့ နှုတ်ခမ်းကို စူထားပြီး ဘေးပြတင်းကနေ အပြင်ကိုငေးနေတယ်။

"မေမီ"



www.burmeseclassic.com

www.burmeseclassic.com



သူမ ဘာမှ ပြန်မထူးဘူး။

"တို့လိမ်ခဲ့တာအတွက် တောင်းပန်ပါတယ်"

"လိမ်တာကို လုံးဝ ခွင့်မလွှတ်ဘူး"

"တို့ . . . မေမီ့ကို ချစ်ခွင့်ပန်ခဲ့ပေမယ့် မေမီ့ဆီက ပြန်လာမယ့် အဖြေကို တို့ရှောင်မလို့ စဉ်းစားပြီးသားပါ"

"ဘယ်လို . . ."

"ဘဝချင်းက လုံးဝမတူဘူး မဟုတ်လား . . တို့က ဆင်းရဲသား . . . ဘာဂုဏ်ဒြပ်မှလည်း မရှိဘူး . . . ရည်းစား စကားပြောမိတာကလည်း တို့စိတ်ကိုတို့ မထိန်းလိုက်နိုင်လို့ပါ . . . အဲဒီအတွက် တောင်းပန်ပါတယ်"

"မေမီကတော့ အဆင့်အတန်းတွေ ဂုဏ်ဒြပ်တွေ သိပ်စဉ်းစားတာ မဟုတ်ဘူး . . . ဆေးကျောင်းသားဆိုပြီး လိမ်ခဲ့တာတစ်ခုကိုတော့ အတော့်ကို အမြင်ကပ်တယ်"

"ကတ်ပါ မေမီ . . . ကတ်ပါ . . . တို့ကို လုံးဝ ခွင့်မလွှတ်ပါနဲ့ . . . တို့ဟာ ရိုးသားမှု လုံးဝမရှိတဲ့ကောင်ပါ"

"အို . . . အဲဒီလိုတော့လဲ မဟုတ်ဘူး . . . ဆေးကျောင်းသားလို့ လိမ်တာကလွဲရင် ကျန်တာအားလုံးတော့ ရိုးသားပါတယ်"

"ဒါပေမယ့် လူလိမ်ဆိုရင်တော့ ရိုးသားတဲ့လူလို့ မပြောနိုင်ဘူး"

"ပြောနိုင်တယ် . . . ပြောနိုင်တယ် . . . ဒုရဲအုပ်ကိုစိုးကလည်း ပြောတယ် . . . ကိုရာဇာဟာတဲ့ အရမ်းကိုယ်ကျင့်တရားကောင်းတာပဲတဲ့ . . . သူ့ပညာနဲ့ ရာဇဝတ်မှုကျူးလွန်ပြီး ငွေရှာမယ်ဆို . . . အခုလောက်ဆို ဒီကောင် သူဌေးဖြစ်နေပြီတဲ့ . . . ဒါပေမယ့် ဒီကောင် အရမ်းရိုးသားတယ်တဲ့"





အဲဒီတုန်းမှာပဲ မိုးတွေ ရွာချလာတယ်။ ကျွန်တော်လည်း ကားရေသုတ်တံကို ဖွင့်လို့ စကားစပြတ်သွားတယ်။ ခဏကြာတော့ ရှော့ပင်းစင်တာကို ရောက်သွားရော။ ဟိုးတစ်ခါ သူနဲ့ ကျွန်တော် အတူသွားဖူးတဲ့ ရှော့ပင်းစင်တာ။ ကျွန်တော်လည်း ကားပါကင်မှာ ကားကိုရပ်လိုက်တယ်။ မေမီကတော့ ကားရပ်တာနဲ့ သူမရဲ့ ခေါက်ထီးသေးသေးလေးကိုထုတ်ပြီး အောက်ကိုဆင်းတယ်။

ကျွန်တော်ကတော့ သော့ပိတ်ပြီးတာနဲ့ ထိုင်ခုံကို နောက်ကိုနည်းနည်းလှန်ချပြီး စိတ်အေးလက်အေးနဲ့ ကားပေါ်မှာပဲ စောင့်နေဖို့ ပြင်လိုက်မိပါတယ်။

"လာလေ . . . ဘာလုပ်နေတာလဲ . . . တစ်ယောက်တည်း ဈေးဝယ်ရမှာ ပျင်းစရာကြီး . . ."

ဒီတော့မှ ကျွန်တော်လည်း ကားတံခါးပိတ်ပြီး သူ့ထီးအောက်ထဲသွားဝင်ရတယ်။ မိုးစက်မိုးပေါက်တွေက ထီးပိတ်သားပေါ်ကို ခပ်ပြင်းပြင်းကျနေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## (၁၂)

"ချစ်တာကိုတော့ အပြစ်မတင်ပါဘူး . . . အပျိုလူပျိုပဲ . . . ချစ်ချင်ရင် ချစ်ခွင့်ရှိတာပဲ . . ."

"ချစ်လို့ လိမ်မိတာကျတော့ အပြစ်ရှိတယ်ပေါ့"

"အင်း"

"ဂုဏ်ဒြပ်မတူတာ ကျတော့ရော အပြစ်ရှိလား"

"ဟင့်အင်း"

"သူများတွေကျတော့ အဲဒီလို မဟုတ်ဘူး . . . ဂုဏ်ဒြပ်တွေကိုပဲ ရှေ့တန်းတင်ကြတယ်"

"မေမီတို့ မိသားစုကတော့ အဲဒါကို ရှေ့တန်းမတင်ပါဘူး . . . ဖေဖေကဆို ကိုယ်ကျင့်တရားကိုပဲ သိပ်ရှေ့တန်းတင်တယ် . . . မေမီ့ကို ဆိုရင်သဲလေ . . . ကိုယ်ကျင့်တရားကောင်းဖို့ပဲ အမြဲဆုံးမတယ် . . . သူငယ်ချင်းတွေ ပေါင်းရင်လဲ ဆင်းရဲရင် ဆင်းရဲပါစေတဲ့ . . . ကိုယ်ကျင့်တရား ဖြူစင်တဲ့သူကိုပဲ ပေါင်းတဲ့"





"ကိုကို့အတွက်တော့ အတော်အားရှိစရာ စကားပဲ"

"ဘာကိုကိုလဲ . . ဟင်း . . . ရှက်စရာ . . . သူမို့ မရှက်တယ်"

"မေမီက ကိုကို့ညီမရွှေစင်နဲ့ ရွယ်တူပဲဟာ . . ဒါကြောင့် ကိုကိုလို့ သုံးလိုက်တာ"

"သော့ပြင်တဲ့ အလုပ်ကို အထင်မသေးပေမယ့် . . . အဲဒါကြီးကိုတော့ စီးပွားရေးတစ်ခုအနေနဲ့ မလုပ်စေချင်ဘူး"

"အလုပ်ပြောင်းလုပ်မလို့ . . ဘာတဲ့ . . မီးနှင့် အထွေထွေလုံခြုံရေးဝန်ဆောင်မှု ကုမ္ပဏီဆိုပြီးလေ . . ."

"တော်ပါ . . အဲဒါ ဖေဖေ့အကြံအစည်တွေ . . . အားလုံး မေမီသိနေတယ်"

ကျွန်တော် ရယ်လိုက်မိပါတယ်။ ပြီးတော့မှ ချောမောလှပတဲ့ မေမီ့မျက်နှာလေးကို ကျွန်တော် ငေးကြည့်လိုက်ပါတယ်။

"နှလုံးအိမ်တံခါးကို ဖွင့်မလို့ ကြိုးစားနေတာ ကြာပြီ . . . ဘာဖြစ်လို့ ခုအထိ မပွင့်သေးတာလဲ မသိဘူး"

"ရှင်"

မေမီက ကျွန်တော့်စကားကို သဘောမပေါက်ပါဘူး။ ဒါပေမယ့် ကျွန်တော်ကလည်း သူမကို ပြန်ရှင်းပြဖို့ မကြိုးစားမိဘဲ ကိုယ်ပြောချင်ရာကိုပဲ ပြောချလိုက်ပါတယ်။

"ရိုးရိုးတံခါးသော့ဆိုရင်တော့ မာစတာကီးနဲ့ တွေ့နေပြီ . . . အင်း . . . အခုလည်း မာစတာကီးကို သုံးရမလား မသိဘူး"

"ဘာတွေ ပြောနေတာလဲ . . . မေမီတစ်ခုမှ နားမလည်ဘူး"

"ဂုဏ်တွေ ဒြပ်တွေဟာ မေမီ့အတွက် အရေးမကြီးဘူး



www.burmeseclassic.com

www.burmeseclassic.com



ဆိုပေမယ့် . . . ကိုကိုကတော့ မေမို့ကို အရမ်းချစ်လွန်းလို့ အဲဒါကို ခဏခဏ စဉ်းစားနေရတယ် . . . ဒီတော့ မီးနှင့် အထွေထွေ လုံခြုံရေးဝန်ဆောင်မှုကုမ္ပဏီ စ,ဖွင့်ဖြစ်တော့မှ ကိုကို့ရဲ့ မာစတာ ကီးကို သုံးတော့မယ်နော်"

"ဘာတွေလဲ . . ."

"ဪ . . . အဲဒီလို ကိုကို့အနေအထားလေး . . . အများအမြင်မှာ တင့်တယ်လာတော့မှ မေမို့နှလုံးအိမ်ကို ကိုကို့ မာစတာကီးနဲ့ ဖွင့်တော့မယ်လို့ ပြောတာ"

"သွား . . . အဟုတ်မှတ်လို့ နားထောင်နေတာ"

နုညက်နေတဲ့ ပါးပြင်နုနုမှာ နှင်းဆီသွေး ပြေးသွားပါတယ်။ ချစ်သူရဲ့ရှက်သွေးပိုသွားတဲ့ သဏ္ဌာန်လေးကို ကျွန်တော် အမြတ်တနိုးငေးကြည့်နေမိပါတယ်။ ဆိုင်တစ်ဆိုင်လုံးမှာ ကျွန်တော်တို့ နှစ်ယောက်တည်းသာ ရှိတော့သလို ခံစားလိုက်ရတယ်။ မျက်လုံးချင်းအဆုံမှာ ပြုံးယောင်ယောင်ဖြစ်သွားတဲ့ သူမရဲ့နှုတ်ခမ်းလေးဟာ သက်ရှိပန်းချီကားတစ်ချပ်နှယ် ဖြစ်ပါတယ်။

အဲဒီတော့မှ ကျွန်တော် ရင်တွေခုန်နေတာ သတိပြုလိုက်မိတယ်။

ကိုငြိမ်းဦး
၁၆-၁-၀၉

www.burmeseclassic.com